http://www.dhammadownload.com

သာမဏေကျော်

ဆွမ်းအလှူ



DESIGN


558513

သာမဏေကျော်

ဆွမ်းအလှူ

သာမဏေကျော်

# ဆွမ်းအလှူ



http://www.dhammadownload.com

သာမဏေကျော်

# ဆွမ်းအလှူ

http://www.dhammadownload.com

# ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက် ❖ ၃၂၀၀၉၄၀၆၀၂

မျက်နှာဖုံးခွင့်ပြုချက် ❖ ၃၂၀၁၇၁၀၆၀၃

အုပ်ရေ ❖ ၁၀၀၀

တန်ဖိုး ❖ ၆၀၀

ပုံနှိပ်ခြင်း ❖ ၂၀၀၆ ခုနှစ်၊ ဇွန်လ
ပထမအကြိမ်

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် ❖ ဦးအောင်ထက် (၀၈၀၀၃)
အောင်ပါရမီပုံနှိပ်တိုက်
အမှတ်-၁၂၇၊ အခန်း-၃၊ ၅၂-လမ်း
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ ❖ ဦးကျော်ဟင်း (၀၉၁၀)
ယုံကြည်ချက်စာပေ
အမှတ် (၁၁၁)၊ ၃၃-လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းဖလင် ❖ ကိုမြင့်သူ

မျက်နှာဖုံးဒီဇိုင်း ❖ ကိုအောင်လွင်

http://www.dhammadownload.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ဆွမ်းအလှူ | ၅ |
| ၂။ | အရှင်ပိလိန္ဒဝစ္ဆမထေရ် ရခဲ့တဲ့ ဆွမ်းအကျိုးများ | ၇ |
| ၃။ | အလှူခံအလိုက် အကျိုးပေးကွာခြား | ၁၀ |
| ၄။ | သံဃိကဒါန | ၁၃ |
| ၅။ | ဝေလာမအလှူကြီးထက် သာလွန်တဲ့အလှူများ | ၁၇ |
| ၆။ | ပုဂ္ဂလိကအလှူနဲ့ သံဃိကအလှူ | ၁၉ |
| ၇။ | ဆွမ်းတစ်ဇွန်းအလှူနဲ့ နှစ်ပေါင်းတစ်သောင်းအလှူကြီး | ၂၂ |
| ၈။ | သာသနာတွင်းအလှူနဲ့ သာသနာပအလှူ | ၂၄ |
| ၉။ | သူဌေးဖြစ်စေတဲ့ ဆင်းရဲသားအလှူ | ၃၀ |
| ၁၀။ | အငတ်ဘေး ကင်းဝေးစေတဲ့အလှူ | ၃၈ |
| ၁၁။ | ပဒုမ္မာကြာပေါ်က ဆွမ်းအလှူ | ၄၄ |
| ၁၂။ | စိစစ်ပြီး လှူပါ | ၄၈ |
| ၁၃။ | စေတနာ သန့်စင်ပါစေ | ၅၁ |
| ၁၄။ | စစ်ရှုံးမင်းရဲ့ အလှူ | ၅၅ |
| ၁၅။ | သိရိဂုတ္တနဲ့ ဂရဟဒိန္န | ၅၉ |
| ၁၆။ | လောဘကို နိုင်သူ | ၇၁ |
| ၁၇။ | အင်အားလှူသူ | ၇၄ |

http://www.dhammadownload.com


၁၈။ ဒါနအကျိုး ၇၅

၁၉။ အကောင်းချည်းပါပဲ ၇၇

၂၀။ စားလည်းစား လှူလည်းလှူ ၈၁

၂၁။ ဆင်းရဲသား အန္နဘာရရဲ့ ဆွမ်းဒါနလှူ ၈၂

၂၂။ ပြိတ္တာဒါသာ ပေးနည်း ၈၉

၂၃။ သွားလေသူတွေအတွက် အလှူ ၉၄

၂၄။ အပါယ်အစား တာဝတိံသာ ၁၀၄

၂၅။ ဘာသာခြားအိမ်ရောက် ကလေးမ ၁၀၆

http://www.dhammadownload.com

# ဆွမ်းအလှူ

## ပေးလည်းပေး၊ ယူလည်းယူ

သုခဿ ဒါတာ မေဓာဝီ၊ သုခံ သော အဓိဂစ္ဆတိ။

ချမ်းသာကို လှူတဲ့ ပညာရှိဟာ ချမ်းသာကို ရတယ်။

**(အံ၊ ဒု၊ ၃၅)**

အဲဒီလို ဘုရားရှင် ဟောတော်မူခဲ့ပါတယ်။ ကိုယ်လှူတာကို ကိုယ်ပြန်ရတယ်လို့ အဓိပ္ပာယ်ရပါတယ်။ စားဖွယ်ကို လှူသူဟာ အလှူခံပုဂ္ဂိုလ်တွေအား အောက်ပါအရာ ၅ မျိုးကို တစ်ပါတည်း လှူလိုက်တယ်လို့ ဘုရားရှင်က ဟောတော်မူခဲ့ပါတယ်။ အဲဒီအရာ ၅ မျိုးက -

၁။ အသက်ရှည်မှု၊

၂။ ခန္ဓာကိုယ်အဆင်း လှပတင့်တယ်မှု၊

၃။ ကိုယ်ချမ်းသာမှု၊ စိတ်ချမ်းသာမှု၊

၄။ ခန္ဓာကိုယ်အင်အား၊

၅။ အသိဉာဏ်ပညာ။

အဲဒီအရာ ၅ မျိုးကို လှူလိုက်သူဟာ အောက်ပါအကျိုး ၅ မျိုးကို ပြန်ရပါတယ်။

လူ့ဘဝ၊ နတ်ဘဝမှာ

http://www.dhammadownload.com



၁။ အသက်ရှည်မှု၊
၂။ ခန္ဓာကိုယ်အဆင်း လှပတင့်တယ်မှု၊
၃။ ကိုယ်ချမ်းသာမှု၊ စိတ်ချမ်းသာမှု၊
၄။ ခန္ဓာကိုယ်အင်အား၊
၅။ အသိဉာဏ်ပညာ။

**(အံ၊ ဒု၊ ၃၅)**

ဆွမ်း(ထမင်း)၊ ဟင်း၊ သစ်သီး၊ မုန့်၊ သစ်ရွက် စတဲ့ စားဖွယ်တွေကို သူတစ်ပါးအား မပေးလှူဖူးသူဟာ ရှားပါးပါလိမ့်မယ်။ ဗုဒ္ဓသာသနာဝင်တွေဆိုရင် အလှူခံပုဂ္ဂိုလ်တွေဖြစ်တဲ့ ရှင်၊ ရဟန်း၊ သီလရှင်တွေရော၊ မိတ်ဆွေတွေရော၊ မရှိဆင်းရဲသူတွေကိုပါ အနည်းနဲ့အများ အဲဒီစားဖွယ်တွေကို လှူဖူးကြပါတယ်။ ဆွမ်းလေးတစ်ဇွန်း လှူတာလည်း စားဖွယ်ကို လှူတာပါပဲ။ ဟင်းလေးတစ်ခွက်၊ အသားဟင်းလေးတစ်တုံး၊ သစ်သီးလေး တစ်လုံး၊ မုန့်လေးတစ်ခု၊ ဗယာကြော်လေး တစ်ကွင်း လှူတာလည်း စားဖွယ်ကို လှူတာပါပဲ။ နည်းနည်း များများ စားဖွယ်တွေကို လှူတိုင်း အထက်ပါအရာ ၅ မျိုးကို တစ်ပါတည်းလှူလိုက်ပါတယ်။ ယူလည်း ယူလိုက်တယ်လို့ ဆိုရပါမယ်။ ကျေးဇူးရှင် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော်ကြီးရဲ့ အောက်ပါလင်္ကာလေးကို သတိရလာမိပါတယ်။

* သက်ရှည် ဆင်းလှ၊ ချမ်းသာရ၊ ဗလဉာဏ်ပညာ၊
* စားဖွယ် လှူသူ၊ ကျိုးငါးဆူ၊ ပေး-ယူနိုင်လေပါ -တဲ့။

http://www.dhammadownload.com

## အရှင်ပိလိန္ဒဝစ္ဆမထေရ် ရခဲ့တဲ့ ဆွမ်းအကျိုးများ

အရှင်ပိလိန္ဒဝစ္ဆမထေရ်က "ပဒုမုတ္တရာဘုရားရှင်ကိုရော၊ တပည့်သံဃာအပေါင်းအားပါ ဆွမ်းနဲ့ ဖျော်ရည်ကို လှူခဲ့ပါတယ်။ သူရဲ့ အဲဒီအလှူကုသိုလ်ကံနဲ့ လျောက်ပတ်တဲ့အကျိုး ၁၀ မျိုးကို ခံစားရတယ်" လို့ အမိန့်ရှိပါတယ်။ သူရရှိတဲ့အကျိုး ၁၀ မျိုးကို ဒီလို ပြောပြခဲ့ပါတယ်။

၁။ အသက်ရှည်သူ၊
၂။ ခွန်အားကြီးသူ၊
၃။ တည်ကြည်သူ၊
၄။ အဆင်းလှသူ၊
၅။ အခြွေအရံများသူ၊
၆။ ကိုယ်စိတ်ချမ်းသာသူ၊
၇။ ထမင်းကို ရရှိသူ၊
၈။ ဖျော်ရည်ကို ရရှိသူ၊
၉။ ရဲရင့်သူ၊
၁၀။ အခါခပ်သိမ်းပညာရှိသူ။

http://www.dhammadownload.com



အဲဒီအကျိုးတွေကို သံသရာမှာ ကျင်လည်ရတဲ့အခါ ငါဟာ ရရှိခဲ့ပါတယ်။ **(ထေရာပဒါန၊ ၃၆၉)**

ကိုယ်လုပ်တဲ့အလုပ်ရဲ့ အကျိုးတွေကို စုံစုံလင်လင် ပြည့်ပြည့်ဝဝ သိရရင် အဲဒီအလုပ်ကိုလုပ်ရတာ နှစ်ခြိုက်မှု၊ စိတ်ပါဝင်စားမှု၊ ထက်သန်မှု ဖြစ်ရပါတယ်။ လုပ်လိုတဲ့ဆန္ဒလည်း ပြင်းပြလာရပါတယ်။ ဆွမ်းအလှူ၊ ထမင်းအလှူ၊ ဖျော်ရည်အလှူတွေကို ကိုယ်ကိုယ် သူသူ လှူဖူးနေကြတာပါပဲ။ အနည်းအများသာ ကွာချင် ကွာခြားပါမယ်။ အလှူဒါန ရက်ရောကြတဲ့ လူတွေဟာ ဆွမ်းအလှူ၊ ထမင်းအလှူ၊ ဖျော်ရည်အလှူတွေကို နေရာပေါင်းများစွာမှာ အလှူခံပုဂ္ဂိုလ်ပေါင်း များစွာအား အကြိမ်ပေါင်းများစွာ လှူဖူးကြပါတယ်။ အလှူရေစက် လက်နဲ့မကွာ ရှိကြတဲ့ ဗုဒ္ဓသာသနာဝင်တွေအဖို့တော့ ဒီအလှူတွေဟာ အထူးပြောစရာမလိုတော့ပါ။ ကိုယ့်မှာ ရရှိတဲ့ ဒီအကျိုး ၁၀ မျိုးကို သိရှိတဲ့ ဆွမ်းအလှူရှင်၊ ထမင်းအလှူရှင်၊ ဖျော်ရည်အလှူရှင်ကတော့ အနည်းငယ်ပဲ ရှိမယ်ထင်ပါတယ်။ ဘုရားရှင်ဟောတော်မူခဲ့တဲ့ စားဖွယ်လှူရကျိုး ၅ မျိုးကိုပဲ ရဟန်း၊ ရှင်၊ လူတွေ အသိများကြပါတယ်။ အရှင်ပိလိန္ဒဝစ္ဆမထေရ် မိန့်ကြားခဲ့တဲ့ ဒီအကျိုး ၁၀ မျိုးကိုတော့ သိသူနည်းကြပါတယ်။ ဆွမ်းလှူရှင်၊ ထမင်းလှူရှင်၊ ဖျော်ရည်လှူရှင် ကောင်းကျိုးတွေကို ရနိုင်တယ်လို့ ဗုဒ္ဓသာသနာဝင်တိုင်း ယုံကြည်ကြပါတယ်။ ဒါပေမဲ့ ကိုယ်ရနိုင်တယ်လို့ ယုံကြည်ထားတဲ့အကျိုးတွေကို တိတိကျကျ၊ စုံစုံလင်လင် မသိကြပါ။ သိအောင် ကြိုးစားလို့ သိပြီး လှူရရင် ဝမ်းလည်း ပိုသာရသလို အကျိုးလည်း ပိုကြီးမားလာပါမယ်။

## ဘုရား သိသလိုသာ သိခဲ့ရင်

ဒါနရဲ့အကျိုး ကိုယ်တွေ့သိရင် သိသလောက် လှူရဲကြပါတယ်။ လှူကြပါတယ်။ နည်းနည်းသိရင် နည်းနည်းလှူရဲပါတယ်။လှူပါတယ်။

http://www.dhammadownload.com



များများသိရင် များများလှူရဲပါတယ်။ လှူပါတယ်။ ဒါနရဲ့အကျိုးကို အသိဆုံးပုဂ္ဂိုလ်ကတော့ ဘုရားရှင်ပါပဲ။ ဘုရားရှင်က ဒီလို မိန့်တော်မူခဲ့ပါတယ်။

"ရဟန်းတို့ လှူဒါန်းဝေဖန်ပေးကမ်းမှုရဲ့ အကျိုးကို ငါဘုရားသိသလိုသာ သတ္တဝါတွေ သိကြမယ်ဆိုရင် သတ္တဝါတွေဟာ ကိုယ်စားရမယ့်အစားအစာထဲက သူတစ်ပါးတွေအား မပေးဘဲမစားကုန်ရာ၊ (ပေးပြီးမှသာ စားကုန်ရာ၏။) အဲဒီသတ္တဝါတွေရဲ့စိတ်ကို နှမြောမှု အညစ်အကြေးက အနိုင်ယူပြီး မတည်ရှိရာ။ ကိုယ့်အတွက် လောက်ငရုံ ထမင်းထဲက တစ်လုတ်စာကိုသာ ကိုယ့်အတွက် ချန်ထားပြီး ကျန်ထမင်းလုတ်အားလုံးကို လာလာသမျှ အလိုရှိသူတွေအား ပေးလှူတယ်။ အလှူခံတွေရှိခဲ့ရင် ကိုယ့်အတွက် နောက်ဆုံးဖြစ်တဲ့အဲဒီထမင်းလုတ်တစ်လုတ်ထဲကတောင် တစ်စိတ်တစ်ဒေသကို လှူပြီးမှသာ စားကုန်ရာ၏။ မပေးလှူဘဲ မစားကုန်ရာ"

"ရဟန်းတို့ လှူဒါန်းဝေဖန်ပေးကမ်းမှုရဲ့ အကျိုးကို ငါဘုရားသိသလို သတ္တဝါတွေမသိကြတဲ့အတွက် သတ္တဝါတွေဟာ မပေးလှူဘဲ စားနေကြတယ်။ အဲဒီသတ္တဝါတွေရဲ့စိတ်ကို နှမြောမှုအညစ်အကြေးက အနိုင်ယူပြီး တည်ရှိနေတယ်" **(ဣတိဝုတ်၊ ၂၀၇)**

http://www.dhammadownload.com

# အလှူခံအလိုက် အကျိုးပေးကွာခြား

အလှူခံပုဂ္ဂိုလ်အပေါ် မူတည်ပြီး အကျိုးပေးကွာခြားပုံကို ဘုရားရှင်က သိတော်မူတယ်။ ဒါကြောင့် ဘုရားရှင်က အရှင်အာနန္ဒာအား ဒီလို ဟောတော်မူခဲ့ပါတယ်။

၁။ တိရစ္ဆာန်အား လှူရင် အဆတစ်ရာ၊ ဘဝတစ်ရာ အကျိုးရပါတယ်။ (အသက်တစ်ရာ၊ အဆင်းလှမှုတစ်ရာ၊ ချမ်းသာတစ်ရာ၊ အင်အားတစ်ရာ၊ ပညာတစ်ရာ=စုစုပေါင်းအကျိုး ၅၀၀ ရပါတယ်။ ဘဝငါးရာမှာ အသက်ရှည်မှု၊ အဆင်းလှမှု၊ ချမ်းသာ၊ အင်အား၊ ပညာတွေကို ရပါတယ်။)

၂။ သီလရှိတဲ့ ပုဂ္ဂိုလ်အား လှူရင် အဆတစ်ထောင်၊ ဘဝတစ်ထောင် အကျိုးပေးပါတယ်။

၃။ သာသနာပမှာ သီလရှိသူအားလှူရင် အဆတစ်သိန်း၊ ဘဝတစ်သိန်း အကျိုးပေးပါတယ်။

၄။ သာသနာပမှာ ဈာန်အဘိညာဉ် ရတဲ့ပုဂ္ဂိုလ်အား လှူရင် အဆပေါင်း၊ ဘဝပေါင်း ကုဋေတစ်သိန်း အကျိုးရပါတယ်။

၅။ သောတာပန်လောင်း ပုဂ္ဂိုလ်အား လှူရင် မရေမတွက်နိုင်၊ မနှိုင်းယှဉ်လောက်အောင် များစွာသော အကျိုးကို ရပါတယ်။

http://www.dhammadownload.com



(သာသနာတော်တွင်းမှာ သရဏဂုံတည်သူက စပြီး သောတာပတ္တိမဂ်ကို ရောက်ဆဲပုဂ္ဂိုလ်အထိ သောတာပန်ဖြစ်အောင် အားထုတ်ဆဲပုဂ္ဂိုလ် မည်ပါတယ်။ သောတာပန်လောင်းပါပဲ။ သရဏဂုံတည်ကာမျှလူအား လှူရင်တောင် အကျိုးမရေတွက်နိုင်အောင် ရပါတယ်။ သရဏဂုံတည်ပြီး ငါးပါးသီလနဲ့ပြည့်စုံတဲ့လူအား လှူရင် အဲဒါထက်သာပြီး အကျိုး များပါတယ်။ ရှစ်ပါးသီလ၊ ဆယ်ပါးသီလနဲ့ ပြည့်စုံတဲ့လူအား လှူရင် အဲဒါထက်သာပြီး အကျိုးကြီးတယ်။ သမထဘာဝနာကို ပွားများနေတဲ့လူအား လှူရင် အဲဒါထက်သာပြီး အကျိုးကြီးပါတယ်။ ဝိပဿနာရှုနေသူအား လှူရင် အဲဒါထက်သာပြီး အကျိုးကြီးပါတယ်။ သီလနဲ့ပြည့်စုံတဲ့ လူအား လှူတာထက် သီလနဲ့ပြည့်စုံတဲ့ ရှင်သာမဏေအား လှူတာက သာပြီးအကျိုးကြီးပါတယ်။ သီလနဲ့ပြည့်စုံတဲ့ ရဟန်းအား လှူရင် အဲဒါထက်သာပြီး အကျိုးကြီးပါတယ်။ ဝိပဿနာမှာလည်း အထက် အထက်ဉာဏ်တွေ ရောက်တဲ့ပုဂ္ဂိုလ်အား လှူရင် သာပြီး အကျိုးကြီးပါတယ်။ သောတာပန်ဖြစ်အောင် အားထုတ်တဲ့ ပုဂ္ဂိုလ်တွေထဲမှာ သောတာပတ္တိ မဂ်ကို ရောက်ဆဲပုဂ္ဂိုလ်ဟာ အမြတ်ဆုံးပါပဲ။)

၆။ သောတာပန်အစစ်အား လှူရင် အကျိုးများတယ်လို့ ဆို ဖွယ်မရှိတော့ပါ။

၇။ သကဒါဂါမ်ဖြစ်အောင် ကျင့်နေဆဲပုဂ္ဂိုလ်အား လှူရင်၊

၈။ သကဒါဂါမ်အား လှူရင်၊

၉။ အနာဂါမ်ဖြစ်အောင် ကျင့်နေဆဲ ပုဂ္ဂိုလ်အား လှူရင်၊

၁၀။ အနာဂါမ်အား လှူရင်၊

၁၁။ ရဟန္တာဖြစ်အောင် ကျင့်နေဆဲပုဂ္ဂိုလ်အားလှူရင်၊

၁၂။ ရဟန္တာအား လှူရင်၊

၁၃။ ပစ္စေကဗုဒ္ဓါအားလှူရင်၊

http://www.dhammadownload.com



၁၄။ ဘုရားရှင်အား လှူရင် အကျိုးများတယ် ဆိုဖွယ် မရှိပါ။ တစ်ဆင့်ထက်တစ်ဆင့် သာ၍ သာ၍ အကျိုးများပါတယ်။

**(ဥပရိပဏ်၊ ၂၉၈၊ ၄၊ ၂၂၃)**

မဟာစည်ဆရာတော်ကြီးက အထက်ပါဘုရားစကားတော်တွေကို ဒီလိုလင်္ကာတွေ သီကုံးထားခဲ့ပါတယ်။

* တိရစ္ဆာန်လှူက၊ အကျိုးရ၊ အဆတစ်ရာဆို။
* သီလမဲ့ လှူ တစ်ထောင်ဟူ၊ သီ ဖြူ တစ်သိန်းဆို။
* ဈာန်ရ လှူလေ၊ အကျိုးတွေ၊ ကုဋေတစ်သိန်းဆို။
* သောတာလောင်းပင်၊ လှူလေလျှင် များဖြင် အသင်္ချေဆို။
* နောက်ကိုးပါးဝယ်၊ ကျိုးများတယ်၊ ပြောဖွယ်မရှိဆို။

http://www.dhammadownload.com

# သံဃိကဒါန

"အာနန္ဒာ သံဃာအား လှူတဲ့အလှူ(သံဃိကဒါန)ထက် ပုဂ္ဂိုလ်အား လှူတဲ့အလှူ (ပုဂ္ဂလိကဒါန)က ပိုပြီး အကျိုးကြီးတယ်လို့ ဘယ်နည်းနဲ့မှ ငါဘုရား မဟောပါ"

**(ဥပရိပဏ်၊ ၂၉၉)**

"တပည့်တော်အိမ်ကို သံဃာတစ်ပါး ဆွမ်းအလှူခံကြွပါဘုရား" လို့ ပင့်ပြီး သံဃာထံမှ ဝိနည်းနဲ့အညီ ညွှန်ကြားစေလွှတ်လိုက်တဲ့ သီလမဲ့ ရဟန်းအားတောင် သံဃာမှာ အလေးပြုပြီး လှူဒါန်းနိုင်ရင် ရဟန္တာအစစ်အား လှူတဲ့ ပုဂ္ဂလိကအလှူထက် ပိုပြီး အကျိုးကြီးပါတယ်။

**(ဥပရိ၊ ဋ၊ ၂၆၆)**

သံဃာအနေနဲ့ ကြည်ညိုပြီး လှူနိုင်ရင် သံဃိကဒါနဟာ အမြတ်ဆုံး၊ အကျိုးအကြီးဆုံးပါပဲ။

"တပည့်တော်အိမ်ကို သံဃာတစ်ပါး ဆွမ်းအလှူခံကြွပါဘုရား။ နှစ်ပါးကြွပါဘုရား။ သုံးပါးကြွပါဘုရား။ ဆယ်ပါးကြွပါဘုရား" စသည်ဖြင့် ပင့်စဉ်ကပဲ မည်သည့်ပုဂ္ဂိုလ်ကိုမျှ မရည်ရွယ်ဘဲ သံဃာတော်သာမညကိုသာ အာရုံပြုဖို့ လိုပါတယ်။ သံဃာတော်ဘက်ကလည်း

http://www.dhammadownload.com



ထေရ်စဉ်၊ ဝါစဉ်အရဖြစ်စေ၊ မဲချ၍ဖြစ်စေ ကျရာပုဂ္ဂိုလ်ကို စေလွှတ်ဖို့ လိုပါတယ်။ ကြွလာတဲ့အခါ ရှင်သာမဏေလေးပဲဖြစ်ဖြစ်၊ ရဟန်းငယ်လေးပဲဖြစ်ဖြစ် ကြည်ညိုဖွယ်မရှိတဲ့ပုဂ္ဂိုလ်ပဲဖြစ်ဖြစ် သံဃာရဲ့ကိုယ်စားလှယ် သံဃာတော်ပဲလို့ အာရုံပြုပြီး ရိုရိုသေသေလှူတတ်ဖို့ လိုပါတယ်။

ဥပမာအားဖြင့် ဆင်းတုတော်၊ စေတီတော်တွေရှေ့မှာ ဆီမီး၊ ပန်း၊ နံ့သာ စသည်ဖြင့် ပူဇော်တဲ့အခါ ဆင်းတုတော်၊ စေတီတော်တွေက တော့ အာရုံပြုရုံလောက်ပါပဲ။ တကယ်ပူဇော်တာကတော့ ဘုရားအစစ်ကို ပူဇော်တာ ဖြစ်ပါတယ်။ အဲဒီလိုပါပဲ။ ဒကာ့အိမ်ကို ကြွလာတဲ့ ကိုယ်တော်ကတော့ သံဃာအနေနဲ့ အာရုံပြုဖို့ ကိုယ်စားပါပဲ။ တကယ်လှူတာကတော့ ဘုရားတပည့်တော်သံဃာတော်အားလုံးကို လှူတာ ဖြစ်ပါတယ်။

လှူဖွယ်ပစ္စည်းကို သုံးဆောင်ရာမှာတော့ ဘုရားရှင်ရဲ့ဝိနည်းပညတ်တော်အရအားဖြင့် အနီးမျက်မှောက်မှာရှိတဲ့ ရဟန်းတွေကသာ သုံးဆောင်ရပါတယ်။ ဥပမာ ဆွမ်းခံကြွနေတဲ့ ကိုယ်တော်အား "သံဃဿဒေမိ= သံဃာအားလှူပါ၏" လို့ ဆိုပြီး ဆွမ်း၊ မုန့်၊ ဟင်း စသည်ကို လှူလိုက်ရင် လှူတဲ့သူမှာ သံဃာအားလုံးအား လှူတဲ့သံဃိကဒါန ဖြစ် ပါတယ်။ ဒါပေမဲ့ အဲဒီဆွမ်းခံပုဂ္ဂိုလ်က (မယုံ့ ပါပုဏ္ဏတိ) ဒီပစ္စည်းဟာ ငါ့အား ရောက်တယ်" လို့ သိမ်းပိုက်လိုက်ရင် အဲဒီကိုယ်တော်တစ်ပါးတည်း အပိုင်ဖြစ်ပြီး သူ့သဘောအတိုင်း သုံးစွဲနိုင်ပါတယ်။

အဲဒါဟာ ဘုရားအစစ်ကို အာရုံပြုပြီး ဆင်းတုတော်ရှေ့မှာ ဆီမီးပူဇော်ထားရင် ဘုရားအစစ်ကို ပူဇော်တာတော့ ဖြစ်ပါတယ်။ ဒါပေမဲ့ မီးရောင်ကတော့ ဆင်းတုတော်အနီးမှာသာ လင်းတယ်ဆိုတာနဲ့ တူပါတယ်။ အဲဒီလို "သံဃာအား လှူပါတယ်" လို့ဆိုပြီး လောင်းလှူလိုက်တဲ့ ဆွမ်း၊ မုန့်၊ ဟင်းတွေကို "ငါ့အား ရောက်တယ်"လို့ မသိမ်းပိုက်ဘဲ ကျောင်းကို ယူလာခဲ့ရင်တော့ ကျောင်းရှိသံဃာအားလုံးနဲ့ ဆိုင်တယ်။

http://www.dhammadownload.com



သံဃာအားလုံးဝေပြီး သုံးဆောင်ရပါတယ်။ ဒါကြောင့် ဒကာဘက်က ရော၊ အလှူခံပုဂ္ဂိုလ်ဘက်ကပါ သံဃိကဒါနမြောက်အောင် လှူတတ်ဖို့ လက်ခံ သိမ်းပိုက်တတ်ဖို့ အရေးကြီးပါတယ်။

သံဃိကဒါနနဲ့ ပတ်သက်ပြီး ဥပရိပဏ်၊ ၄၊ ၂၂၅ မှာ ဒီလို ရေးသား ထားပါတယ်။

"သံဃိကဒါနဆိုတာ သံဃာအပေါ် ရိုရိုသေသေပြုနိုင်သူမှာ ဖြစ် ပါတယ်။ သံဃာအပေါ် ရိုရိုသေသေပြုမှုကို ပြုနိုင်ဖို့ ခဲယဉ်းပါတယ်။ အကျယ်ချဲ့ ပြောပြပါဦးမယ်။ "ငါဟာ သံဃိကဒါန လှူမယ်"လို့ ကြံပြီး လှူဖွယ်ပစ္စည်းကို စီမံကာ ကျောင်းကို သွားပြီး "အရှင်ဘုရားတို့၊ သံဃာ ကို ရည်စူးပြီး (သံဃာ့ကိုယ်စား) မထေရ်တစ်ပါးကို တပည့်တော်အား ပေးတော်မူကြပါ" လို့ လျှောက်တယ်။ အဲဒီအခါ သံဃာထံမှ ကိုရင်ကို ရပြီး "ငါဟာ ကိုရင်ကို ရပြီ" လို့ စိတ်နှလုံးမသာမယာ ဖြစ်တယ်။ သူရဲ့ ဒါနဟာ သံဃိကဒါန မဖြစ်ပါ။ မထေရ်ကြီးကို ရလို့လည်း "ငါဟာ မထေရ်ကြီးကိုရပြီ" လို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရင်လည်း သံဃိကဒါန မဖြစ်သည်သာ။ ကိုရင်ဖြစ်ဖြစ်၊ ရဟန်းဖြစ်ဖြစ်၊ ငယ်ရွယ်တဲ့ သံဃာဖြစ် ဖြစ်၊ ကြီးတဲ့သံဃာဖြစ်ဖြစ်၊ ပညာမဲ့သံဃာဖြစ်ဖြစ်၊ ပညာရှိသံဃာဖြစ်ဖြစ် သံဃာထံမှ တစ်ပါးပါးကို ရပြီး သံသယ မရှိဘဲ "သံဃာအား လှူပါ၏" လို့ သံဃာအပေါ် ရိုရိုသေသေ ပြုလုပ်နိုင်သူရဲ့ ဒါနကတော့ သံဃိက ဒါန ဖြစ်ပါတယ်"

ကျောင်းဒကာတစ်ဦးရဲ့ အဖြစ်အပျက်ကိုလည်း ဒီလိုရေးသား ထားပါတယ်။

ကျောင်းဒကာသူကြွယ်တစ်ဦးက "ငါဟာ သံဃိကအလှူ လှူ မယ်" လို့ ကြံပြီး "သံဃာထံမှ ညွှန်ကြားပြီး ရဟန်းတစ်ပါးကို ပေးပါ"လို့ လျှောက်တောင်းတယ်။ အဲဒီဒကာက သီလမရှိတဲ့ ရဟန်းတစ်ပါးကို ရတယ်။ ထိုင်စရာနေရာကို စုပုံခိုင်းတယ်။ နေရာခင်းပေးတယ်။ နေရာ

http://www.dhammadownload.com



အပေါ် မျက်နှာကြက်ဖွဲ့ချည်ပေးတယ်။ နံ့သာ၊ အခိုး၊ ပန်းတွေနဲ့ပူဇော်တယ်။ ခြေတွေကို ဆေးကြောပေးတယ်။ ဆီနဲ့ လိမ်းကျံပေးတယ်။ ဘုရားရှင်အပေါ် ရိုသေမှု ပြုသလို သံဃာအပေါ် ရိုသေမှုနဲ့ လှူဖွယ်ကို လှူတယ်။ အဲဒီရဟန်းက မွန်းလွဲပိုင်းမှာ "ကျောင်းသန့်ရှင်းဖို့ ရာ ပေါက်တူးပေးပါ"လို့ပြောကာ အိမ်တံခါးကိုသွားတယ်။ ဥပါသကာက ထိုင်ရင်းပဲ ပေါက်တူးကိုခြေနဲ့ပစ်ချပြီး "ယူလော့"လို့ပေးလိုက်ပါတယ်။ အဲဒီ ဥပါသကာကို လူတွေက မေးကြတယ်။

"သင်ဟာ နံနက်စောစောကပဲ အဲဒီရဟန်းအပေါ် ပြုလုပ်တဲ့ ပူဇော်မှုဟာ ပြောမပြနိုင်အောင်ပါပဲ။ အခု အဲဒီနီးနီးလောက်တောင် မရှိပါ။ အဲဒါက ဘာပါလဲ"

ဥပါသကာက ဒီလို ပြန်ပြောပါတယ်။

"မိတ်ဆွေတို့ အဲဒီရိုသေပူဇော်မှုက သံဃာအား ပြုလုပ်တဲ့ ရိုသေပူဇော်မှု ဖြစ်ပါတယ်။ အဲဒီရဟန်းအပေါ်ပြုလုပ်တာ မဟုတ်ပါ"

**(ဥပရိပဏ်၊ ၄၊ ၂၂၆)**

http://www.dhammadownload.com

## ဝေလာမအလှူကြီးထက် သာလွန်တဲ့အလှူများ

အနာထပိဏ်သူဌေးအား ဘုရားရှင်က ဝေလာမပုဏ္ဏားရဲ့ အလှူကြီးထက် အဆင့်ဆင့်ပိုပြီးအကျိုးကြီးတဲ့ဆွမ်းအလှူတွေအကြောင်းကို ဒီလို ဟောတော်မူခဲ့ပါတယ်။

ကုဋေပေါင်းများစွာကို ၇ နှစ်၊ ၇ လကြာ ၁၂ ယူဇနာ ကျယ်ဝန်းတဲ့ နေရာမှာ လှူဒါန်းခဲ့တဲ့ ဘုရားလောင်း ဝေလာမပုဏ္ဏားကြီးရဲ့ အကြီးအကျယ်အလှူကြီးထက်လည်း သောတာပန်တစ်ဦးအားလှူတဲ့ ဆွမ်းအလှူက ပိုပြီး အကျိုးကြီးပါတယ်။

| | |
|---|---|
| သောတာပန် ၁၀၀ ထက် | သကဒါဂါမ်တစ်ဦးအား |
| သကဒါဂါမ် ၁၀၀ ထက် | အနာဂါမ်တစ်ဦးအား |
| အနာဂါမ် ၁၀၀ ထက် | ရဟန္တာတစ်ဦးအား |
| ရဟန္တာ ၁၀၀ ထက် | ပစ္စေကဗုဒ္ဓါတစ်ပါးအား |
| ပစ္စေကဗုဒ္ဓါ ၁၀၀ ထက် | ဘုရားရှင်တစ်ဆူအား |

ဘုရားရှင်တစ်ဆူထက် ဘုရားအမှူးရှိတဲ့ သံဃာအား လှူရတဲ့ အလှူအသီးသီးက ဆင့်ကဲဆင့်ကဲ ပိုပိုပြီး အကျိုးကြီးပါတယ်။

**(အံ၊ တ၊ ၁၉၆)**

လယ်ယာမြေဟာ ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း ရှိ

http://www.dhammadownload.com



သလို အလှူခံပုဂ္ဂိုလ်ဆိုတဲ့ လယ်ယာတွေဟာ အတန်းအစားအမျိုးမျိုး ရှိပါတယ်။ လယ်ယာတွေမှာ မြက်စတဲ့ အနှောင့်အယှက်မရှိလေ အပင် သန်စွမ်းလေ ဖြစ်သလို အလှူခံမှာလည်း ရာဂ၊ ဒေါသ၊ မောဟ နည်းလေ လှူရသူမှာ အကျိုးများလေဖြစ်ပါတယ်။ လယ်ယာတွေမှာ နွားချေးစတဲ့ မြေဩဇာများပြီး ရေအဆင်သင့်လေ ကောက်ပင်သန်လေ ဖြစ်သလို အလှူခံပုဂ္ဂိုလ်တွေမှာလည်း သီလ၊ သမာဓိ၊ ပညာကြီးလေ လှူရသူမှာ အကျိုးများလေ ဖြစ်ပါတယ်။

အလှူခံပုဂ္ဂိုလ်တွေဟာ လယ်ယာနဲ့ တူကြပါတယ်။ အလှူ ဒကာ၊ ဒကာမတွေက လယ်ယာလုပ်သူနဲ့ တူကြပါတယ်။ လှူဖွယ်ပစ္စည်းဝတ္ထု တွေက မျိုးစေ့နဲ့တူကြပါတယ်။ နောင်သံသရာမှာရနိုင်မယ့် အကျိုးတွေ က အဲဒီမျိုးစေ့ကြောင့် အပင်ပေါက်ပြီး အသီးသီးတာနဲ့ တူပါတယ်။

**(ပေတဝတ္ထု၊ ဋ္ဌ၊ ၆)**

- အလှူခံမှာ လယ်ပမာ၊ လှူရှာသူများ လယ်သမား။
  အများလှူဖွယ် မျိုးစေ့နှယ်၊ နောင်ဝယ် အသီးစား။

http://www.dhammadownload.com

## ပုဂ္ဂလိကအလှူနဲ့ သံဃိကအလှူ

ဘုရားရှင်ဟာ သာဝတ္ထိမြို့၊ ဇေတဝန်ကျောင်းမှာ သီတင်းသုံးတော်မူပါတယ်။ အဲဒီအခါ နာလကရွာငယ်က အရှင်ရေဝတရဲ့ အလုပ်အကျွေးသူကြွယ်မှာ သမီး ၂ ယောက် ရှိပါတယ်။ တစ်ယောက်က ဘဒ္ဒါ၊ နောက်တစ်ယောက်က သုဘဒ္ဒါ၊ နှစ်ယောက်ထဲက ဘဒ္ဒါက လင့်အိမ်ရောက်သွားတယ်။ သဒ္ဓါရှိတယ်၊ ကြည်ညိုတယ်၊ ပညာရှိတယ်၊ အမြဲမဖြစ်တယ်။ ဘဒ္ဒါက လင်ကို ပြောပါတယ်။

"ငါ့ညီမ သုဘဒ္ဒါဆိုတာ ရှိပါတယ်။ သူ့ကို ခေါ်ဆောင်ပါ။ သုဘဒ္ဒါမှာ သားရှိလာရင် အဲဒီသားက ငါ့ရဲ့သားလည်း ဟုတ်ပါတယ်။ ဒီအမျိုးအနွယ်လည်း မပျက်စီးဘဲ ရှိပါမယ်။

လင်က "ကောင်းပြီ"လို့ ဝန်ခံပြီး အဲဒီအတိုင်း လုပ်ပါတယ်။ အဲဒီအခါ ဘဒ္ဒါက သုဘဒ္ဒါကို ဒီလို ဆုံးမပါတယ်။

"သုဘဒ္ဒါ၊ သင်ဟာ လှူဒါန်း၊ ပေးကမ်းမှုမှာ မွေ့လျော်ယ[illegible] တရားအကျင့်မှာ မမေ့မလျော့ရှိပါ။ အဲဒီလိုဆိုရင် ပစ္စုပ္ပန်၊ တမလွန်အကျိုးတွေက သင့်လက်ထဲ ရောက်ကိုရောက်လာပါလိမ့်မယ်"

သုဘဒ္ဒါဟာ ဘဒ္ဒါရဲ့ ဩဝါဒမှာ ရပ်တည်ပြီး ပြောတဲ့နည်းအတိုင်း ကျင့်တဲ့အခါ တစ်နေ့မှာ အရှင်ရေဝတအပါအဝင် သံဃာ ၈ ပါးကို ပင့်

http://www.dhammadownload.com



ဖိတ်တယ်။ အရှင်ရေဝတက သုဘဒ္ဒါရဲ့ကောင်းမှုတိုးပွားတာကို လိုလားလို့ သံဃာက ရည်ညွှန်းချပေးတဲ့နည်းနဲ့ ရဟန်း ၇ ပါးကို ခေါ်ကာ သုဘဒ္ဒါရဲ့အိမ်ကို သွားတယ်။ သုဘဒ္ဒါက ကြည်ညိုစိတ်ဖြစ်ပြီး အရှင်ရေဝတကိုရော အဲဒီရဟန်းတွေကိုပါ မွန်မြတ်တဲ့ခဲဖွယ်၊ စားဖွယ်နဲ့ ကိုယ်တိုင်ကိုယ်ကျ တင်းတိမ်ရောင့်ရဲစေပါတယ်။ မထေရ်က အနုမောဒနာပြုပြီး ဖဲသွားပါတယ်။ သုဘဒ္ဒါက နောင်အခါ သေပြီး နိမ္မာနရတိနတ်ပြည်ရောက်သွားတယ်။ ဘဒ္ဒါကတော့ ပုဂ္ဂိုလ်တွေအား အလှူတွေ လှူပြီး သိကြားမင်းရဲ့မယား ဖြစ်သွားတယ်။

အဲဒီအခါ သုဘဒ္ဒါက သူ့စည်းစိမ်ကို ဆင်ခြင်ပြီး "ငါဟာ ဘယ်ကောင်းမှုကြောင့် ဒီမှာ ဖြစ်ရတာလဲ" လို့ ဆင်ခြင်တဲ့အခါ "ဘဒ္ဒါရဲ့ ဩဝါဒမှာ ရပ်တည်ပြီး သံဃာထုတစ်ရပ်လုံးအား လှူခဲ့လို့ ဒီစည်းစိမ်ကို ရတယ်။ ဘဒ္ဒါကတော့ ဘယ်မှာဖြစ်နေသလဲ" လို့ ကြည့်တဲ့အခါ သိကြားမင်းရဲ့ အလုပ်အကျွေးမယား ဖြစ်နေတာကို မြင်ပြီး သနားလို့ ဘဒ္ဒါရဲ့ဗိမာန်ထဲ ဝင်သွားပါတယ်။ ဘဒ္ဒါက ကြီးကျယ်တဲ့စည်းစိမ်၊ အခြွေအရံရှိပြီး တာဝတိံသာနတ်အားလုံးထက် အဆင်းအားဖြင့် သာလွန်တင့်တယ်တဲ့ ဒီလိုနတ်သမီးကို တစ်ခါမှ မမြင်ဖူးလို့ "ဘယ်ဘုံဘဝက လာခဲ့ပါသလဲ။ နာမည် ဘယ်လိုခေါ်ပါသလဲ" လို့ မေးပါတယ်။ သုဘဒ္ဒါက အတိတ်ဘဝက ကုသိုလ်ကံအကြောင်းကို ပြောပြပါတယ်။ သံဃိကအလှူရဲ့အကျိုးကြီးမားလှပုံကို ဘဒ္ဒါဟာ နားလည်သဘောပေါက်သွားပါတော့တယ်။

**(ဝိမာန၊ ၄၊ ၁၃၅)**

ပုဂ္ဂလိကဒါနရှင် ဘဒ္ဒါက တာဝတိံသာနတ်ပြည်၊ သံဃိကဒါနရှင် သုဘဒ္ဒါက နိမ္မာနရတိနတ်ပြည်ရောက်တယ်ဆိုတော့ တာဝတိံသာနတ်ပြည်ထက် အဆင့်မြင့်တဲ့ ယာမာနတ်ပြည်၊ တုသိတာနတ်ပြည်တွေကို ကျော်ဖြတ်ကာ ယာမာနဲ့ တုသိတာအထက်က နိမ္မာနရတိနတ်ပြည်ကို

http://www.dhammadownload.com



ရောက်သွားပါတယ်။ အဆင့်အတန်းအားဖြင့် အတော့်ကို ကွာခြားလှပါတယ်။ အလှူခံပုဂ္ဂိုလ်ကလည်း အကျိုးပေးကြီးမားဖို့ရာအရေးကြီးလှပါတယ်။ ဒါကြောင့် ဘုရားရှင်က သံဃာအား လှူဖို့အကြောင်း၊ သံဃာအား လှူရင် အကျိုးကြီးမားကြောင်းကို မိထွေးတော်ဂေါတမီအား မိန့်ကြားတော်မူခဲ့ပါတယ်။

သံဃိကဒါနဖြစ်အောင် လှူဒါန်းရာမှာ စိတ်ကလည်း သံဃာသို့ ညွတ်နိုင်မှသာ သံဃိကဒါနအစစ် ဖြစ်နိုင်ပါတယ်။ နှုတ်က "သံဃဿ ဒေမိ=သံဃာအား လှူပါ၏" လို့ ဆိုနေပေမယ့် စိတ်က ကိုယ်ကြည်ညိုနေတဲ့ကျောင်းတိုက်သံဃာ၊ ကိုယ်ကြည်ညိုနေတဲ့ ဘုန်းကြီးကိုသာ လှူလိုရင် သံဃိကဒါနအစစ် မဖြစ်နိုင်ပါ။ တကယ့်ကို ပုဂ္ဂိုလ်မခွဲခြားဘဲ သံဃာအားလုံးကို ရည်စူးနိုင်ရင်တော့ နေ့စဉ်ဆွမ်းလောင်းရာမှာရော၊ သံဃာက ညွှန်ပြလို့ရတဲ့ ပုဂ္ဂိုလ်တစ်ပါးအား ဆွမ်းကျွေးရာမှာပါ သံဃိကဒါနအစစ် ဖြစ်နိုင်ပါတယ်။

http://www.dhammadownload.com

## ဆွမ်းတစ်ဇွန်းအလှူနဲ့ နှစ်ပေါင်းတစ်သောင်းအလှူကြီး

သစ်သီးတစ်လုံး၊ ပန်းတစ်ပွင့်၊ မုန့်တစ်ခု၊ ဆွမ်းတစ်ဇွန်းလောက် လှူရုံနဲ့ နတ်ပြည်ရောက်နိုင်ပါတယ်။ သာသနာတွင်းမှာ လှူတဲ့ဒါနက သာသနာပမှာ လှူတဲ့ ဒါနထက် အဆပေါင်းများစွာ သာလွန်ပါတယ်။ ဘုရားရှင်လက်ထက်တော်ကာလ ရာဇဂြိုဟ်မြို့က ဣန္ဒကဆိုတဲ့လူဟာ ရွာထဲ ဆွမ်းခံဝင်လာတဲ့ အရှင်အနုရုဒ္ဓါအား သူ့အတွက်ဆောင်ယူလာတဲ့ ဆွမ်းတစ်ဇွန်းကို လှူဒါန်းခိုင်းခဲ့ပါတယ်။ အဲဒီကုသိုလ်ကြောင့် တာဝတိံသာနတ်ပြည်မှာ တန်ခိုးကြီးတဲ့ နတ်သားကြီး ဖြစ်ပါတယ်။ အင်္ကုရနတ်သားထက် ကာမဂုဏ်ငါးမည်၊ သက်ရှည်ဆင်းလှ၊ စိုးရချမ်းသာ၊ များစွာခြွေရံ ဂုဏ် ၁၀တန်နဲ့ သာလွန်တင့်တယ်ပါတယ်။

**(ဓမ္မပဒ၊ ဌ၊ ဒု၊ ၁၄၃၊ ပေတဝတ္ထု၊ ဌ၊ ၁၂၇)**

အင်္ကုရဆိုတဲ့သူဟာ သာသနာပကာလမှာ အကြီးအကျယ် ချက်ပြုတ်ကျွေးမွေးလှူဒါန်းခဲ့တယ်။ ချက်ပြုတ်ရေးခေါင်းဆောင် အမျိုးသားတွေက ၃ ထောင်၊ ထင်းခွဲသမားက ၆ သောင်း၊ ချက်ပြုတ်စရာကို ကြိတ်ချေပြုပြင်ပေးတဲ့ အမျိုးသမီးက ၆ သောင်း၊ ယောင်းမကိုင် အမျိုးသမီးက ၆ သောင်း ရှိတယ်။ အဲဒီလောက် များပြားတဲ့ အလုပ်သမားတွေနဲ့ လာလာသမျှ လူတွေကို နေ့စဉ် အနှစ်တစ်သောင်း ကာလပတ်လုံး

http://www.dhammadownload.com



ချက်ပြုတ်ကျွေးမွေးလှူဒါန်းခဲ့တယ်။ အဲဒီကောင်းမှုကြောင့် တာဝတိံသာ နတ်ပြည်မှာ နတ်ဖြစ်နေတယ်။ **(ပေတဝတ္ထု၊ ဌ၊ ၁၂၉)**

အဲဒီအင်္ကုရနတ်သားနဲ့ ဣန္ဒကနတ်သားတို့ဟာ အဘိဓမ္မာတရား ဟောခါနီးမှာ ဘုရားရှင်ရဲ့ မျက်မှောက်အနီးမှာ ရှိသေစွာ ထိုင်နေကြတယ်။ တန်ခိုးကြီးတဲ့နတ်တွေ လာတဲ့အခါ အင်္ကုရနတ်သားက နောက်ကို ဆုတ်ဆုတ်ပြီး နေရာပေးရတဲ့အတွက် ဘုရားရှင်နဲ့ ၁၂ ယူဇနာဝေးတဲ့ အရပ်ကို ရောက်သွားတယ်။ ဣန္ဒကနတ်သားကတော့ ဘုရားရှင်အနီး မှုလနေမြဲနေရာမှာပဲ ရှိနေပါတယ်။ သူ့ထက် တန်ခိုးကြီးသူ မရှိလို့ ဖယ်မပေးရတာပါပဲ။

သာသနာပမှာ အင်္ကုရက အကြီးအကျယ် ပေးလှူခဲ့ပေမယ့် သာသနာတွင်းမှာ ဆွမ်းတစ်ဇွန်းမျှလှူတဲ့ ဣန္ဒကလောက် တန်ခိုးမကြီးဘဲ တန်ခိုးသေးငယ် နေရရှာတယ်။ ဒါကြောင့် ပေးလှူတဲ့အခါမှာ သီလစတဲ့ ဂုဏ်နဲ့ပြည့်စုံတဲ့ အလှူခံပုဂ္ဂိုလ်ကို ရွေးချယ်ပြီး လှူသင့်ကြောင်းကို ဘုရားရှင်က ဟောတော်မူပါတယ်။ ဒီဣန္ဒကဝတ္ထုအရ သာသနာတော်တွင်းမှာ နတ်ပြည်တိုးတက်ကြောင်း၊ တန်ခိုးကြီးတဲ့နတ်တွေ တိုးပွားကြောင်း သိရပါတယ်။

http://www.dhammadownload.com

## သာသနာတွင်းအလှူနဲ့ သာသနာပအလှူ

ဘုရားရှင်က ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းမှာ သီတင်းသုံးနေပါတယ်။ အဲဒီအခါ အရှင်မဟာကဿပက ပိပ္ပလိဂူမှာ ၇ ရက်ပတ်လုံး နိရောဓသမာပတ် ဝင်စားနေပါတယ်။ ၇ ရက်လွန်တဲ့အခါ နိရောဓသမာပတ်မှ ထပါတယ်။ ထပြီး'ရာဇဂြိုဟ်မြို့ထဲ အိမ်စဉ်အတိုင်း ဆွမ်းခံလှည့်လည်မယ်'လို့ကြံကာ ထွက်လာတယ်။ အဲဒီအချိန်မှာ သိကြားမင်းရဲ့အလုပ်အကျွေးဖြစ်ကြတဲ့ ခိုခြေအဆင်းရှိနတ်သမီး ၅၀၀ က "မထေရ်အား ဆွမ်းလှူကြမယ်"လို့အားတက်သရောနဲ့ ဆွမ်းအုပ် ၅၀၀ ကို ပြင်ဆင်ကာယူပြီး လမ်းခရီးအကြားမှာ ရပ်ကာ "အရှင်ဘုရား၊ ဒီဆွမ်းကို ခံယူတော်မူပါ။ တပည့်တော်တို့အား ချီးမြှောက်တော်မူပါ" လို့ လျှောက်ကြတယ်။

"သင်တို့သွားကြ၊ ငါက ဆင်းရဲသားတွေအား ချီးမြှောက်မယ်"

"အရှင်ဘုရား၊ တပည့်တော်တို့ကို မဖျက်ဆီးပါနဲ့။ တပည့်တော်တို့အား ချီးမြှောက်ပါ"

မထေရ်က သိပြီး တစ်ဖန် ပယ်မြစ်ကာ နောက်ထပ်လည်း ဖဲသွားဖို့ မလိုလားလို့ တောင်းပန်ကြတဲ့အခါ "သင်တို့ဟာ ကိုယ့်ပမာဏကို မသိကြ၊ ဖဲသွားကြလော" လို့ လက်ဖျောက် တီးခတ်လိုက်တယ်။ နတ်

http://www.dhammadownload.com



သမီးတွေက မထေရ်ရဲ့ လက်ဖျောက်တီးသံကို ကြားရပြီး တောင့်တင်းကာ မျက်မှောက်မှာ မရပ်တည်နိုင်တော့လို့ ပြေးသွားကာ နတ်ပြည်ကိုပဲ သွားတယ်။ သိကြားမင်းက မေးတယ်။

"သင်တို့ ဘယ်ကို သွားနေကြတာလဲ"

"အရှင်သိကြားမင်း၊ သမာပတ်မှထတဲ့ အရှင်မဟာကဿပမထေရ်အား ဆွမ်းလှူကြမယ်လို့ ရည်ရွယ်ကာ သွားခဲ့ကြပါတယ်"

"သင်တို့ လှူခဲ့ကြရရဲ့လား"

"မထေရ်က အလှူမခံလိုပါ"

"မထေရ်က ဘာကို ပြောသလဲ"

"အရှင်သိကြားမင်း၊ ဆင်းရဲသားတွေအား ငါက ချီးမြှောက်မယ်လို့ ပြောပါတယ်"

"သင်တို့က ဘယ်လိုအခြင်းအရာနဲ့ သွားခဲ့ကြသလဲ"

"အရှင်သိကြားမင်း၊ ဒီအခြင်းအရာနဲ့ပဲ သွားခဲ့ကြပါတယ်"

သိကြားမင်းက "သင်တို့လို နတ်သမီးတွေက မထေရ်အား ဘာကြောင့် လှူကြရမှာလဲ" လို့ ပြောပြီး ကိုယ်တိုင်လှူလိုတဲ့အတွက် အိုမင်းယိုယွင်းနေပြီး သွားကျိုး၊ ဆံဖြူ ခါးကိုင်းနေတဲ့ အဘိုးအိုရက်ကန်းသည်အသွင်နဲ့ သုဇာနတ်သမီးကိုလည်း အဲဒီလိုပဲ အအိုမအသွင် ပြုလုပ်ကာ ရက်ကန်းသည်လမ်းတစ်လမ်းကို ဖန်ဆင်းပြီး ရက်ကန်းကို ဖြန့်ကာ နေတယ်။ မထေရ်ကလည်း "ဆင်းရဲသားတွေအား ချီးမြှောက်မယ်"လို့ ရည်ရွယ်ကာ မြို့ဆီ ရှေးရှုသွားတယ်။ မြို့ပြင်ဘက်မှာပဲ အဲဒီလမ်းကို မြင်ပြီး ကြည့်တဲ့အခါ လူနှစ်ယောက်ကို တွေ့တယ်။ အဲဒီခဏမှာ သိကြားမင်းက ရက်ကန်းကို ဖြန့်တယ်။ သုဇာက ရက်ဖောက်ကို ရစ်တယ်။ မထေရ်က ဒီလိုကြံစည်တယ်။

"ဒီလူတွေဟာ အသက်ကြီးရာအခါမှာလည်း အလုပ်ကို လုပ်ကြတာပဲ။ ဒီမြို့မှာ ဒီလူတွေထက် ပိုဆင်းရဲသူတွေ မရှိကြဘူး ထင်တယ်။

http://www.dhammadownload.com



ဒီလူတွေလှူတဲ့တစ်ယောက်ချိုမှုကို ဖြစ်စေ၊ သစ်ရွက်မှုကို ဖြစ်စေ ယူပြီး ဒီလူတွေအား ချီးမြှောက်မယ်”

မထေရ်က အဲဒီလူတွေရဲ့အိမ်ဆီ ရှေ့ရှုနေတယ်။ သိကြားမင်းက မထေရ် လာနေတာကို မြင်ပြီး သုဇာကို ပြောတယ်။

“ရှင်မ၊ ငါတို့ရဲ့ အရှင်ဟာ ဒီနေရာက လာနေတယ်။ သင်က မမြင်သလို ဆိတ်ဆိတ်နေကာ ထိုင်နေပါ။ ခဏနဲ့ မထေရ်ကို လှည့်ပတ်ပြီး ဆွမ်းကို လှူကြမယ်”

မထေရ်က လာပြီး အိမ်တံခါးဝမှာရပ်တယ်။ အဲဒီလူတွေကလည်း မမြင်သလို ကိုယ့်အလုပ်ကိုပဲ လုပ်ကာ အနည်းငယ်လာကြတယ်။ အဲဒီအခါ သိကြားမင်းက “အိမ်တံခါးမှာ မထေရ်တစ်ပါးလို ရပ်နေတယ်။ စုံစမ်းပါဦး” လို့ ပြောတယ်။ “အရှင်၊ သွားပြီးစုံစမ်းပါမယ်” လို့ ပြောတယ်။ သိကြားမင်းက အိမ်မှထွက်ကာ မထေရ်ကို တည်ခြင်းငါးပါးနဲ့ ရှိခိုးပြီး လက်နှစ်ဖက်တွေနဲ့ ဒူးတွေကို တွဲရရွဲဆွဲကာ (ထောက်ကာ) ညည်းတွားရင်း ထတယ်။ “အရှင်မြတ်က ဘယ်မထေရ်ပါလိမ့်” လို့ အနည်းငယ် နောက်ဆုတ်ပြီး “ငါ့မျက်စိတွေ အခိုးထနေကြတယ်” လို့ပြောကာ နဖူးပေါ် လက်ကိုတင်ပြီး အပေါ်ကိုကြည့်တယ်။ “ဩော် ဒုက္ခ၊ ငါတို့ရဲ့အရှင် မဟာကဿပမထေရ်ဟာ ငါတို့အိမ်တံခါးကို အချိန် ကြာမြင့်မှ ကြွလာတယ်။ အိမ်မှာ တစ်စုံတစ်ခု ရှိလေသလား” လို့ မေးတယ်။ သုဇာက အနည်းငယ်အလုပ်ရှုပ်သယောင်လုပ်ကာ “အရှင် ရှိပါတယ်” လို့ စကားတုံ့ပြန်တယ်။

သိကြားမင်းက “အရှင်ဘုရား၊ ကြမ်းတမ်းတာ၊ မွန်မြတ်တာကို မစဉ်းစားဘဲ တပည့်တော်တို့အား ချီးမြှောက်ပါ”လို့ လျှောက်ကာ သပိတ်ကိုယူတယ်။ မထေရ်က“သူတို့လှူတာက ဟင်းရွက်ဖြစ်ဖြစ်၊ ဆန်ကွဲမုန့်ဆုပ်ဖြစ်ဖြစ် သူတို့အား ငါ ချီးမြှောက်မယ်”လို့တွေးကာ သပိတ်ကို ပေးလိုက်တယ်။ သိကြားမင်းက အိမ်တွင်းကို ဝင်ပြီး ထမင်းအိုးမှ ထမင်းကို

http://www.dhammadownload.com



ထုတ်ဆောင်ကာ သပိတ်ကို ပြည့်စေပြီး မထေရ်ရဲ့လက်ထဲ ထားလိုက်တယ်။ ပဲဟင်းဟင်းလျာများစွာပါတဲ့ အဲဒီဆွမ်းဟာ ရာဇဂြိုဟ်တစ်မြို့လုံးကို အနံ့နဲ့ ဖုံးလွှမ်းသွားတယ်။ အဲဒီအခါ မထေရ်က ကြံတယ်။

"ဒီယောက်ျားက တန်ခိုးမရှိ။ ဆွမ်းက တန်ခိုးကြီးတယ်။ သိကြားမင်းရဲ့ စားဖွယ်နဲ့တူတယ်။ အဲဒီလူဟာ ဘယ်သူလဲ။ "

အဲဒီအခါ သူ့ကို "သိကြားမင်းပဲ" လို့ သိပြီး ပြောတယ်။

"ဆင်းရဲသားတွေရဲ့စည်းစိမ်ကို လုယက်တဲ့သင်ဟာ ဝန်လေးတဲ့အမှုကို ပြုလုပ်ပေတယ်။ ဆင်းရဲသားတစ်စုံတစ်ယောက်ဟာ ဒီနေ့ ငါ့အား အလှူလှူပြီး စစ်သူကြီးရာထူး သို့မဟုတ် သူဌေးရာထူးကို ရမှာပဲ"

"အရှင်ဘုရား၊ တပည့်တော်ထက် ပိုဆင်းရဲသူမရှိပါ"

"နတ်လောကမှာ နတ်မင်းစည်းစိမ်ကို ခံစားရတဲ့သင်က ဘာလို့ဆင်းရဲရတာလဲ"

"အရှင်ဘုရား၊ အဲဒါက ဒီလိုပါ။ တပည့်တော်ဟာ ဘုရားမပွင့်မီမှာ ကောင်းမှုကိုပြုလုပ်ခဲ့ပါတယ်။ ဘုရားပွင့်တဲ့အခါမှာ ကောင်းမှုကံကို ပြုလုပ်ပြီး စူဠရထနတ်သား၊ မဟာရထနတ်သား၊ အနေကဝဏ္ဏ နတ်သားဆိုတဲ့ အဆင့်တူ နတ်သားသုံးယောက်ဟာ တပည့်တော်နဲ့ အနီးနေရာမှာ ဖြစ်ကြပါတယ်။ သူတို့က တပည့်တော်ထက် ပိုပြီး တန်ခိုးကြီးကြပါတယ်။ မှန်ပါတယ်။ တပည့်တော်ဟာ အဲဒီနတ်သားတွေ နက္ခတ်ပွဲသဘင်ကစားကြမယ်လို့ အလုပ်အကျွေးနတ်သမီးတွေကို ခေါ်ပြီး လမ်းခရီးကြားမှာ သက်ဆင်းကြတဲ့အခါ ပြေးပြီး အိမ်ထဲဝင်ရပါတယ်။ အကြောင်းကတော့ သူတို့ရဲ့ကိုယ်မှတန်ခိုးရောင်က တပည့်တော်ရဲ့ကိုယ်ကို လွှမ်းမိုးပါတယ်။ တပည့်တော်ရဲ့ကိုယ်မှ အရောင်က သူတို့ရဲ့ ကိုယ်ကို မလွှမ်းမိုးနိုင်ပါ။ ဒါကြောင့်ပါပဲ။ အရှင်ဘုရား၊ တပည့်တော်ထက် ဘယ်သူက ပိုဆင်းရဲပါသလဲ"

http://www.dhammadownload.com



"ဒါပေမဲ့ ဒီနေ့ကစပြီး ငါ့အား ဒီလိုလှည့်ပတ်ပြီး အလှူမလှူပါနဲ့"

"လှည့်ပတ်ပြီး အရှင်ဘုရားတို့အား အလှူလှူတဲ့အခါ တပည့်တော်မှာ ကုသိုလ်ရှိပါသလား။ မရှိပါလား"

"သိကြားမင်း၊ ရှိပါတယ်"

"အရှင်ဘုရား၊ ဒီလိုဆိုရင် ကုသိုလ်ကောင်းမှုပြုတယ်ဆိုတာ တပည့်တော်ရဲ့တာဝန်ပါ"

သိကြားမင်းဟာ အဲဒီလိုပြောပြီး မထေရ်ကို ရှိခိုးကာ သုဇာကိုခေါ်တယ်။ မထေရ်ကို လက်ယာရစ်လှည့်ပြီး ကောင်းကင်ပေါ် ပျံတက်ကာ "အရှင်မဟာကဿပမှာ လှူရတဲ့ အလှူဟာ ဩော်၊ မြင့်မြတ်ပေစွ" လို့ ဥဒါန်းကျူးရင့်ပါတယ်။

အဲဒီအခါ ဘုရားရှင်က ကျောင်းမှာရပ်ရင်းပဲ သိကြားမင်းရဲ့ အဲဒီအသံကို ဒိဗ္ဗသောတအဘိညာဉ်နဲ့ ကြားရပြီး ရဟန်းတွေကို ခေါ်ကာ မိန့်ပါတယ်။

"ရဟန်းတို့၊ ဥဒါန်းကျူးရင့်ပြီး ကောင်းကင်ခရီးနဲ့ သွားတဲ့သိကြားမင်းကို ကြည့်ကြလော"

"မြတ်စွာဘုရား၊ သူက ဘာကို လုပ်ပါသလဲ"

"သူက လှည့်ပတ်ပြီး ငါ့သား ကဿပအား ဆွမ်းလှူတယ်။ အဲဒီဆွမ်းကို လှူပြီး ဝမ်းသာလို့ ဥဒါန်းကျူးရင့်ရင်း သွားတယ်"

"မြတ်စွာဘုရား၊ မထေရ်အား ဆွမ်းလှူသင့်တယ်လို့ သူက ဘယ်လိုသိပါသလဲ"

"ရဟန်းတို့၊ ငါ့သားနဲ့တူတဲ့ဆွမ်းခံရဟန်းကို နတ်တွေရော၊ လူတွေပါ ချစ်မြတ်နိုးကြတယ်" လို့ မိန့်ကာ ကိုယ်တော်တိုင်လည်း ဥဒါန်းကျူးရင့်တော်မူပါတယ်။

ဥဒါန်းစကားက အောက်ပါအတိုင်း ဖြစ်ပါတယ်။

http://www.dhammadownload.com



"ရဟန်းဟာ ဆွမ်းခံလှည့်လည်တယ်။ ကိုယ့်ကိုယ်ကို မွေးမြူတယ်။ အခြားသူတွေရဲ့ မွေးမြူမှုကို မခံယူ၊ ကောင်းဆိုးလောကခံကြောင့် မတုန်လှုပ်၊ ငြိမ်သက်တယ်၊ အမြဲ သတိရှိတယ်။ အဲဒီရဟန်းကို နတ်တွေက ချစ်ခင်ကြတယ်"

အဲဒီဥဒါန်းကို ကျူးရင့်ပြီး ဒီလိုမိန့်ပါတယ်။

"ရဟန်းတို့၊ သိကြားမင်းက ငါ့သားရဲ့ သီလရနံ့ကြောင့် လာပြီး ဆွမ်းလှူတယ်"

"တောင်ဇလပ်ပန်းနံ့၊ စန္ဒကူးနံ့တွေဟာ အလွန်အကဲ မပျံ့သင်းပါ။ သီလရှိတဲ့ပုဂ္ဂိုလ်တွေရဲ့ သီလရနံ့က မြင့်မြတ်လို့ နတ်လောက၊ လူ့လောက က အရပ်အားလုံးကို လွှမ်းမိုးကာ သင်းပျံ့သွားပါတယ်"

အရှင်ဘုရားရဲ့အထက်ပါတရား ဒေသနာအဆုံးမှာ များစွာသော တရားနာပရိသတ်တွေဟာ သောတာပန်စသည်ဖြစ်ကြပါတယ်။ တရားဒေသနာဟာ လူအများအတွက် အကျိုးရှိပါတယ်။

**(ဓမ္မပဒ၊ ၌၊ ပ၊ ၂၆၈)**

သာသနာတွင်းကာလမှာ အလှူခံပုဂ္ဂိုလ်ကောင်းကို ရတဲ့အတွက် သာသနာပကာလမှာ လှူရတဲ့အလှူထက် သာသနာတွင်းကာလ အလှူက ပိုပြီး အကျိုးကြီးမားစေပါတယ်။ လယ်ယာမြေကောင်းမှာ စိုက်ရတဲ့ မျိုးစေ့ဟာ အသီးအနှံ ဖွံ့ဖြိုးစေသလို အလှူခံပုဂ္ဂိုလ်ကောင်းမှာ လှူရတဲ့ ကုသိုလ်ဟာ အကျိုးကြီးမား ဖွံ့ဖြိုးစေပါတယ်။ သီလရှိတဲ့ပုဂ္ဂိုလ်တွေရဲ့ သီလရနံ့က လေညာဆန်ပြီး သင်းပျံ့မွှေးကြိုင်ရနံ့လှိုင်စေပါတယ်။ ရနံ့မွှေးတဲ့ အမြစ်နံ့၊ အနှစ်နံ့၊ အပွင့်နံ့တွေထက် သီလရနံ့က အဆပေါင်းများစွာ ပိုပြီး မွှေးကြိုင်ပါပေတယ်။

http://www.dhammadownload.com

# သူဌေးဖြစ်စေတဲ့ ဆင်းရဲသားအလှူ

သပိတ်ဆေးရာအချိန်မှာ ဂန္ဓမာဒနတောင်က ပစ္စေကဗုဒ္ဓါတစ်ပါးဟာ ၇ ရက်မြောက်မှာ သမာပတ်မှ ထပြီး "ဒီနေ့ ငါဟာ ဘယ်ကို ဆွမ်းခံသွားရပါ့မလဲ" လို့ စူးစမ်းတဲ့အခါ ထမင်းအတွက် အခစား အလုပ်လုပ်တဲ့ လူကို မြင်တယ်။ အဲဒီအခါ အဲဒီပစ္စေကဗုဒ္ဓါက "ဒီလူဟာ သုံးနှစ်ပတ်လုံး အခစားအလုပ်ကို လုပ်ပြီး ထမင်းခွက်ကို ရတယ်။ အဲဒီလူမှာ သဒ္ဓါရှိသလား၊ မရှိဘူးလား"လို့ စူးစမ်းတဲ့အခါ "ရှိတယ်"လို့ သိတယ်။ "သဒ္ဓါရှိပေမယ့်လည်း တချို့က မချီးမြှောက်နိုင်ကြ။ သူဟာ ငါ့အား ချီးမြှောက်နိုင်လေမလား" လို့ စဉ်းစားပြီး "သူဟာ ချီးလည်း ချီးမြှောက်နိုင်လိမ့်မယ်။ ငါ့အား ချီးမြှောက်မှုကို အမှီပြုပြီး ကြီးကျယ်တဲ့ စည်းစိမ်ကိုလည်း ရလိမ့်မယ်" လို့ သိတယ်။ သင်္ကန်းရုံပြီး သပိတ်ကို ယူကာ ကောင်းကင်ကို ပျံတက်တယ်။ ပရိသတ်ကြားက သွားပြီး အဲဒီလူရဲ့ရှေ့မှာ ရပ်ရင်းပဲ ကိုယ်ထင်ရှားပြတယ်။

အဲဒီလူက ပစ္စေကဗုဒ္ဓါကို မြင်ပြီး ကြံစည်တယ်။

"ငါဟာ ရှေးဘဝက မလှူခဲ့လို့ ထမင်းတစ်ခွက်အတွက် ၃ နှစ်ပတ်လုံး သူတစ်ပါးအိမ်မှာ အခစားအလုပ်ကို လုပ်ခဲ့ရတယ်။ အခု ငါရဲ့ ဒီထမင်းက တစ်ညှ၊ တစ်နေ့ပတ်လုံး စောင့်ရှောက်နိုင်မယ်။ ငါဟာ ဒီ

http://www.dhammadownload.com



ထမင်းကို အရှင်မြတ်အား လှူခဲ့ရင် အလှူက ကမ္ဘာကုဋေထောင် ပေါင်းများစွာလည်း စောင့်ရှောက်လိမ့်မယ်။ ဒီထမင်းကို အရှင်မြတ်အားပဲ လှူမယ်”

အဲဒီလူဟာ ၃ နှစ်ပတ်လုံး အခစားအလုပ်ကို လုပ်ပြီး ရထားတဲ့ ထမင်းခွက်ထဲက ထမင်းတစ်ခဲကိုတောင်မှ ပါးစပ်ထဲ မထည့်သေးဘဲ စားလိုတဲ့တဏှာကို ပယ်ဖျောက်ကာ ကိုယ်တိုင်ပဲ ခွက်ကို မြှောက်ချီပြီး ပစ္စေကဗုဒ္ဓါထံ သွားတယ်။ ခွက်ကို အခြားသူရဲ့ လက်မှာပေးပြီး တည်ခြင်း ငါးပါးနဲ့ ရှိခိုးတယ်။ ခွက်ကို လက်ဝဲလက်နဲ့ ယူပြီး လက်ယာလက်နဲ့ ပစ္စေကဗုဒ္ဓါရဲ့ သပိတ်ထဲ ဆွမ်းကို လောင်းထည့်လိုက်တယ်။ ပစ္စေကဗုဒ္ဓါက ဆွမ်းတစ်ဝက်ကျန်နေတဲ့အခါမှာ သပိတ်ကို လက်နဲ့ ပိတ်လိုက်တယ်။ အဲဒီအခါ အဲဒီလူက ပစ္စေကဗုဒ္ဓါကို လျှောက်တယ်။

“အရှင်ဘုရား၊ တစ်ယောက်စာသာကို နှစ်ဖို့ခွဲဖို့ မတတ်နိုင်ပါ။ တပည့်တော်ကို ဒီဘဝနဲ့ မချီးမြှောက်ပါနဲ့။ တမလွန်ဘဝနဲ့ ချီးမြှောက်မှုကိုသာ ပြုတော်မူပါ။ ချန်မထားဘဲ အကုန်လုံးကိုပဲ လှူပါမယ်”

မှန်တယ်။ မိမိအတွက် အနည်းငယ်ကိုတောင် မချန်ဘဲ လှူတာဟာ အကြွင်းမရှိ အလှူ မည်တယ်။ အဲဒီအလှူက အကျိုးကြီးတယ်။ အဲဒီလူက အဲဒီအတိုင်း ပြုလုပ်တဲ့အခါ အကုန်လုံးကို ပေးပြီး တစ်ဖန် ရှိခိုးကာ “အရှင်ဘုရား၊ ထမင်းတစ်ခွက်ကို အမှီပြုပြီး ၃ နှစ်ပတ်လုံး တပည့်တော်မှာ သူတစ်ပါးအိမ်မှာ အခစား အလုပ်လုပ်ကာ ဆင်းရဲကို ခံစားခဲ့ရပါတယ်။ အခု တပည့်တော်ဖြစ်လေရာနေရာမှာ ချမ်းချမ်းသာသာ ဖြစ်ပါစေ။ အရှင်ဘုရားတို့ သိမြင်ထားတဲ့ တရားထူး တရားမြတ်ကို ရရပါလို၏”လျှောက်တယ်။ ပစ္စေကဗုဒ္ဓါက “အဲဒီအတိုင်း ဖြစ်ပါစေ။ သင့်ရဲ့ စိတ်အကြံတွေဟာ လိုတာမှန်သမျှ ပေးနိုင်တဲ့ စိန္တာမဏိပတ္တမြားလို၊ လပြည့်ဝန်းလို ပြည့်ဝပါစေ” လို့ အနုမောဒနာပြုလိုလို့ အောက်ပါ ဂါထာစကားနှစ်ရပ်ကို မိန့်ပါတယ်။

http://www.dhammadownload.com



"သင့်ရဲ့ အလိုမှန်သမျှ တောင့်တတာမှန်သမျှပဲ ပြီးစီးပြည့်စုံပါစေ။ အကြံအစည်ဟူသမျှဟာ လပြည့်ဝန်းလို ပြည့်ဝကြပါစေ"

"သင့်ရဲ့ လိုလားတောင့်တမှုတွေဟာ လျင်မြန်စွာပဲ ပြီးစီးပြည့်စုံကြပါစေ။ ဇောတိရသ ပတ္တမြားပမာ အကြံအစည်အားလုံး ပြည့်ဝကြပါစေ"

အဲဒီလိုမိန့်ပြီး "ဒီလူအများဟာ ဂန္ဓမာဒနတောင်သို့ ရောက်သွားသည့်တိုင်အောင် ငါ့ကိုကြည့်ရင်း ရပ်တည်နေပါစေ" လို့ အဓိဋ္ဌာန်ပြီး ကောင်းကင်ခရီးနဲ့ ဂန္ဓမာဒနတောင်ကို ကြွတယ်။ လူအများကလည်း ပစ္စေကဗုဒ္ဓါကို ကြည့်ရင်းပဲ ရပ်တည်နေတယ်။ အဲဒီပစ္စေကဗုဒ္ဓါက အဲဒီတောင်ကို သွားပြီး ပစ္စေကဗုဒ္ဓါငါးရာအား ခွဲဝေပြီးပေးတယ်။ အားလုံးက တိတိ လောက်ငရုံ ယူကြတယ်။ "ဆွမ်းအနည်းငယ်က ဘယ်လိုလုပ် လောက်ငမှာလဲ" လို့ မကြံစည်ထိုက်။ မှန်တယ်။ မကြံစည်ကောင်းတဲ့ အရာ ၄ မျိုးကို ဘုရားရှင်ဟောထားတယ်။ အဲဒီ ၄ မျိုးထဲက ဒီနေရာက ပစ္စေကဗုဒ္ဓါတွေရဲ့အရာပဲ။

လူအများဟာ ပစ္စေကဗုဒ္ဓါတွေအား ဆွမ်းကို ခွဲဝေပြီး ပေးနေတာကို မြင်ရပြီး ကောင်းချီးပေါင်းတစ်ထောင်ကို ဖြစ်စေပါတယ်။ မိုးကြိုးတစ်ရာကျတဲ့အသံလို ဖြစ်သွားတယ်။ အဲဒီအသံကိုကြားရပြီး ဂန္ဓသူဌေးက "ထမင်းအတွက် အခစားလုပ်သူဟာ ငါပေးတဲ့ စည်းစိမ်ကို ဆောင်ခြင်းငှာ မစွမ်းနိုင်ဘူးထင်တယ်။ ဒါကြောင့် ဒီလူအများဟာ ပြက်ရယ်မှုပြုလိုလို့ စုဝေးကာ အော်ဟစ်နေတယ်" လို့ တွေးတယ်။ ဂန္ဓသူဌေးဟာ အဲဒီဖြစ်ပုံကို သိဖို့ရာ လူတွေကို စေလွှတ်လိုက်တယ်။ အဲဒီလူတွေက လာပြီး "အို အရှင်၊ စည်းစိမ်ကို ဆောင်ထားနိုင်သူတွေဆိုတာ အဲဒီလို ဖြစ်ကြပါစေ" လို့ ပြောကာ အဲဒီဖြစ်ပုံကို ပြောပြကြတယ်။ သူဌေးက အဲဒီအဖြစ်ကို ကြားရတယ်ဆိုရင်ပဲ ပီတိငါးမျိုး တစ်ကိုယ်လုံး ဖုံးလွှမ်းခံရတယ်။ "ဪ၊ ဒီအခစားအလုပ်သမားဟာ လုပ်နိုင်ခဲ့တဲ့ အလုပ်ကို

http://www.dhammadownload.com



လုပ်ပါပေတယ်။ ငါဟာ ဒီလောက်ကာလပတ်လုံး ဒီလိုစည်းစိမ်မှာ တည်ပြီး ဘာကိုမှ မပေးနိုင်ခဲ့” လို့ တွေးပြီး အဲဒီ အခစား အလုပ်သမားကို အခေါ်ခိုင်းတယ်။

“သင်ဟာ ဒီမည်တဲ့အမှုကို ပြုလုပ်တယ်ဆိုတာ မှန်ပါသလား”

“အရှင်သူဌေး၊ မှန်ပါပေတယ်”

“အခု အသပြာတစ်ထောင်ကိုယူပြီး သင်ရဲ့အလှူမှာ ငါ့အားလည်း အမျှပေးဝေပါ”

အဲဒီအခစားအလုပ်သမားဟာ သူ့အရှင်သူဌေးပြောတဲ့အတိုင်း ပြုလုပ်ပါတယ်။ သူဌေးကလည်း သူ့အား သူ့စည်းစိမ်အားလုံးကိုအလယ်က ခွဲပြီး ပေးပါတယ်။

သမ္ပဒါ ပြည့်စုံမှု ၄ မျိုးရှိတယ်။

၁။ ဝတ္ထုသမ္ပဒါ (ဝတ္ထုရဲ့ပြည့်စုံမှု)ဆိုတာ နိရောဓသမာပတ် ဝင်စားရာမှထလာတဲ့ ရဟန္တာ သို့မဟုတ် အနာဂါမ်ဆိုတဲ့ အလှူခံပုဂ္ဂိုလ် မြတ်ပဲ။

၂။ ပစ္စယသမ္ပဒါ (ပစ္စည်းရဲ့ပြည့်စုံမှု)ဆိုတာ ပစ္စည်းတွေရဲ့ တရားနဲ့အညီ ဖြစ်ပေါ်မှု။

၃။ စေတနာသမ္ပဒါ (စေတနာရဲ့ ပြည့်စုံမှု)ဆိုတာ မလှူမီ၊ လှူဆဲ၊ လှူပြီး ကာလသုံးပါးမှာ စေတနာမှာ ရွှင်လန်းမှု ပါရတယ်။ အသိဉာဏ် ပါရတယ်။

၄။ ဂုဏာတိရေကသမ္ပဒါ (လွန်ကဲတဲ့ဂုဏ်နဲ့ ပြည့်စုံမှု)ဆိုတာ အလှူခံပုဂ္ဂိုလ်ရဲ့ သမာပတ်မှ ထမှုပါပဲ။

ဒီအခစားအလုပ်သမားရဲ့ အလှူခံပုဂ္ဂိုလ်က အာသဝေါကုန်ခန်းထားတဲ့ ပစ္စေကဗုဒ္ဓါဖြစ်နေပါတယ်။ လှူဖွယ်ပစ္စည်းက အခစား အလုပ်ကိုလုပ်ပြီး ရထားလို့ တရားနဲ့အညီ ဖြစ်ပါတယ်။ ကာလသုံးပါးမှာ စေတနာက ထက်ဝန်းကျင်ဖြူစင်ပါတယ်။ အလှူခံ ပစ္စေကဗုဒ္ဓါကလည်း

http://www.dhammadownload.com



သမာပတ်မှ ထပြီးစ ဖြစ်ပါတယ်။ သမ္ပဒါ ၄ ပါးလုံး ပြည့်စုံနေပါတယ်။ အဲဒီသမ္ပဒါ ၄ ပါးတို့ရဲ့ အစွမ်းကြောင့် ဒီဘ၀မှာပဲ ကြီးကျယ်တဲ့စည်းစိမ်ကို ရရှိကြပါတယ်။ ဒါကြောင့် အဲဒီအခစားအလုပ်သမားဟာ သူဌေးထံက စည်းစိမ်ကို ရပါတယ်။ နောင်အခါမှာ မင်းကလည်း အခစား အလုပ်သမားလုပ်ထားတဲ့ ကုသိုလ်ကံကို ကြားရပြီး သူ့ကိုအခေါ်ခိုင်းကာ အသပြာတစ်ထောင်ပေးပြီး ကုသိုလ်ဝေစုကို ယူကာ ကျေနပ် အားရစွာ ကြီးကျယ်တဲ့စည်းစိမ်အစုကို ပေးပြီး သူဌေးရာထူးကို ပေးလိုက်ပါတယ်။ ဘတ္တဘတိကသူဌေး (ထမင်းအတွက် အခစားလုပ်တဲ့သူဌေး)လို့ အမည်တွင်ပါတယ်။

ဘတ္တဘတိကသူဌေးက ဂန္ဓသူဌေးနဲ့ သူငယ်ချင်းဖြစ်ပြီး အတူစား၊ အတူသောက်ကာ အသက်ထက်ဆုံး နေသွားပါတယ်။ အဲဒီဘ၀က သေပြီး နတ်ပြည်မှာ ဖြစ်ပါတယ်။ ဘုရားရှင်နှစ်ဆူတို့ရဲ့ အကြား ကာလပတ်လုံး နတ်စည်းစိမ်ကို ခံစားပါတယ်။ ဒီဂေါတမဘုရားရှင်ပွင့်တော်မူတဲ့အခါ သာဝတ္ထိမြို့က အရှင်သာရိပုတ္တရာရဲ့ ဆွမ်းခံအိမ်တစ်အိမ်မှာ ပဋိသန္ဓေယူပါတယ်။ ၇ နှစ်အရွယ်မှာ ရဟန္တာဖြစ်သွားတဲ့ သုခသာမဏေလေး ဖြစ်ပါတယ်။ (ဓမ္မပဒ၊ ၄၊ ဒု၊ ၅၇)

ဒီဘ၀မှာပဲ သူဌေးဖြစ်သွားစေနိုင်တဲ့ ကုသိုလ်အဟုန်ဟာ ကြီးမားလှပါတယ်။ အလှူခံပုဂ္ဂိုလ်ရော၊ လှူဖွယ်ပစ္စည်းရော၊ ကိုယ့်စေတနာရော ကောင်းမွန်ပြည့်စုံရင် ညောင်စေ့လောက် အလှူက ညောင်ပင်ကြီးလောက် ကြီးကျယ်တဲ့ အကျိုးတွေကို ရစေနိုင်ပါတယ်။ အလှူဒါနပြုကြရာမှာ အလှူခံပုဂ္ဂိုလ်ကောင်းကို ရွေးချယ်တတ်ရပါမယ်။ ကိုယ့်စေတနာသုံးတန်ကလည်း ရွှင်လန်းဝမ်းမြောက်မှု အသိဉာဏ်တွေနဲ့ ယှဉ်တွဲနေရပါတယ်။ လှူဖွယ်ပစ္စည်းကလည်း တရားသဖြင့် ရတဲ့ပစ္စည်း ဖြစ်စေရပါမယ်။ အဲဒီလိုဆိုရင် ထူးခြားတဲ့ အကျိုးတွေကို ရရှိမှာ သေချာပါတယ်။

http://www.dhammadownload.com



ဘတ္တဘတိက ရတဲ့အကျိုးလောက် မကြီးကျယ်တောင် သူ့အတိုင်း အတာနဲ့သူ ကြီးကျယ်ပါလိမ့်မယ်။

## အဲဒီအတိုင်းဖြစ်ပါစေ

စဏ္ဍာပဇ္ဇောတမင်းဟာ ဘုရားရှင်မပွင့်မီ အစိုးရသူတစ်ဦးရဲ့အလုပ် အကျွေးဖြစ်ခဲ့တယ်။ တစ်နေ့မှာ အစိုးရသူက မြို့အပြင်ကိုသွားပြီး ရေချိုး ကာ လာတဲ့အခါ ပစ္စေကဗုဒ္ဓါတစ်ပါးက မြို့ကို ဆွမ်းခံဝင်ပြီး မြို့သူမြို့ သားအားလုံးကို မာရ်နတ်က လှည့်ပတ်ထားလို့ ဆွမ်းတစ်လုံးကိုမျှ မရဘဲ ဆေးကြောထားတဲ့သပိတ်နဲ့ပဲ ထွက်လာတယ်။ ပစ္စေကဗုဒ္ဓါ မြို့တံခါးကို ရောက်တဲ့အခါ မာရ်နတ်က မထင်ရှားတဲ့အသွင်နဲ့ ချဉ်းကပ်ပြီး မေး တယ်။

"အရှင်ဘုရား၊ အရှင်ဘုရားဟာ တစ်စုံတစ်ရာကို ရခဲ့ပါသလား"

"သင်က ငါ မရအောင် လုပ်တယ်မဟုတ်လား"

"ဒီလိုဆိုရင် ပြန်လှည့်ပြီး နောက်ထပ်ဝင်ပါ။ အခု မလုပ်တော့ပါ"

"ငါဟာ နောက်ထပ် ပြန်မလှည့်တော့ပါ"

မှန်တယ်။ ပစ္စေကဗုဒ္ဓါက ပြန်လှည့်ခဲ့ရင် မာရ်နတ်က မြို့သူမြို့ သားအားလုံးရဲ့ ခန္ဓာကိုယ်မှာ ပူးဝင်ပြီး လက်ကို ပုတ်ခတ်ကာ ပြက်ရယ် ပြောင်လှောင်လိမ့်မယ်။ ပစ္စေကဗုဒ္ဓါက ပြန်မလှည့်ဘဲ သွားတဲ့အခါ မာရ် နတ်က အဲဒီနေရာမှာပဲ ကွယ်ပျောက်သွားတယ်။ အဲဒီအခါ အဲဒီနေရာ ကို အစိုးရသူက ဆေးကြောထားတဲ့ သပိတ်အတိုင်းပဲပြန်လာတဲ့ ပစ္စေက ဗုဒ္ဓါကို မြင်ပြီး ရှိခိုးကာ မေးတယ်။

"အရှင်ဘုရား၊ တစ်စုံတစ်ခု ရခဲ့ပါသလား"

"ဒကာ၊ လှည့်လည်ပြီး ထွက်ခဲ့ကြပါတယ်"

အဲဒီအစိုးရက "အရှင်မြတ်က ငါမေးတာကိုမဖြေဘဲ အခြားစကား ကိုပြောတယ်။ တစ်စုံတစ်ခုကို မရတာ ဖြစ်လိမ့်မယ်" လို့ တွေးတယ်။

http://www.dhammadownload.com



ပစ္စေကဗုဒ္ဓါရဲ့သပိတ်ကို ကြည့်တဲ့အခါ အချည်းနှီးဖြစ်နေတာကို မြင်ရပြီး အိမ်မှာ ထမင်းချက်ပြီး၊ မပြီးကို မသိလို့ ရဲရဲဝံ့ဝံ့နဲ့ သပိတ်ကို မယူရဲတဲ့ အတွက် "အရှင်ဘုရား၊ အနည်းငယ် သည်းခံပါ" လို့ လျှောက်တယ်။ အိမ်ကို အမြန်သွားပြီး "ငါတို့အတွက် ထမင်းချက်ပြီးပြီလား" လို့ မေးတယ်။ "ပြီးပါပြီ" လို့ ဖြေတဲ့အခါ အဲဒီအလုပ်အကျွေးကို ပြောတယ်။

"ချစ်သား၊ သင့်ထက်ပိုပြီး လျင်မြန်တဲ့အခြားသူမရှိပါ။ လျင်မြန်တဲ့ အဟုန်နဲ့ အရှင်မြတ်ကို အမီသွားပြီး 'အရှင်ဘုရား၊ တပည့်တော်အား သပိတ်ပေးပါ' လို့ လျှောက်ထားပြီး သပိတ်ယူကာ မြန်မြန်လာခဲ့ပါ"

အလုပ်အကျွေးက စကားတစ်ခွန်းနဲ့ပဲ အပြေးသွားကာ သပိတ်ကို ယူပြီး ယူဆောင်လာတယ်။ အစိုးရသူကလည်း သူ့ရဲ့စားဖွယ်နဲ့ သပိတ်ကို ပြည့်စေကာ "ဒီစားဖွယ်ကို အရှင်မြတ်ထံ မြန်မြန်သွားပြီး အရှင်မြတ် အား လှူလိုက်ပါ။ ငါဟာ သင့်အား အဲဒီကုသိုလ်က ကုသိုလ်ဝေစုကို ပေးပါတယ်" လို့ ပြောတယ်။

အလုပ်အကျွေးကလည်း အဲဒ်စားဖွယ်ကိုယူကာ အဟုန်နဲ့သွား ပြီး ပစ္စေကဗုဒ္ဓါအား သပိတ်ကို ပေးကာ တည်ခြင်းငါးပါးနဲ့ရှိခိုးတယ်။ ပြီးတော့ ဒီလို လျှောက်ထားတယ်။

"အရှင်ဘုရား၊ ဆွမ်းချိန်နီးကပ်လာတာမို့ တပည့်တော်ဟာ အလွန် လျင်မြန်တဲ့အဟုန်နဲ့ လာလည်း လာခဲ့ရတယ်။ သွားလည်း သွားခဲ့ရပါ တယ်။ တပည့်တော်ရဲ့ အဲဒီအဟုန်ရဲ့အကျိုးကြောင့် ယူဇနာ ၅၀၊ ၆၀၊ ၁၀၀၊ ၁၂၀ သွားနိုင်တဲ့ ယာဉ် ၅ စီး ဖြစ်ပေါ်ပါစေ။ လာချည်သွားချည် လုပ်ရတဲ့ တပည့်တော်ရဲ့ခန္ဓာကိုယ်ကို နေရောင်ပူလောင်ပါတယ်။ အဲဒါ ရဲ့အကျိုးကြောင့် ဖြစ်ရာဖြစ်ရာနေရာမှာ တပည့်တော်ရဲ့ အာဏာဟာ နေရောင်နဲ့တူပါစေ။ ဒီဆွမ်းအလှူမှာ တပည့်တော်အား အရှင်သခင်က ကုသိုလ်ဝေစုကို ပေးပါတယ်။ အဲဒါရဲ့ အကျိုးဆက်ကြောင့် တပည့်တော် ဟာ အရှင်ဘုရားတို့ မြင်သိထားတဲ့တရားကို မြင်သိရပါလို၏"

http://www.dhammadownload.com



ပစ္စေကဗုဒ္ဓါက "အဲဒီအတိုင်း ဖြစ်ပါစေ"လို့ မိန့်ပါတယ်။ ပြီးတော့ ပစ္စေကဗုဒ္ဓါတွေ မိန့်လေ့ရှိတဲ့ ဆုပေးဂါထာ ၂ ပုဒ်ကို မိန့်တော်မူပါ တယ်။ အဲဒီဂါထာ ၂ ပုဒ်က အလှူရှင်တွေရဲ့ ဝမ်းမြောက်ဝမ်းသာဖြစ်စေတဲ့ ဂါထာတွေမို့ အနုမောဒနာဂါထာတွေ မည်ပါတယ်။

(ဓမ္မပဒ၊ ဌ၊ ပ၊ ၁၂၆)

ပစ္စေကဗုဒ္ဓါတွေရဲ့ဆုပေးပုံဟာ ဆုတောင်းသူ တောင်းတဲ့အတိုင်း ပြည့်ဝပါစေလို့ပဲ ဖြစ်ပါတယ်။ ဆုတောင်းနဲ့ ဆုပေးဟာ မကွဲလွဲပါ။ တောင်းတာကတခြား၊ ပေးတာကတခြား မဟုတ်ပါ။ ဆုပေးတဲ့ ပုဂ္ဂိုလ်တွေဟာ ပစ္စေကဗုဒ္ဓါတွေရဲ့ဆုပေးပုံကို သတိမူသင့်ကြပါတယ်။

http://www.dhammadownload.com

## အငတ်ဘေး ကင်းဝေးစေတဲ့ အလှူ

ဗာရာဏသီသူဌေးကတော်ဟာ ထမင်းကိုချက်ပြီး ငါးစုခွဲကာ သူဌေးအတွက် အဖို့အစုထမင်းကိုခူးပြီး ရှေ့မှာထားတယ်။ အဲဒီခဏမှာ ဂန္ဓမာဒနတောင်က ပစ္စေကဗုဒ္ဓါဟာ သမာပတ်မှ ထတယ်။ သမာပတ်အတွင်းမှာ သမာပတ်ရဲ့စွမ်းအားကြောင့် ဆာလောင်မှုက မနှိပ်စက်ဘဲ ရှိပါသတဲ့။ သမာပတ်မှထတဲ့ ပုဂ္ဂိုလ်တွေမှာတော့ ဆာလောင်မှုက အားကြီးပြီး ဝမ်းဗိုက်အလွှာကို လောင်မြိုက်သလိုဖြစ်ပါတယ်။ ဒါကြောင့် ပစ္စေကဗုဒ္ဓါတွေဟာ ဆွမ်းရနိုင်မယ့်နေရာကို ကြည့်ပြီး သွားကြပါတယ်။ အဲဒီနေ့မှာလည်း အဲဒီပစ္စေကဗုဒ္ဓါတွေအား အလှူလှူပြီး စစ်သူကြီးရာထူး စတဲ့ အရာတွေထဲက ပြည့်စုံမှုတစ်ခုခုကို ရကြပါတယ်။ ဒါကြောင့် အဲဒီပစ္စေကဗုဒ္ဓါကလည်း ဒိဗ္ဗစက္ခုအဘိညာဉ်နဲ့ ကြည့်ရှုတော်မူတယ်။ "ဇမ္ဗူဒိပ်တစ်ကျွန်းလုံးမှာ ငတ်မွတ်မှုဘေး ဖြစ်ပေါ်နေတယ်။ သူဌေးအိမ်မှာ လူငါးယောက်စာအတွက် ဆန်တစ်ခွက်ချက် ထမင်းပဲ ကျက်နေတယ်။ အဲဒီလူတွေဟာ သဒ္ဓါရှိကြသလား။ ငါ့ကို ချီးမြှောက်နိုင် ကြလေမလား" လို့ကြည့်တော်မူတဲ့အခါ အဲဒီလူတွေမှာ သဒ္ဓါရှိတာနဲ့ ချီးမြှောက်

နိုင်တာကို မြင်တယ်။ သပိတ်၊ သင်္ကန်းကိုယူပြီး သူဌေးကြီးရဲ့ ရှေ့မှာ တံခါးမှာရပ်နေတဲ့ သူ့ကိုယ်သူ ထင်ရှားပြတယ်။

သူဌေးက ပစ္စေကဗုဒ္ဓါကိုမြင်ပြီး ကြည်ညိုစိတ်ဖြစ်ကာ "ငါဟာ ရှေးကလည်းအလှူ မလှူခဲ့လို့ ဒီလိုအငတ်ဘေးကို တွေ့ကြုံရတယ်။ ဒီထမင်းက ငါ့ကို တစ်နေ့ပဲ စောင့်ရှောက်နိုင်မယ်။ ပစ္စေကဗုဒ္ဓါအား လှူတဲ့အလှူဟာ ကမ္ဘာကုဋေပေါင်းများစွာ ငါ့ရဲ့စီးပွားချမ်းသာကို ဆောင်လိမ့်မယ်" လို့တွေးပြီး အဲဒီထမင်းခွက်ကို ဖယ်ရှားလိုက်တယ်။ ပစ္စေကဗုဒ္ဓါကို ချဉ်းကပ်ပြီး တည်ခြင်းငါးပါးနဲ့ ရှိခိုးကာ အိမ်ကိုပင့်တယ်။ နေရာမှာ ထိုင်နေတဲ့ ပစ္စေကဗုဒ္ဓါရဲ့ ခြေတွေကို ဆေးကြောပြီး ရွှေခြေဆေး အင်းပျဉ်မှာထားကာ ထမင်းခွက်ကိုယူပြီး ပစ္စေကဗုဒ္ဓါရဲ့သပိတ်ထဲ လောင်းထည့်လိုက်တယ်။ ဆွမ်းက တစ်ဝက် ကျန်နေတဲ့အခါ ပစ္စေကဗုဒ္ဓါက လက်နဲ့ သပိတ်ကိုပိတ်တယ်။ အဲဒီအခါ ပစ္စေကဗုဒ္ဓါကို "အရှင်ဘုရား၊ ဒီထမင်းက ဆန်တစ်ခွက်နဲ့ချက်ထားတဲ့ ငါးယောက်စာထမင်းထဲက တစ်ပုံပဲ ဖြစ်ပါတယ်။ ဒီထမင်းကို နှစ်ပိုင်းမခွဲနိုင်ပါ။ တပည့်တော်အား ဒီဘဝတွက်သာ မချီးမြှောက်ပါနဲ့။ တပည့်တော်အကုန်လုံးကို လှူလိုပါတယ်" လို့ ပြောပြီး ထမင်းအားလုံးကို လှူလိုက်ပါတယ်။

လှူပြီးတော့လည်း ဆုတောင်းတယ်။

"အရှင်ဘုရား၊ တပည့်တော်ဟာ နောက်ထပ်ဖြစ်ရာဖြစ်ရာအရပ်မှာ ဒီလိုအငတ်ဘေး မတွေ့လိုပါ။ အခုအချိန်ကစပြီး ဇမ္ဗူဒိပ်တစ်ကျွန်းလုံးမှာ နေတဲ့သူတွေအား မျိုးစေ့ထမင်းကို ပေးနိုင်ရပါလို၏။ ကိုယ့်လက်နဲ့ အလုပ်လုပ်ပြီး အသက်မွေးမှုမပြုလိုပါ။ ကျီပေါင်း ၁၂၅၀ ကို အရှင်းခိုင်းပြီး ဦးခေါင်းလျှော်ကာ အဲဒီလူတွေရဲ့ တံခါးမှာထိုင်ပြီး အထက်ကို ကြည့်လိုက်တဲ့ခဏမှာပဲ သလေးစပါးနီအလျဉ်တွေ ကျလာပြီး တပည့်တော်ရဲ့ ကျီအားလုံးကို ပြည့်စေကုန်ရာပါ၏။ ဖြစ်ရာဖြစ်ရာ အရပ်မှာ

http://www.dhammadownload.com



လည်း ဒီမယားပဲမယား ၊ ဒီသားပဲသား၊ ဒီချွေးမပဲချွေးမ၊ ဒီကျွန်ပဲကျွန် ဖြစ်ပါစေ”

သူဌေးရဲ့မယားကလည်း “ငါ့ခင်ပွန်းကို ဆာလောင်မှုက နှိပ်စက်တဲ့အခါ ငါဟာ စားခြင်းငှာ မစွမ်းနိုင်” လို့ ကြံပြီး သူ့အဖို့အစုကို ပစ္စေကဗုဒ္ဓါအား လှူပြီး ဆုတောင်းတယ်။

“အရှင်ဘုရား၊ အခုဖြစ်ရာဖြစ်ရာအရပ်မှာ ဒီလိုအငတ်ဘေးကို မမြင်တွေ့လိုပါ။ ထမင်းအိုးကို ရှေ့မှာချပြီး ဇမ္ဗူဒိပ်နေသူအားလုံးအား ထမင်းပေးပေမယ့်လည်း တပည့်တော်မထသေးသမျှ ယူတိုင်းယူတိုင်း သောနေရာဟာ ပြည့်မြဲသာပြည့်ပါစေ။ ဒီလင်ပဲလင်၊ ဒီသားပဲသား၊ ဒီချွေးမပဲချွေးမ၊ ဒီကျွန်ပဲကျွန် ဖြစ်ပါစေ”

သူဌေးရဲ့သားကလည်း သူ့အဖို့အစုကို ပစ္စေကဗုဒ္ဓါအား လှူပြီး ဆုတောင်းတယ်။

“အရှင်ဘုရား၊ ဒီအချိန်ကစပြီး ဒီလိုအငတ်ဘေးကို မမြင်တွေ့လိုပါ။ တပည့်တော်ဟာ အသပြာတစ်ထောင်အိတ်တစ်အိတ်ကို ယူပြီး ဇမ္ဗူဒိပ်ကျွန်းသူကျွန်းသားအားလုံးအား အသပြာပေးပေမယ့်လည်း ဒီတစ်ထောင်အိတ်ဟာ ပြည့်မြဲပြည့်ပါစေ။ ဒီမိဘတွေပဲ မိဘ၊ ဒီမယားပဲ မယား၊ ဒီကျွန်ပဲ ကျွန် ဖြစ်ပါစေ”

သူဌေးရဲ့ချွေးမကလည်း သူ့အဖို့အစုကို ပစ္စေကဗုဒ္ဓါအား လှူပြီး ဆုတောင်းတယ်။

“ဒီအချိန်ကစပြီး ဒီလိုအငတ်ဘေးကို မမြင်တွေ့လိုပါ။ တပည့်တော်ဟာ စပါးတောင်းတစ်တောင်းကို ရှေ့မှာထားကာ ဇမ္ဗူဒိပ်နေသူအားလုံးအား မျိုးစေ့ထမင်းကို ပေးပေမယ့်လည်း ကုန်တာ မထင်ရှားပါစေနဲ့။ ဖြစ်ရာဖြစ်ရာအရပ်မှာ ဒီယောက္ခမတွေပဲ ယောက္ခမ၊ ဒီလင်ပဲ လင်၊ ဒီကျွန်ပဲ ကျွန် ဖြစ်ပါစေ”

http://www.dhammadownload.com



ကျွန်ကလည်း သူ့အဖို့အစုကို ပစ္စေကဗုဒ္ဓါအား လှူပြီး ဆုတောင်းတယ်။

“ဒီအချိန်ကစပြီး ဒီလိုအငတ်ဘေးကို မမြင်တွေ့လိုပါ။ ဒီလူအားလုံး အရှင်သခင်တွေ ဖြစ်ကြပါစေ။ တပည့်တော် လယ်ထွန်တဲ့အခါမှာလည်း ဒီနေရာ ထွန်ကြောင်းသုံးကြောင်း၊ ဟိုနေရာက ထွန်ကြောင်းသုံးကြောင်း၊ အလယ်က ထွန်ကြောင်းတစ်ကြောင်းအားဖြင့် သစ်သားကျင်းလောက်ရှိတဲ့ ထွန်ကြောင်း ၇ ကြောင်း၊ ၇ ကြောင်း သွားကြပါစေ”

အဲဒီကျွန်ဟာ အဲဒီနေ့မှာ စစ်သူကြီးရာထူးကို ဆုတောင်းပြီး ရနိုင်ပေမယ့် အရှင်သခင်တွေအပေါ် တွယ်တာမှုကြောင့် “ဒီလူတွေပဲ တပည့်တော်ရဲ့ အရှင်သခင်တွေ ဖြစ်ကြပါစေ”လို့ ဆုတောင်းတယ်။ ပစ္စေကဗုဒ္ဓါက လူအားလုံးရဲ့ စကားအဆုံးမှာ “အဲဒီအတိုင်း ဖြစ်ပါစေ” လို့ မိန့်ပါတယ်။ ပြီးတော့ ပစ္စေကဗုဒ္ဓါတွေ ဆုပေးလေ့ရှိတဲ့ ပစ္စေကဗုဒ္ဓါ ဂါထာနှစ်ပုဒ်တို့နဲ့ အနုမောဒနာပြုပါတယ်။ “ငါဟာ သူတို့ရဲ့စိတ်ကို ကြည်လင်စေသင့်တယ်”လို့ တွေးပြီး “ဂန္ဓမာဒနတောင်တိုင်အောင် ဒီလူတွေ ငါ့ကို မြင်ကြပါစေသတည်း” လို့ အဓိဋ္ဌာန်ပြီး ဖဲသွားတယ်။ အဲဒီလူတွေကလည်း ကြည့်ပြီးပဲ ရပ်နေကြတယ်။ အဲဒီပစ္စေကဗုဒ္ဓါက ကြွသွားပြီး အဲဒီဆွမ်းကို ပစ္စေကဗုဒ္ဓါငါးရာနဲ့အတူ ခွဲဝေတယ်။ အဲဒီ ဆွမ်းဟာ အဲဒီပစ္စေကဗုဒ္ဓါရဲ့ အစွမ်းအာနုဘော်ကြောင့် ပစ္စေကဗုဒ္ဓါ အားလုံးအတွက်လည်း လောက်တယ်။ အဲဒီလူတွေက ကြည့်ရင်းပဲ ရပ်နေကြတယ်။

မွန်းလွဲသွားတဲ့အခါ သူဌေးကတော်က ထမင်းအိုးကို ဆေးပြီး ပိတ်ကာထားတယ်။ သူဌေးကလည်း ဆာလောင်မှုက နှိပ်စက်ခံရလို့ လဲလျောင်းပြီး အိပ်ပျော်သွားတယ်။ သူဌေးက ညနေပိုင်းမှာ နိုးပြီး မယားကို “ရှင်မရေ၊ ငါဟာ အလွန်အကဲပဲ ဆာလောင်တယ်။ ထမင်းအိုး အပြင်မှာ ထမင်းချိုးများ ရှိသေးလား” လို့ မေးတယ်။ သူဌေးကတော်က ဆေးကြောပြီး ထမင်းအိုးကို ထားမှန်းသိပေမယ့်လည်း “မရှိပါ” လို့ မပြောဘဲ

http://www.dhammadownload.com



"ထမင်းအိုးကို ဖွင့်ပြီး ပြောပါမယ်" လို့ ပြောကာ ထပြီး ထမင်းအိုးအခြေကို သွားကာ ထမင်းအိုးကို ဖွင့်တယ်။ အဲဒီခဏမှာပဲ မြတ်လေးပန်းအငုံနဲ့တူတဲ့၊ အဆင်းရှိတဲ့ ထမင်းနဲ့ပြည့်နေတဲ့ ထမင်းအိုးဟာ အဖုံးကို မြှောက်ချီပြီး ရပ်တည်နေတယ်။ သူဌေးကတော်က အဲဒီ ထမင်းအိုးကို မြင်ပြီးချင်းပဲ တစ်ကိုယ်လုံး ပီတိဖုံးလွှမ်းခံရလို့ သူဌေးကို "အရှင်၊ ထပါ။ ငါဟာ ထမင်းအိုးကို ဆေးပြီး ပိတ်ထားခဲ့ပါတယ်။ အဲဒီ ထမင်းအိုးက မြတ်လေးပန်းအငုံနဲ့တူတဲ့ အဆင်းရှိတဲ့ ဆွမ်းနဲ့ပြည့်နေပါတယ်။ ကောင်းမှုတွေဆိုတာ ပြုထိုက်တဲ့သဘောရှိကြပါပေတယ်။ဒါနဆိုတာ ပြုထိုက်တာနဲ့ ယှဉ်တယ်။ အရှင်၊ ထပါ၊ စားပါ" လို့ ပြောတယ်။ သူဌေးကတော်က အဖေနဲ့သားအား ထမင်းကို ပေးတယ်။ သူတို့စားပြီး ထသွားတဲ့အခါ ချွေးမနဲ့အတူ ထိုင်ပြီးစားကာ ပုဏ္ဏကျွန်အား ထမင်းကို ပေးတယ်။ ယူတိုင်း၊ ယူတိုင်းသောနေရာဟာ မကုန်ပါ။ ဇွန်းနဲ့ တစ်ကြိမ်ယူရာ နေရာသာ ထင်ရှားပါတယ်။ အဲဒီနေ့မှာ ကျီစသည်တွေဟာ ရှေးက ပြည့်တဲ့နည်းအတိုင်းပဲ နောက်ထပ် ပြည့်လာတယ်။

"သူဌေးရဲ့အိမ်မှာ ထမင်းဖြစ်ပါပြီ။ မျိုးစေ့ထမင်းကို အလိုရှိသူတွေလာပြီး ယူကြပါ" လို့ မြို့မှာ ကြွေးကြော်တယ်။ လူတွေက သူဌေးအိမ်က မျိုးစေ့ထမင်းကို ယူကြတယ်။ ဇမ္ဗူဒိပ်နေသူအားလုံးဟာ သူဌေးကို မှီပြီး အသက်မွေးကြတာပါပဲ။ သူဌေးဟာ အဲဒီဘဝက သေပြီး နတ်ပြည်မှာ ဖြစ်တယ်။ နတ်ဘဝ၊ လူဘဝတွေမှာ ကျင်လည်ရင်း ငါတို့ ဂေါတမဘုရားရှင် ပွင့်တော်မူတဲ့အခါ ဘဒ္ဒိယမြို့က သူဌေးအမျိုးမှာ ဖြစ်တယ်။ သူဌေးကတော်ကလည်း စည်းစိမ်ပေါများတဲ့အမျိုးမှာ ဖြစ်ကာ အရွယ်ရောက်ပြီး သူ့အိမ်ကိုပဲ လိုက်သွားတယ်။ သူဌေးမှာ သူ့ရှေးကံကို မှီပြီး အိမ်နောက်မှာ ရှစ်ပယ်ရှိတဲ့အရပ်မှာ ဆင်၊ မြင်း၊ နွားလားဥသဘလောက်ရှိတဲ့ ရွှေဆိတ်တွေ ထွက်ပေါ်လာကြပါတယ်။ သားကလဲဒီသား၊ ချွေးမ

http://www.dhammadownload.com



ကလည်း ဒီချွေးမ၊ ကျွန်ကလည်း ဒီကျွန်ပဲဖြစ်ကြပါတယ်။ သူဌေး ကတော်နာမည်က စန္ဒပဒုမာ၊ သားက မေနဍ္ဍယ၊ ချွေးမက သုမနဒေဝီ၊ မြေးမက ဝိသာခါ၊ ကျွန်က ပုဏ္ဏ၊ သူတို့ရဲ့ဆုတောင်းတွေ ပြည့်ကြပါ တယ်။

(ဓမ္မပဒ၊ ၅၊ ၃၊ ၂၃၄)

ပစ္စေကဗုဒ္ဓါတွေ သမာပတ်ဝင်စားတဲ့အခါ သမာပတ်အတွင်းမှာ သမာပတ်အစွမ်းကြောင့် ဆာလောင်မှုမရှိတာဟာ မှတ်သားစရာပါပဲ။ သမာပတ်က ထလာရင်တော့ ပူလောင်လာပါသတဲ့။ သမာပတ်ကထ လာတဲ့ ပစ္စေကဗုဒ္ဓါတွေအား လှူရတဲ့အလှူဟာ မျက်မှောက်ဘဝမှာပဲ ကောင်းကျိုးတွေကို ပေးနိုင်ပါပေတယ်။ လှူရကျိုးနပ်ဖို့ရာ အလှူခံ ပုဂ္ဂိုလ်ဟာ အရေးပါလှပါတယ်။ အလှူရှင်တွေ ဝမ်းသာကြည်နူးဖွယ် ဖြစ်အောင် တန်ခိုးနဲ့ကြွပြကြ၊ ခွဲဝေကြတာဟာ သတိပြုစရာပါပဲ။

http://www.dhammadownload.com

# ပဒုမ္မာကြာပေါ်က ဆွမ်းအလှူ

ရှေးအခါက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ္တမင်း အုပ်ချုပ်တဲ့အခါ ဘုရားလောင်းက ဗာရာဏသီသူဌေးအမျိုးမှာ ဖြစ်ပြီး ချမ်းသာရဲ့ အဆောက်အဦးမျိုးစုံနဲ့ နတ်မင်းသားလို ကြီးပြင်းလာတဲ့အခါ အစဉ်အတိုင်း တတ်သိနားလည်တဲ့အရွယ် ရောက်လာတယ်။ ၁၆ နှစ်အရွယ်မှာပဲ အတတ်ပညာအားလုံး ပြီးဆုံးတတ်မြောက်တယ်။ ဘုရားလောင်းက ဖခင်ကွယ်လွန်တဲ့အခါ သူဌေးရာထူးမှာ ရပ်တည်ပြီး မြို့တံခါး ၄ ခုမှာ အလှူဇရပ် ၄ ခု၊ မြို့လယ်မှာ ၁ ခု၊ သူ့နေအိမ်တံခါးမှာ ၁ ခု၊ ပေါင်း ဇရပ် ၆ခု ဆောက်လုပ်ခိုင်းပြီး အလှူကြီးပေးတယ်။ သီလစောင့်တယ်။ ဥပုသ်ကံ ပြုလုပ်တယ်။ တစ်နေ့မှာ နံနက်စာအချိန်မှာ ဘုရားလောင်းထံ အရသာကောင်းအမျိုးမျိုးပါတဲ့ မြတ်နိုးဖွယ်စားဖွယ်ကို ကပ်ဆောင်လာတဲ့အခါ ပစ္စေကဗုဒ္ဓါတစ်ပါးက ၇ ရက်လွန်သွားလို့ နိရောဓသမာပတ်မှထပြီး ဆွမ်းခံချိန်ကို မှတ်သားကာ "ဒီနေ့ ငါဟာ ဗာရာဏသီသူဌေးရဲ့ အိမ်တံခါးကို သွားသင့်တယ်" လို့ တွေးပြီး ကွမ်းရိုးတံပူကို စားကာ အနောတတ္တအိုင်မှာ မျက်နှာသစ်တယ်။ ဆေးဒါန်းမြင်းသီလာကျောက်ဖျာမှာ ရပ်ရင်း သင်းပိုင်ကို ပြင်ဝတ်ကာ လျှပ်ရောင်နဲ့တူတဲ့ ခါးပန်းကြိုးကို ပတ်ပြီး သင်္ကန်းရုံတယ်။ တန်ခိုးနဲ့ပြီးစေတဲ့ မြေညက်သပိတ်ကို ယူကာ ကောင်းကင်ခရီးနဲ့လာပြီး ဘုရားလောင်းထံ ထမင်းကို ကပ်ဆောင်ကာမှုမှာ အိမ်တံခါးမှာ ရပ်တာယ်။

http://www.dhammadownload.com



ဘုရားလောင်းက ပစ္စေကဗုဒ္ဓါကို မြင်ပြီးချင်းပဲ နေရာမှထကာ အလွန်ရှိသေပျပ်ဝပ်မှုကိုပြုပြီး အစီအမံပြုလုပ်သူကို ကြည့်လိုက်တယ်။ "အရှင်သူဌေး၊ ဘာကို လုပ်ပေးရပါမလဲ"လို့ မေးတဲ့အခါ "အရှင်မြတ်ရဲ့ သပိတ်ကို ဆောင်ယူခဲ့ပါ" လို့ ပြောတယ်။ အဲဒီခဏမှာပဲ ယုတ်မာတဲ့ မာရ်နတ်က တုန်လှုပ်လျက် ထပြီး "ဒီပစ္စေကဗုဒ္ဓါဟာ ဒီနေ့မှ ၇ ရက်မြောက်မှာ အာဟာရကို ရခဲ့တယ်။ ဒီနေ့မရလို့ ပျက်စီးလိမ့်မယ်။ ဒီပစ္စေကဗုဒ္ဓါကိုလည်း ဖျက်ဆီးမယ်။ သူဌေးရဲ့ ဒါနအန္တရာယ်ကိုလည်း ပြုလုပ်မယ်"လို့ ကြံပြီး အဲဒီခဏမှာပဲ လာကာ အကြားနေရာမှာ အတောင် ၈၀ လောက်ရှိတဲ့ မီးကျီးတွင်းကို ဖန်ဆင်းတယ်။ အဲဒီမီးကျီးတွင်းဟာ ရှားမီးကျီးတွေနဲ့ ပြည့်နေတယ်။ အလျှံတပြောင်ပြောင် တောက်လောင်နေတယ်။ အဝီစိငရဲကြီးလို့ ထင်ရတယ်။ အဲဒီတွင်းကို ဖန်ဆင်းပြီး မာရ်နတ်ကိုယ်တိုင်က ကောင်းကင်မှာ ရပ်တည်နေတယ်။

သပိတ်ကို ဆောင်ယူဖို့ သွားတဲ့ ယောကျ်ားက အဲဒီမီးကျီးတွင်းကို မြင်ပြီး အကြီးအကျယ်ကြောက်ကာ ပြန်လာတယ်။ ဘုရားလောင်းက "ချစ်သား၊ ဘာလို့ ပြန်လာတာလဲ" လို့ မေးတယ်။ "အိုအရှင်သူဌေး၊ အကြားအရပ်မှာ ကြီးကျယ်တဲ့ မီးကျီးတွင်းက အလျှံတပြောင်ပြောင် တောက်လောင်နေပါတယ်" လို့ ပြောတယ်။ အဲဒီအခါ နောက်တစ်ယောက်၊ နောက်တစ်ယောက်နဲ့ လာလာသမျှ လူအားလုံးကလည်း ကြောက်ကာ အမြန်ပြေးလာကြတယ်။ ဘုရားလောင်းက အောက်ပါအတိုင်း ကြံစည်တယ်။

"ဒီနေ့မာရ်နတ်က ငါ့ရဲ့ဒါနအန္တရာယ်ကို ပြုလိုလို့ ကြိုးစားလိမ့်မယ်။ မာရ်နတ်တစ်ရာ၊ တစ်ထောင်ကလည်း ငါ့ကို တုန်လှုပ်အောင် မလုပ်နိုင်ကာကို သူမသိ၊ ဒီနေ့ အခု ငါနဲ့ မာရ်နတ်ရဲ့ အင်အားအစွမ်းကြီးကျယ်တာကို ငါသိမယ်"

http://www.dhammadownload.com



ဘုရားလောင်းက ပြင်ဆင်ပြီးသားဖြစ်တဲ့ အဲဒီထမင်းခွက်ကို ကိုယ်တိုင်ယူပြီး အိမ်မှထွက်ကာ မီးကျီးတွင်းနှုတ်ခမ်းမှာ ရပ်ပြီး ကောင်းကင်ကို မော်ကြည့်တယ်။ မာရ်နတ်ကိုမြင်ပြီး "သင်က ဘယ်သူလဲ"လို့ မေးတယ်။

"ငါဟာ မာရ်နတ်ပါ"

"ဒီမီးကျီးတွင်းကို သင် ဖန်ဆင်းထားတာလား"

"ဟုတ်တယ်၊ ငါ ဖန်ဆင်းထားတယ်"

"ဘယ်အကျိုးငှာလဲ"

"သင့်ဒါနကို အန္တရာယ်ပြုဖို့နဲ့ ပစ္စေကဗုဒ္ဓါရဲ့အသက်ကို ဖျက်ဆီးဖို့ပါပဲ"

ဘုရားလောင်းက " ငါဟာ သင့်အား ငါ့အလှူနဲ့ ပစ္စေကဗုဒ္ဓါရဲ့ အသက်ကို အန္တရာယ်ပြုခွင့်မပေးအံ့။ ဒီနေ့ အခု ငါနဲ့ သင့်ရဲ့ အင်အား အစွမ်းကြီးမားပုံကို ငါသိမယ်" လို့ ပြောပြီး မီးကျီးတွင်းနှုတ်ခမ်းမှာရပ်ကာ "အရှင်ဘုရား ပစ္စေကဗုဒ္ဓါ၊ တပည့်တော်ဟာ ဒီမီးကျီးတွင်းထဲမှာ ကျွမ်းပြန်ကျစေဦးတော့၊ ပြန်မလှည့်ပါ။ အရှင်ဘုရားက တပည့်တော်လှူတဲ့စားဖွယ်ကိုသာ ခံယူတော်မူကြပါ" လို့ လျှောက်တယ်။ ခိုင်မြဲတဲ့ဆောက်တည်ချက်နဲ့ ထမင်းခွက်ကိုယူပြီး မီးကျီးတွင်းပေါ်က ပြေးသွားတယ်။ အဲဒီခဏမှာပဲ အတောင်ရှစ်ဆယ်နက်တဲ့ မီးကျီးတွင်း အပြင်မှာ အထက်အထက်မှာဖြစ်တဲ့ ပွင့်ချပ်တစ်ရာပါတဲ့ ပဒုမ္မာကြာပန်းကြီးတစ်ပွင့်ဟာ ပေါ်ထွက်လာပြီး ဘုရားလောင်းရဲ့ခြေတွေကို ခံယူတယ်။ အဲဒီကနောက် ပြည်တောင်းကြီးလောက်ရှိတဲ့ ဝတ်မှုန်ဟာ အပေါ်တက်လာပြီး ဘုရားလောင်းရဲ့ဦးထိပ်မှာ တည်ကာ တစ်ကိုယ်လုံးကို ရွှေမှုန်တွေနဲ့ ရောပွမ်းသလို ပြုလုပ်တယ်။ ဘုရားလောင်းက ပဒုမ္မာကြာအချပ်မှာ ရပ်ကာ အရသာကောင်းအမျိုးမျိုး ပါတဲ့စားဖွယ်ကို ပစ္စေကဗုဒ္ဓါရဲ့ သပိတ်ထဲမှာ တည်စေပါတယ်။ ပစ္စေကဗုဒ္ဓါက အဲဒီဆွမ်းကို ခံယူပြီး အနုမောဒနာပြုကာ သပိတ်ကို ကောင်းကင်မှာ ပစ်လိုက်တယ်။ လူအများကြည့်နေစဉ်မှာပဲ ပစ္စေကဗုဒ္ဓါကိုယ်တိုင်လည်း ကောင်းကင်ကို

http://www.dhammadownload.com



ပျံတက်ကာ တိမ်တိုက်အစဉ်အမျိုးမျိုးကို နင်းချေသည့်ပမာ ဟိမဝန္တာကိုပဲ ကြွသွားပါတယ်။

မာရ်နတ်ကလည်း ရှုံးလို့ စိတ်ဆင်းရဲကာ သူ့နေရာကိုပဲ ပြန်သွားတယ်။ ဘုရားလောင်းကတော့ ပဒုမ္မာကြာအချပ်မှာ ရပ်ရင်းပဲ လူအများအား ဒါန၊ သီလကို ချီးမွမ်းမှုနဲ့ တရားဟောတယ်။ လူအများဝန်းရံပြီး ကိုယ့်နေရာကိုပဲ ဝင်သွားတယ်။ အသက်ထက်ဆုံး ဒါနစတဲ့ ကောင်းမှုတွေကို ပြုလုပ်ပြီး ကံအားလျော်စွာ ရှေ့ဘဝခရီး ဆက်သွားတယ်။

**(ဇာတ်၊ ၄၊ ပ၊ ၂၄၉)**

ပစ္စေကဗုဒ္ဓါကို ပရိနိဗ္ဗာန်စံသွားအောင် အနှောင့်အယှက်ပေးလိုတဲ့ မာရ်နတ်ရဲ့စိတ်ထားဟာ အံ့အားသင့်စရာပါပဲ။ ရှားမီးကျီးတွင်းကို ကျော်နင်းဖြတ်သွားရဲတဲ့ ဘုရားလောင်းရဲ့စိတ်ထားကတော့ အံ့မခန်းပါပဲ။ ဒီလောက် ပူလောင်နေတဲ့ မီးကျီးတွေကို ဘယ်လိုပုဂ္ဂိုလ်က ဖြတ်သွားရဲမှာလဲ။ ဖြတ်သွားဖို့ စိတ်တောင်ကူးမယ်မဟုတ်ပါ။ ဘုရားလောင်းရဲ့ သတ္တိကို နတ်ဆိုးကြီးမာရ်နတ်တောင် လက်မြှောက်ရပါတယ်။ လက်မှိုင်ချရပါတယ်။ ဘုရားလောင်းရဲ့သတ္တိကို ပဒုမ္မာကြာပန်းက ကြိုဆိုပါတယ်။ ဘုရားလောင်း သူတော်ကောင်းနဲ့ မာရ်နတ် နတ်ယုတ်မာတို့ သတ္တိချင်းယှဉ်ပြိုင်ကြပါတယ်။ မာရ်နတ်ရဲ့သတ္တိညံ့ပါတယ်။ ရှုံးသွားပါတယ်။

"ထမင်းအသက် ၇ ရက်" လို့ မြန်မာတို့ ပြောလေ့ရှိကြပါတယ်။ ပစ္စေကဗုဒ္ဓါဟာ နိရောဓသမာပတ်ကို ၇ ရက်ပတ်လုံး ဝင်စားတော်မူပါတယ်။ ၈ ရက်မြောက်မှာ အစာမစားရရင် ပျက်စီးနိုင်တယ်လို့ဆိုပါတယ်။ မြန်မာတို့ ဆိုရိုးစကားနဲ့ညီပါတယ်။ အစာကိုမှီရတဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ထားတာမို့ ပစ္စေကဗုဒ္ဓါတွေလည်း အစာနဲ့ကင်းလို့ ၇ ရက် ထက်ပိုပြီး မရကြပါ။ ၇ ရက်ထက် ပိုလို့ရရင် ၇ ရက်ထက်ပိုပြီး သမာပတ်ဝင်စားတော်မူကြမှာ သေချာပါတယ်။

http://www.dhammadownload.com

# စိစစ်ပြီး လှူပါ

ရှေးအခါက ကုရုတိုင်း၊ ဣန္ဒပတ္ထမြို့မှာ ယုဓိဋ္ဌိလအနွယ်ရှိ ကောရဗျ မင်းဟာ အုပ်ချုပ်တယ်။ အဲဒီမင်းမှာ ဝိဓုရ မည်တဲ့ အမတ်က အကျိုးကို ရော အကြောင်းကိုပါ ဆုံးမသွန်သင်တယ်။ မင်းက ဇမ္ဗူဒိပ်တစ်ကျွန်းလုံး ကို ချောက်ချားစေပြီး အလှူကြီးလှူတယ်။ အဲဒီအလှူကိုယူပြီး စားကြ သူတွေထဲမှာ တစ်ယောက်မှ ငါးပါးသီလမျှတောင် စောင့်ရှောက်သူ ဆို တာ မရှိပါ။ အားလုံးက သီလမရှိသူတွေချည်းပါပဲ။ အလှူက မင်းကို မကျေနပ်စေပါ။ မင်းက "စိစစ်ရွေးချယ်ပြီး လှူတာဟာ အကျိုးကြီးတယ်" လို့ တွေးပြီး သီလရှိသူတွေအား လှူလိုလို့ ဝိဓုရ ပညာရှိနဲ့ အတူတိုင်ပင် မယ်" လို့ ကြံတယ်။ မင်းက ဝိဓုရ ဆည်းကပ်ရာအရပ်ကို လာတဲ့အခါ နေရာထိုင်စေပြီး ပြဿနာကို မေးပါတယ်။ ဝိဓုရပညာရှိက ပစ္စေကဗုဒ္ဓါ အရှင်မြတ်တွေကို ပင့်ဖိတ်ဖို့ ညွှန်ကြားပါတယ်။

မင်းက ဝိဓုရရဲ့ စကားကို နာကြားပြီး "မိတ်ဆွေ ဝိဓုရ၊ အမြတ်ဆုံး ဖြစ်တဲ့ အလှူခံပုဂ္ဂိုလ်တွေက ဘယ်မှာနေကြလဲ" လို့ မေးတယ်။ "မင်းကြီး၊ ဟိမဝန္တာရဲ့ မြောက်ပိုင်းက နန္ဒမူလကတောင်ဝှမ်းမှာ နေကြပါတယ်" လို့ ဖြေတယ်။ မင်းက "ဝိဓုရပညာရှိ၊ ဒီလိုဆိုရင် သင့်အစွမ်းနဲ့ သီလ၊

http://www.dhammadownload.com



သုတနဲ့ ပြည့်စုံတဲ့ ပစ္စေကဗုဒ္ဓါတွေကို ငါ့အတွက် ရှာဖွေပေးပါ။ အမြန်လည်း ပင့်ဆောင်ပေးပါ” လို့ ပြောတယ်။ ဘုရားလောင်းဖြစ်တဲ့ ဝိဓုရပညာရှိက “ကောင်းပါပြီ” လို့ မင်းရဲ့စကားကို လက်ခံပြီး “မင်းကြီး ဒီလိုဆိုရင် မြို့ကို တန်ဆာဆင်ခိုင်းကာ မြို့သူမြို့သားအားလုံး အလှူလှူပြီး ဥပုသ်ဆောက်တည်ကာ သီလဆောက်တည်နေကြပါစေ” လို့ ပြောတယ်။ ဝိဓုရကိုယ်တိုင် နံနက်စောစောပဲ စားပြီး ဥပုသ်ဆောက်တည်ကာ ညနေပိုင်းမှာ မြတ်လေးပန်းတွေနဲ့ ပြည့်နေတဲ့ ရွှေသေတ္တာကို ဆောင်ယူစေပါတယ်။ မင်းနဲ့အတူ တည်ခြင်းငါးပါးနဲ့တည်ပြီး ပစ္စေကဗုဒ္ဓါတွေရဲ့ ဂုဏ်တွေကို အဖန်ဖန် အောက်မေ့ကာ ရှိခိုးတယ်။ ဟိမဝန္တာရဲ့ မြောက်ပိုင်းက နန္ဒမူလက တောင်ဝှမ်းမှာနေကြတဲ့ ပစ္စေကဗုဒ္ဓါငါးရာဟာ နက်ဖြန် တပည့်တော်တို့ရဲ့ ဆွမ်းကို ခံယူတော်မူကြပါ” လို့ ပင့်ဖိတ်ပြီး ကောင်းကင်မှာ ပန်းရှစ်ဆုပ်ကို လွှတ်လိုက်ပါတယ်။

အဲဒီအခါ အဲဒီအရပ်မှာ ပစ္စေကဗုဒ္ဓါငါးရာ နေကြပါတယ်။ ပန်းတွေက သွားပြီး ပစ္စေကဗုဒ္ဓါတွေရဲ့ အထက်မှာ ကျကြပါတယ်။ ပစ္စေကဗုဒ္ဓါတွေက ဆင်ခြင်ကြတဲ့အခါ အဲဒီအကြောင်းကို သိပြီး “အရှင်ဘုရားတို့၊ တပည့်တော်တို့ကို ဝိဓုရပညာရှိက ပင့်ဖိတ်နေပါတယ်။ အဲဒီပုဂ္ဂိုလ်ဟာ သာမညပုဂ္ဂိုလ်မဟုတ်ပါ။ ဘုရားလောင်းပဲ ဖြစ်ပါတယ်။ ဒီကမ္ဘာမှာပဲ ဘုရားဖြစ်ပါလိမ့်မယ်။ သူ့အား ချီးမြှောက်ကြမယ်” လို့ ကြံကာ ပင့်ဖိတ်တာကို လက်ခံကြပါတယ်။ ဘုရားလောင်းက ပန်းတွေ ပြန်မလာတဲ့ အမှတ်အသားနဲ့ လက်ခံတာကိုသိကာ “မင်းကြီး၊ နက်ဖြန်မှာ ပစ္စေကဗုဒ္ဓါတွေ ကြွလာကြပါလိမ့်မယ်။ ပူဇော်မြတ်နိုးမှုကို ပြုပါ” လို့ ပြောတယ်။ မင်းက နောက်နေ့မှာ အကြီးအကျယ် ပူဇော်ပြီး ရင်ပြင်ကြီးမှာ မြတ်သူတွေအား ထိုက်တဲ့နေရာတွေကို ခင်းခိုင်းပါတယ်။

ပစ္စေကဗုဒ္ဓါတွေက အနောတတ္တအိုင်မှာ ကိုယ်လက်သုတ်သင်ပြီး အချိန်ကို မှတ်သားကာ ကောင်းကင်ခရီးနဲ့လာပြီး မင်းရင်ပြင်မှာ သက်

http://www.dhammadownload.com



ဆင်းကြပါတယ်။ မင်းရော ဘုရားလောင်းပါ ကြည်ညိုစိတ်ဖြစ်ကာ ပစ္စေကဗုဒ္ဓါတွေရဲ့ လက်ထဲက သပိတ်တွေကို ယူကြတယ်။ ပြသာဒ်ပေါ် တက်စေကာ ထိုင်စေပြီး အလှူရေစက်ကို လှူကြတယ်။ မွန်မြတ်တဲ့ ခဲဖွယ်၊ စားဖွယ်နဲ့ ပြုစုလုပ်ကျွေးကြတယ်။ ဆွမ်းကိစ္စအဆုံးမှာလည်း နောက်နေ့ အကျိုးငှာဆိုပြီး ၇ ရက်တိုင်တိုင် ပင့်ဖိတ်ကာ အလှူကြီး လှူကြတယ်။ ၇ ရက်မြောက်မှာ ပရိက္ခရာအားလုံးကို လှူကြတယ်။ ပစ္စေကဗုဒ္ဓါတွေက အနုမောဒနာပြုပြီး ကောင်းကင်ခရီးနဲ့ အဲဒီနန္ဒမူလကတောင် ဝှမ်းကိုပဲ ကြွကြတယ်။ ပရိက္ခရာတွေလည်း ပစ္စေကဗုဒ္ဓါတွေနဲ့ အတူပဲ သွားကြတယ်။

မင်းက အရှင်အာနန္ဒာအလောင်း ဖြစ်ပါတယ်။

**(ဇာတ်၊ ၄၊ ၈၊ ၃၆၁)**

ဘုရားလောင်း ဝိဓုရပညာရှိအမတ်ရဲ့ စီစဉ်ပေးမှုကြောင့် အရှင်အာနန္ဒာအလောင်း ကောရဗျမင်းဟာ ပစ္စေကဗုဒ္ဓါငါးရာအား ဆွမ်း ၇ ရက် ဆက်ကပ်ရပါတယ်။ ပရိက္ခရာအားလုံးကို လှူရပါတယ်။ ဘုရားလောင်းဟာ ပန်းရှစ်ဆုပ်နဲ့ ပစ္စေကဗုဒ္ဓါတွေကို ပင့်ပါတယ်။ ထူးဆန်းပါတယ်။ ပစ္စေကဗုဒ္ဓါတွေကလည်း ဂေါတမဘုရားအလောင်းတော် ဖြစ်တာမို့ ဝိဓုရပညာရှိအမတ်ရဲ့ ပင့်ဖိတ်မှုကို အလေးပြုတော်မူကြပါတယ်။ ချီးမြှောက်တော်မူကြပါတယ်။ ဘုရားအလောင်းတော်ဟာ ပစ္စေကဗုဒ္ဓါတွေ သီတင်းသုံးတဲ့နေရာအကြောင်းကို သိရှိထားပါတယ်။

ရှေးကပညာရှိတွေဟာ ဘုရားမပွင့်မီအချိန်မှာတောင် အလှူကို စိစစ်ရွေးချယ်ပြီး လှူကြပါတယ်။ ဘုရားသာသနာ ထွန်းလင်းတည်ရှိနေရာအခါမျိုးမှာ အလှူကို စိစစ်ရွေးချယ်ပြီး လှူတတ်ဖို့ လိုအပ်လှပါတယ်။ စိစစ်ရွေးချယ်ပြီး လှူတတ်ရင် အကျိုးကြီးမားလှပါတယ်။ စိစစ်ရွေးချယ်ပြီး မလှူတတ်ရင် အကျိုးရနည်းပါတယ်။

http://www.dhammadownload.com

# စေတနာ သန့်စင်ပါစေ

ရှေးကပညာရှိတွေဟာ ပစ္စေကဗုဒ္ဓါတွေအား ဆားမပါ၊ အဆီအစေးမပါ၊ တင်လဲမပါတဲ့ မုယောမုန့်ကို လှူပြီး အဲဒီအလှူရဲ့ အကျိုးကြောင့် ဒုတိယဘဝ (နောက်ဘဝ) မှာ ယူဇနာသုံးရာရှိတဲ့ ကာသိတိုင်းမှာ မင်းစည်းစိမ်ကို ရရှိခဲ့ပါတယ်။

ရှေးအခါက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ္တမင်း အုပ်ချုပ်တဲ့အခါ ဘုရားလောင်းဟာ ဆင်းရဲတဲ့အမျိုးတစ်မျိုးမှာဖြစ်ပြီး အရွယ်ရောက်တဲ့အခါ သူဌေးတစ်ယောက်ကိုမှီပြီး အခစားအလုပ် လုပ်ကာ အသက်မွေးတယ်။ ဘုရားလောင်းဟာ တစ်နေ့မှာ "ငါ့ နံနက်စာအတွက် ဖြစ်လိမ့်မယ်"လို့ ကြံကာ ဈေးအတွင်းက မုယောမုန့်ခဲ ၄ ခုကို ယူပြီး အလုပ်ရှိရာကို သွားတယ်။ ပစ္စေကဗုဒ္ဓါ ၄ ပါး ဆွမ်းခံလှည့်လည်ဖို့ ဗာရာဏသီမြို့ဆီ ရှေ့ရှုလာနေကြတာကို မြင်သွားပြီး "ဒီပစ္စေကဗုဒ္ဓါတွေဟာ ဆွမ်းကို ရည်ရွယ်ပြီး ဗာရာဏသီကို သွားနေကြတယ်။ ငါ့မှာလည်း ဒီမုယောမုန့်ခဲ ၄ ခု ရှိနေတယ်။ ငါဟာ ဒီမုန့်တွေကို ဒီပစ္စေကဗုဒ္ဓါတွေအား လှူရရင် ကောင်းမှာပဲ" လို့ ကြံတယ်။ အဲဒီပစ္စေကဗုဒ္ဓါတွေထံ ချဉ်းကပ်ပြီး ရှိခိုးကာ "အရှင်ဘုရားတို့၊ တပည့်တော်ရဲ့လက်မှာ ဒီမုယောမုန့်ခဲ ၄ ခု ရှိပါ တယ်။ တပည့်တော်ဟာ ဒီမုန့်တွေကို အရှင်ဘုရားတို့အား လှူပါတယ်။ တောင်း

http://www.dhammadownload.com



ပန်ပါတယ်ဘုရား။ တပည့်တော်ရဲ့အလှူကို ခံယူတော်မူကြပါ။ အဲဒီလို ဆိုရင် ဒီကောင်းမှုဟာ တပည့်တော်အတွက် ကာလကြာရှည်စွာ စီးပွား ချမ်းသာအလို့ငှာ ဖြစ်ပါလိမ့်မယ်” လို့ လျှောက်တယ်။

ဘုရားလောင်းဟာ ပစ္စေကဗုဒ္ဓါတွေရဲ့ လက်ခံမှုကိုသိပြီး သဲကို မြင့်မောက်အောင် လုပ်ခိုင်းပြီး နေရာ ၄ နေရာ ခင်းတယ်။ အဲဒီနေရာ တွေရဲ့အပေါ်မှာ ချိုးထားတဲ့ သစ်ခက်တွေကို ဖြန့်ခင်းတယ်။ ပစ္စေကဗုဒ္ဓါ တွေကို အစဉ်အတိုင်း ထိုင်စေပါတယ်။ ဖက်ခွက်နဲ့ရေကို သယ်ဆောင် ပြီး အလှူရေစက်ချတယ်။ သပိတ် ၄ လုံးထဲမှာ မုယောမုန့်ခဲ ၄ ခုကို တည်စေပြီး ရှိခိုးကာ “အရှင်ဘုရားတို့ ဒီမုန့်တွေကို လှူရတဲ့အကျိုးဆက် ကြောင့် ဆင်းရဲတဲ့အိမ်မှာ မဖြစ်ပါစေနဲ့ဘုရား။ အကုန်သိတဲ့ဉာဏ်ရဖို့ အတွက် အထောက်အပံ့ ဖြစ်ပါစေ” လို့ လျှောက်တယ်။ ပစ္စေကဗုဒ္ဓါတွေ က ဘုဉ်းပေးကြတယ်။ ဘုဉ်းပေးပြီးတဲ့အခါ အနုမောဒနာပြုပြီး ပျံတက် ကာ နန္ဒမူလကတောင်ဝှမ်းကိုပဲ ကြွသွားကြပါတယ်။

ဘုရားလောင်းက လက်အုပ်ချီပြီး ပစ္စေကဗုဒ္ဓါကို အာရုံပြုကာ ပီတိ ကို ယူတယ်။ ပစ္စေကဗုဒ္ဓါတွေ မြင်ကွင်းက ကွယ်ပျောက်သွားတဲ့အခါ သူ့အလုပ်ကို သွားတယ်။ တစ်သက်လုံး ဒါနကို အဖန်ဖန်အောက်မေ့ကာ သေသွားတယ်။ အဲဒီဒါနရဲ့အကျိုးကြောင့် ဗာရာဏသီမင်းရဲ့ မိဖုရား ခေါင်ကြီးဝမ်းဗိုက်မှာ ဖြစ်တယ်။ ဗြဟ္မဒတ္တမင်းသားလို့ နာမည်မှည့်ကြ တယ်။ မင်းသားဟာ သူ့ခြေထောက်နဲ့ သွားချိန်ကစပြီး “ငါဟာ ဒီမြို့မှာ ပဲ အခစားအလုပ်သမားဖြစ်ကာ အလုပ်ကို သွားတဲ့အခါ ပစ္စေကဗုဒ္ဓါ တွေအား မုယောမုန့်ခဲ ၄ ခုကို လှူခဲ့ပြီး အဲဒီအလှူရဲ့ အကျိုးကြောင့် ဒီနေရာမှာ ဖြစ်တယ်” လို့ ကြည်လင်တဲ့ မှန်ထဲက မျက်နှာရိပ်လို ရှေးဘဝ က ပြုခဲ့သမျှအားလုံးကို ဇာတိဿရဉာဏ် (ရှေးဘဝကို အမှတ်ရ မှတ်မိ တဲ့ဉာဏ်နဲ့ ထင်ထင်ရှားရှား မြင်ရတယ်။ ဘုရားလောင်းဟာ အရွယ် ရောက်တဲ့အခါ တက္ကသိုလ်ကိုသွားပြီး အတတ်အားလုံးကို သင်ယူကာ

http://www.dhammadownload.com



ပြန်လာတယ်။ သင်ယူခဲ့တဲ့ အတတ်ကို ဖခင်အား ပြတယ်။ ဖခင်က သဘောကျအားရပြီး အိမ်ရှေ့မင်းအရာမှာထားတယ်။ နောင်အခါ ဖခင် ကွယ်လွန်တော့ မင်းအဖြစ်မှာ တည်တယ်။ အဲဒီအခါ သူ့အတွက် ကောသလမင်းရဲ့ သမီးလှကိုဆောင်ယူကာ မိဖုရားခေါင်ကြီး ပြုလုပ်ကြတယ်။ ထီးတင်မင်္ဂလာပြုလုပ်တဲ့အခါ သူ့မြို့တစ်မြို့လုံးကို နတ်မြို့လို တန်ဆာဆင်ကြတယ်။

ဘုရားလောင်းမင်းက မြို့ကိုလက်ယာရစ်လှည့်လည်ပြီး တန်ဆာဆင်ထားတဲ့ ပြာသာဒ်ပေါ်တက်ကာ ပြာသာဒ်အပြင်ကြီးရဲ့အလယ်မှာ စိုက်ထူထားတဲ့ ထီးဖြူရှိတဲ့ ပလ္လင်ပေါ်တက်ကာ ထိုင်တယ်။ ဝိုင်းရံပြီး တည်နေတဲ့ တစ်ဖက်က အမတ်တွေ၊ တစ်ဖက်က စည်းစိမ်အမျိုးမျိုးရှိပြီး ကျက်သရေ တင့်တယ် စံပယ်မှုတွေနဲ့ တောက်ပနေတဲ့ ပုဏ္ဏား၊ သူကြွယ်စသူတွေ၊ တစ်ဖက်က လက်ဆောင်အမျိုးမျိုး ယူလာကြတဲ့ မြို့ကလူတွေ၊ တစ်ဖက်က တန်ဆာဆင်ထားတဲ့ နတ်သမီးအပေါင်းနဲ့တူတဲ့ ကချေသည် မိန်းမပေါင်း တစ်သောင်းခြောက်ထောင်၊ အဲဒီအလွန်ပျော်မွေ့ဖွယ် ကျက်သရေစည်းစိမ်ကိုကြည့်ရင်း သူ့ရဲ့ရှေးကံကိုအဖန်ဖန် အောက်မေ့မိတယ်။

"ဒီရွှေအစိုင်အခဲ၊ ရွှေပန်းကုံးပါတဲ့ ထီးဖြူ ဒီဆင်ယာဉ်၊ မြင်းယာဉ်၊ ရထားယာဉ် ထောင်ပေါင်းများစွာ၊ ပတ္တမြား၊ ပုလဲစတာတွေနဲ့ ပြည့်နေတဲ့ အနှစ်တိုက်ခန်းတွေ၊ စပါးအမျိုးမျိုးတွေပြည့်နေတဲ့ မြေကြီး၊ နတ်သမီးတွေနဲ့တူတဲ့ မိန်းမတွေ၊ ငါ့ရဲ့ ဒီစည်းစိမ်အားလုံးဟာ အခြားရဲ့ဥစ္စာမဟုတ်၊ ပစ္စေကဗုဒ္ဓါ ၄ ပါးအား ပေးလှူခဲ့တဲ့ မုယောမုန့်ခဲ ၄ ခုရဲ့သာ ဥစ္စာပဲ။ ပစ္စေကဗုဒ္ဓါတွေကိုမှီပြီး ငါဟာ ဒီစည်းစိမ်ကို ရထားတယ်" လို့ ပစ္စေကဗုဒ္ဓါတွေရဲ့ ဂုဏ်ကို အဖန်ဖန် အောက်မေ့ပြီး သူ့ကံကို ထင်ရှားအောင် လုပ်တယ်။ အဖန်ဖန် အောက်မေ့တဲ့ သူ့တစ်ကိုယ်လုံးဟာ ပီတိနဲ့ ပြည့်နေတယ်။ (ဇာတ်၊ ၄၊ ဌ၊ ၃၈၅)

http://www.dhammadownload.com



ဘုရားလောင်းက ပစ္စေကဗုဒ္ဓါတွေအား လှူပြီးတဲ့အခါ "သဗ္ဗညုတ ဉာဏ်တော်ရဲ့ အထောက်အပံ့ဖြစ်ပါစေ"လို့ ဆုတောင်းပါတယ်။ ပစ္စေက ဗုဒ္ဓါတွေက မုယောမုန့်ကို ဘုဉ်းပေးပြီးတဲ့အခါ ဆုပေးပါတယ်။ ဘုရား လောင်းက ပစ္စေကဗုဒ္ဓါတွေအပေါ် ကြည်ညိုသဒ္ဓါပွားကာ ပီတိတွေ ဝေဖြာနေပါတယ်။ ဘုရားလောင်းမှာ အလိုချင်ဆုံးအရာက သဗ္ဗညုတ ဉာဏ်တော်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် သူပြုသမျှ ကောင်းမှုအားလုံးဟာ သဗ္ဗညုတဉာဏ်တော်ကို ရဖို့ပဲ ဖြစ်ပါတယ်။ ဘုရားလောင်းဟာ ဆင်းရဲ သားဘဝကနေ ရှင်ဘုရင့်သားဘဝကို ရောက်ခဲ့ပါတယ်။ ပစ္စေကဗုဒ္ဓါ ၄ ပါးအား မုယောမုန့်ခဲ ၄ ခုကို လှူခဲ့တဲ့ ကောင်းမှုရဲ့အစွမ်းကြောင့် ဖြစ်ပါတယ်။

ဘုရားလောင်းဟာ ရှင်ဘုရင့်သားဘဝကို ရောက်တဲ့အခါ သူ့ရဲ့ ရှေးဘဝက အခြေအနေတွေကို ပြန်လည်အမှတ်ရနေပါတယ်။ မှတ်မိ နေပါတယ်။ ဇာတိဿရဉာဏ်ကို ရနေပါတယ်။ လူဝင်စားလို့ အခေါ်ခံ ရတဲ့ ပုဂ္ဂိုလ်တွေဟာ ဇာတိဿရဉာဏ်ကို ရကြတဲ့ပုဂ္ဂိုလ်တွေ ဖြစ်ပါ တယ်။ လူဝင်စားဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ သူတို့ရဲ့ ရှေးရှေးဘဝတွေက အခြေအနေတွေကို ပြောပြတတ်ကြပါတယ်။ ဘုရားလောင်းဟာ ရှင် ဘုရင် ဖြစ်လာတဲ့အခါ သူ့ရဲ့ ကြီးကျယ်လှတဲ့ စည်းစိမ်ကြီးနဲ့ မကြီးကျယ် ခဲ့တဲ့ အလှူကို နှိုင်းယှဉ်ကြည့်နေပါတယ်။ အကြောင်းကံက မကြီးကျယ် ပေမယ့် အကျိုးက ကြီးကျယ်လွန်းနေလို့ အံ့ဩဝမ်းသာ ဖြစ်နေပါတယ်။

ဘုရားလောင်း ရှင်ဘုရင်ဟာ ကြီးကျယ်လှတဲ့ စည်းစိမ်ကို ကြည့်ပြီး ပစ္စေကဗုဒ္ဓါတွေရဲ့ ဂုဏ်ကို အကြိမ်ကြိမ် အောက်မေ့ကာ ပီတိတွေ ဝေ ခဲ့ပါတယ်။ အလှူ လှူကြတဲ့အခါ လှူဖွယ်က နည်းနည်း၊ များများ၊ ကောင်း ကောင်း၊ မကောင်းကောင်း စိတ်ကို ကြည်လင်စေရပါတယ်။ အလှူခံ တွေရဲ့ ဂုဏ်ကို ဆင်ခြင်ရပါတယ်။ စေတနာသုံးတန် သန့်စင်ရပါတယ်။ အကျိုးကို ယုံကြည်ရပါတယ်။ အဲဒီအနေအထားနဲ့ အလှူခံ ပုဂ္ဂိုလ် ကောင်းမှာ လှူရရင် ကြီးကျယ်တဲ့အကျိုးကို ရရှိတော့တာပါပဲ။

http://www.dhammadownload.com

# စစ်ရှုံးမင်းရဲ့ အလှူ

ဒုဋ္ဌဂါမဏိအဘယမင်းက စူဠင်္ဂဏိယစစ်ပွဲမှာ ရှုံးလို့ မြင်းမကို စီးပြီး ထွက်ပြေးတယ်။ သူ့ရဲ့ အလုပ်အကျွေးငယ် တိဿအမတ်တစ်ယောက်ပဲ နောက်က ရှိတယ်။ မင်းက တောအုပ်တစ်ခုကို ဝင်ပြီး ထိုင်နေတဲ့အခါ ထမင်းဆာလို့ 'ညီငယ် တိဿ၊ ငါတို့ကို ဆာလောင်မှုက အလွန်အကဲပဲ နှိပ်စက်တယ်။ ဘာလုပ်ကြမလဲ"လို့ မေးတယ်။

"အရှင်မင်း၊ ပုဆိုးကြားမှာ ထားပြီး ရွှေခွက်ထမင်းအုပ်တစ်ခုကို ကျွန်တော်ဆောင်ခဲ့ပါတယ်"

"ဒီလိုဆိုရင် ဆောင်ယူခဲ့ပါ"

အမတ်က ထုတ်ဆောင်ပြီး မင်းရဲ့ရှေ့မှာ ထားတယ်။ မင်းကမြင်လို့ "အို အမတ် ၄ ပုံ ပုံပါ" လို့ ပြောတယ်။

"အရှင်မင်း ကျွန်တော်တို့က သုံးဦးပါ။ ဘာကြောင့် အရှင်မင်းက ၄ ပုံ ပုံခိုင်းပါသလဲ"

"ညီငယ် တိဿ၊ ငါဟာ ကိုယ့်ကိုကိုယ် မှတ်မိတဲ့အချိန်ကစပြီး သံဃာတော် အရှင်မြတ်တွေအား မပေးလှူဘဲ စားဖူးတဲ့ အစားအစာ မရှိပါ။ ငါဟာ ဒီနေ့လည်း မလှူဘဲ မစားအံ့"

http://www.dhammadownload.com



အမတ်က ၄ ပုံ ပုံလိုက်တယ်။ မင်းက "အချိန်ကို ကြွေးကြော်ပါ"လို့ ပြောတယ်။

"အရှင်မင်း၊ တောကြီးထဲမှာ ဘယ်ကလာ အရှင်မြတ်တွေကို ရမှာလဲ"

"အဲဒါဟာ သင့်တာဝန် မဟုတ်ဘူး။ ငါ့မှာ သဒ္ဓါရှိရင် အရှင်မြတ်တွေကို ရမယ်။ ရဲရဲဝံ့ဝံ့ အချိန်ကို ကြွေးကြော်ပါ"

"အချိန်ကျပါပြီ ဘုရား၊ အချိန်ကျပါပြီ ဘုရား"

အမတ်က သုံးကြိမ်တိုင်တိုင် ကြွေးကြော်တယ်။ အဲဒီအခါ အဲဒီအမတ်ရဲ့ အဲဒီအသံကို ဗောဓိမာတုမဟာတိဿထေရ်က ဒိဗ္ဗသောတအဘိညာဉ်နဲ့ ကြားတယ်။ "ဒီအသံက ဘယ်ကလဲ"လို့ အဲဒီအသံကို ဆင်ခြင်ကြည့်တဲ့အခါ ဒီလို သိသွားတယ်။

"ဒီနေ့ ဒုဋ္ဌဂါမဏိ အဘယမင်းဟာ စစ်ရှုံးလို့ တောအုပ်ကိုဝင်ကာ ထိုင်နေရင်း တစ်ခွက်စာထမင်းကို ၄ ပုံ ပုံခိုင်းပြီး တစ်ယောက်တည်း မစားအံ့လို့ ကြံကာ အချိန်ကို ကြွေးကြော်ခိုင်းတယ်"

"ငါဟာ ဒီနေ့ မင်းအား ချီးမြှောက်သင့်တယ်"လို့ တွေးကာ အဘိညာဉ်တန်ခိုးနဲ့လာပြီး မင်းရဲ့ရှေ့မှာ ရပ်တယ်။ မင်းက မြင်တွေ့ပြီး ကြည်ညိုကာ "ညီငယ် တိဿ ကြည့်လော" လို့ ပြောပြီး မထေရ်ကို ရှိခိုးကာ "အရှင်ဘုရား သပိတ်ပေးပါ" လို့ လျှောက်တယ်။ မထေရ်က သပိတ်ကို ထုတ်ဆောင်တယ်။ မင်းက သူ့ရဲ့ဝေစုနဲ့အတူ မထေရ်ရဲ့ဝေစုကို သပိတ်ထဲမှာ ထည့်ပြီး "အရှင်ဘုရား၊ အာဟာရအန္တရာယ်ဆိုတာ တစ်ခါမှ မဖြစ်ပါစေနဲ့" လို့ ဆုတောင်းကာ ရှိခိုးပြီး ရပ်တည်တယ်။ တိဿအမတ်ကလည်း "ငါ့ရဲ့အရှင့်သားက ကြည့်နေရင် စားဖို့ရာ မစွမ်းနိုင်" လို့ တွေးကာ သူ့ဝေစုကို မထေရ်ရဲ့ သပိတ်ထဲမှာပဲ လောင်းထည့်လိုက်တယ်။ မြင်းမကလည်း "ငါ့ဝေစုကိုလည်း မထေရ်အားပဲ လှူသင့်တယ်"လို့ တွေးတယ်။ မင်းက မြင်းမကို ကြည့်ကာ "ဒီမြင်းမကလဲ သူ့ဝေစုကို မထေရ်ရဲ့သပိတ်

http://www.dhammadownload.com



ထဲမှာပဲ ထည့်တာကို လိုလားတယ်”လို့ သိသွားတယ်။ သူ့ဝေစုကိုလည်း သပိတ်ထဲမှာပဲ ထည့်ကာ မထေရ်ကို ရှိခိုးပြီး ပြန်လွှတ်လိုက်တယ်။ မထေရ်က အဲဒီဆွမ်းကို ယူသွားကာ အစက စပြီး ရဟန်းသံဃာအား ဆွမ်းလုတ်အသွင်နဲ့ လှူတယ်။

မင်းကလည်း “ငါတို့ အလွန် ဆာလောင်နေကြတယ်။ အပိုဆွမ်းလုံးတွေကို ပို့လွှတ်ရင် ကောင်းလေစွ” လို့ ကြံတယ်။ မထေရ်က မင်းရဲ့ စိတ်ကိုသိပြီး အပိုဆွမ်းကို အဲဒီသူတို့အား မျှတလောက်အောင် ပြုလုပ်ပြီး သပိတ်ကို ကောင်းကင်ပေါ် ပစ်လိုက်တယ်။ သပိတ်က လာပြီ မင်းရဲ့ လက်မှာတည်တယ်။ ထမင်းက သုံးဦးအတွက် အလိုရှိသလောက်ဖြစ်တယ်။ အဲဒီအခါ မင်းက သပိတ်ကို ဆေးကြောပြီး “အချည်းနှီးသပိတ်ကို မပို့အံ့” လို့ ကြံကာ အပေါ်အဝတ်ကို ဖြည်ပြီး ရေကို သုတ်သင်တယ်။ အဝတ်ကို သပိတ်ထဲထားပြီး “ သပိတ်က သွားပြီး ငါ့အရှင်ရဲ့ လက်မှာ တည်ပါစေ”လို့ ကောင်းကင်မှာ ပစ်လိုက်တယ်။ သပိတ်က သွားပြီး မထေရ်ရဲ့လက်မှာ တည်ပါတယ်။

နောင်အခါ မင်းက ဘုရားရှင်ရဲ့ သရီရဓာတ်တော်တွေရဲ့ ရှစ်ခုမြောက် အဖို့ကို တည်ရှိစေကာ အတောင် ၁၂၀ ရှိတဲ့ စေတီကြီးကို ပြုလုပ်ခိုင်းတယ်။ စေတီမပြီးခင်မှာပဲ သေဖို့ အချိန်ရောက်လာတယ်။ မဟာစေတီရဲ့ တောင်ဘက်ဘေးမှာ လဲလျောင်းနေတဲ့ မင်းအတွက် နိကာယ်ငါးရပ် အစွမ်းဖြင့် ရဟန်းအပေါင်းက ရွတ်ဖတ်တဲ့အခါ နတ်ပြည် ၆ ထပ်မှာ နတ်ရထား ၆ စင်းတွေ လာပြီး ရှေ့ကကောင်းကင်မှာ ရပ်တည်တယ်။ မင်းက “ကောင်းမှု မှတ်တမ်းစာအုပ်ကို ယူခဲ့ကြ”လို့ ပြောပြီး အစက စပြီး ကောင်းမှုမှတ်တမ်းစာအုပ်ကို ဖတ်ခိုင်းတယ်။ အဲဒီ အခါ မင်းကို ဘယ်ကောင်းမှုကမှ မနှစ်သိမ့်စေနိုင်ပါ။ မင်းက “ရှေ့ကို ဆက်ဖတ်ကြပါ” လို့ ပြောတယ်။ စာအုပ်ဖတ်တဲ့သူက “စူဠင်္ဂဏိယ စစ်ပွဲ မှာရှုံးခဲ့တဲ့ အရှင်မင်းဟာတောအုပ်ကိုဝင်ပြီး ထိုင်ရင်း တစ်ခွက်စာထမင်းကို ၄ ပုံ

http://www.dhammadownload.com



ပုံကာ ဗောဓိမာတုမဟာတိဿထေရ်အား ဆွမ်းလှူခဲ့တယ်" လို့ ပြောတယ်။ မင်းက "ထားလော့"လို့ ပြောပြီး ရဟန်းသံဃာကို မေးတယ်။

"အရှင်ဘုရားတို့ ဘယ်နတ်ပြည်ဟာ ပျော်စရာကောင်းပါသလဲ"

"မင်းကြီး၊ ဘုရားလောင်းအားလုံး နေရာဌာနဖြစ်တဲ့ တုသိတာနတ်ပြည်ဟာ ပျော်စရာကောင်းတယ်"

မင်းက နတ်ရွာစံပြီး တုသိတာနတ်ပြည်က လာတဲ့ရထားမှာပဲ ရပ်တည်ကာ တုသိတာကို သွားတယ်။

**(အံ၊ ဌ၊ ဒု၊ ၁၀၅)**

ဆင်းရဲစဉ်မှာ လှူရကဲ့ အလှူက အလှူရှင်ကို အလွန်အကဲ ပီတိဖြစ်စေတတ်တယ်ဆိုတဲ့ စကားရဲ့သက်သေ ဇာတ်လမ်းတစ်ပုဒ်ပါပဲ။

http://www.dhammadownload.com

# သိရိဂုတ္တနဲ့ ဂရဟာဒိန္န

သာဝတ္ထိမြို့မှာ သိရိဂုတ္တနဲ့ ဂရဟာဒိန္နဆိုတဲ့ သူငယ်ချင်းနှစ်ယောက် ရှိခဲ့တယ်။ သိရိဂုတ္တက ရတနာသုံးပါးကို ဆည်းကပ်တယ်။ ဘုရားရှင်ရဲ့ တပည့် ဖြစ်တယ်။ ဂရဟာဒိန္နက နိဂဏ္ဌတွေရဲ့တပည့် ဖြစ်တယ်။ နိဂဏ္ဌတွေက ဂရဟာဒိန္နထံ မပြတ် ဒီလို ပြောပြတယ်။

"သင့် သူငယ်ချင်း သိရိဂုတ္တကို သင်ဟာ ရဟန်းဂေါတမကို ဘာကြောင့် ချဉ်းကပ်ရတာလဲ။ သူ့ထံက သင်က ဘာရမှာလဲလို့ပြောပြီး ငါတို့ထံ ချဉ်းကပ်ပြီး ငါတို့အားလည်း လှူဖွယ်ကို လှူအောင် ဆုံးမသင့်တယ် မဟုတ်လား"

ဂရဟာဒိန္နက နိဂဏ္ဌတွေရဲ့စကားကို ကြားရပြီး မပြတ်သွားကာ ရပ်ရာ၊ ထိုင်ရာ အရပ် စသည်တွေမှာ သိရိဂုတ္တကို ဒီလို ဆုံးမတယ်။

"မိတ်ဆွေ၊ သင့်မှာ ရဟန်းဂေါတမနဲ့ ဘာအကျိုးရှိမှာလဲ။ ရဟန်းဂေါတမကို ချဉ်းကပ်ပြီး ဘာကို ရမှာလဲ။ သင်ဟာ ငါ့အရှင်နိဂဏ္ဌတွေထံချဉ်းကပ်ပြီး နိဂဏ္ဌတွေအား အလှူ လှူသင့်ဘယ် မဟုတ်ပါလား"

သိရိဂုတ္တဟာ ဂရဟာဒိန္နရဲ့စကားကို ကြားရပေမယ့်လည်း နေ့များစွာပတ်လုံး ဆိတ်ဆိတ်နေကာ ငြီးငွေ့လာလို့ တစ်နေ့မှာ ဒီလိုပြောတယ်။

http://www.dhammadownload.com



"မိတ်ဆွေ၊ သင်က မပြတ်လာပြီး ငါ့ကို ရပ်ရာနေရာစသည်တွေမှာ ရဟန်းဂေါတမကို ချဉ်းကပ်လို့ ဘာရမှာလဲ။ ငါ့အရှင် နိဂဏ္ဌတွေထံ ချဉ်းကပ်ပြီး အဲဒီနိဂဏ္ဌတွေအား အလှူ လှူပါလို့ ပြောတယ်။ ငါ့ကို သင်က ပြောပြပါဦး။ သင့်အရှင်တွေက ဘာကို သိကြသလဲ"

"အိုအရှင်၊ သြော် ဒီလို မပြောပါနဲ့။ ငါ့အရှင် နိဂဏ္ဌတွေ မသိတာ မရှိပါ။ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်အားလုံး ကာယကံ၊ ဝစီကံ၊ မနောကံ အားလုံးကို ဒါဖြစ်လိမ့်မယ်။ ဒါ မဖြစ်လတ္တံ့လို့ ဖြစ်မှာ မဖြစ်မှာ အားလုံး ကို သိကြပါတယ်"

"သင်က ဒီလို ပြောသလား"

"ဟုတ်တယ်၊ ငါ ပြောပါတယ်"

"ဒီလိုဆိုရင် ဒီလောက် ကာလပတ်လုံး ငါ့အား ဒီအကြောင်းကို မပြောတဲ့ သင်ဟာ သိပ်ဝန်လေးတဲ့အမှုကို ပြုမိပြီ။ ဒီနေ့ ငါဟာ အရှင် နိဂဏ္ဌတွေရဲ့ ဉာဏ်အစွမ်းကို သိရပါပြီ မိတ်ဆွေ သွားပါ။ အရှင်နိဂဏ္ဌ တွေကို ငါ့စကားနဲ့ ဖိတ်မန်ပါ"

ဂရဟာဒိန္နဟာ နိဂဏ္ဌတွေထံ သွားပြီး နိဂဏ္ဌတွေကို ရှိခိုးကာ ပြော တယ်။ "တပည့်တော်ရဲ့ သူငယ်ချင်း သိရိဂုတ္တ နက်ဖြန်ကောင်းမှုအတွက် (ဆွမ်းကပ်ဖို့) အသင်တို့ကို ဖိတ်မန်ပါတယ်"

"သိရိဂုတ္တက ကိုယ်တိုင် သင့်ကို ပြောတာလား"

"ဟုတ်ပါတယ်၊ အရှင်တို့"

နိဂဏ္ဌတွေက ရွှင်လန်းဝမ်းမြောက်ကြပြီး "ငါတို့ရဲ့ ကိစ္စပြီးပြီ။ သိရိ ဂုတ္တ ငါတို့အပေါ် ကြည်ညိုတဲ့အချိန်ကစပြီး ဘာမပြည့်စုံမှုမှ မရှိတော့ အံ့"လို့ ပြောကြတယ်။ သိရိဂုတ္တမှာလည်း နေအိမ်က ကြီးတယ်။ သူက နေအိမ်ဝင်းထဲက အိမ် ၂ အိမ်ကြားမှာ နှစ်ဖက်လုံးရှည်တဲ့ တွင်းကို တူးခိုင်းတယ်။ ကျင်ကြီးညွှန်နဲ့ ပြည့်စေတယ်။ တွင်းပြင်ဘက် အစွန် ၂ ခုမှာ ငုတ်တွေကို ရိုက်ခိုင်းတယ်။ အဲဒီ ငုတ်တွေမှာ ကြိုးတွေကို ချည်ခိုင်း

http://www.dhammadownload.com



တယ်။ နေရာတွေရဲ့ ရှေ့ပိုင်းခြေတွေကို တွင်းရဲ့ရှေ့ပိုင်းမှာ ထားခိုင်းတယ်။ နောက်ပိုင်းခြေတွေကို ကြိုးတွေမှာ တည်စေတယ်။ "ဒီလို ထိုင်တဲ့အခါ ဒီလို ဦးဆောက်ပြောင်းပြန်ကျကြလိမ့်မယ်" လို့ ထင်ကာ တွင်းမထင်ရှားအောင် နေရာတွေရဲ့အထက်မှာ အခင်းတွေကို ခင်းခိုင်းတယ်။ ကြီးကုန် ကြီးကုန်သော အိုးစရည်းကြီးတွေကို တည်ထားခိုင်းကာ ငှက်ပျောရွက်တွေနဲ့ရော အဝတ်ဖြူတွေနဲ့ပါ မျက်နှာဝတွေကို ဖွဲ့ပတ်ခိုင်းတယ်။ အဲဒီအိုးစရည်းကြီးတွေကို ဗလာပဲ အိမ်ရဲ့နောက်ပိုင်းမှာ ထားခိုင်းတယ်။ အိုးအပြင်မှာ ယာဂု၊ ထမင်းလုံး၊ ထောပတ်၊ ဆီ၊ ပျားရည်၊ တင်လဲ၊ မုန့် မှုန့်တွေ လိမ်းကျံကာ ထားခိုင်းတယ်။

ဂရဟဒိန္နက နံနက်စောစောပဲ သိရိဂုတ္တရဲ့အိမ်ကို အဟုန်နဲ့သွားကာ မေးတယ်။

"အရှင်နိဂဏ္ဌတွေအတွက် လှူဖွယ်ကို ပြင်ဆင်ပြီးပါပြီလား"

"အေး မိတ်ဆွေ ပြင်ပြီးပါပြီ"

"အဲဒီ လှူဖွယ်က ဘယ်မှာပါလဲ"

"ဒီလောက် အိုးစရည်ကြီးတွေထဲမှာ ယာဂု၊ ဒီလောက် အိုးစရည်းကြီးတွေမှာ ထမင်း၊ ဒီလောက် အိုးစရည်းကြီးတွေထဲမှာ ထောပတ်၊ တင်လဲ၊ မုန့် စတာတွေ ပြည့်နေကြပါတယ်။ နေရာတွေကို ခင်းထားပါတယ်"

ဂရဟဒိန္နက "ကောင်းပါပြီ"လို့ ပြောကာ သွားတယ်။ သူသွားတဲ့အခါ ၅၀၀ သော နိဂဏ္ဌတွေ လာကြတယ်။ သိရိဂုတ္တက အိမ်မှ ထွက်ကာ တည်ခြင်းငါးပါးနဲ့ နိဂဏ္ဌတွေကို ရှိခိုးပြီး နိဂဏ္ဌတွေရဲ့ ရှေ့မှာ လက်အုပ်ချီရပ်ရင်း ဒီလို ကြံတယ်။

"သင်တို့က အတိတ်စတဲ့ အကုန်လုံးကို သိကြသတဲ့။ အဲဒီလို သင်တို့ရဲ့ တပည့် ဒါယကာက ငါ့ကို ပြောထားတယ်။ သင်တို့ အကုန်လုံးကို သိရင် ငါ့အိမ်ထဲ မဝင်ကြပါနဲ့။ မှန်တယ်။ ငါ့အိမ်ထဲဝင်တဲ့ သင်တို့အတွက်

http://www.dhammadownload.com



ယာဂု၊ ထမင်းစသည်တွေ မရှိပါ။ မသိဘဲ ဝင်မိကြရင်တော့ ကျင်ကြီးတွင်းထဲ သင်တို့ကို ကျအောင်လုပ်ပြီး ရိုက်ပုတ်မယ်”

အဲဒီလို ကြံပြီး ယောကျ်ားတွေအား အချက်ပေးလိုက်တယ်။ အဲဒီလို နိဂဏ္ဌတွေ ထိုင်မှန်းသိပြီး နောက်ကျောဘက်မှာ ရပ်ကာ နေရာတွေအခင်းတွေကို ဖယ်ရှားကြပါ။ အဲဒီအခင်းတွေကို မစင်နဲ့ မလိမ်းကျံပါစေနဲ့လို့ ပြောတယ်။

“အရှင်ဘုရားတို့ ဒီလမ်းက လာကြပါ”

နိဂဏ္ဌတွေက ဝင်ပြီး ခင်းထားတဲ့နေရာတွေမှာ ထိုင်ဖို့ ကြိုးစားကြတယ်။ အဲဒီအခါ နိဂဏ္ဌတွေကို လူတွေက ပြောကြတယ်။

“အရှင်ဘုရားတို့ ဆိုင်းငံ့ကြပါဦး၊ မထိုင်ကြပါနဲ့ ဦး”

“ဘာကြောင့်လဲ”

“တပည့်တော်တို့ရဲ့ အိမ်ကို ဝင်တဲ့အရှင်တွေဟာ ဝတ်ကိုသိပြီး ထိုင်သင့်ပါတယ်”

“ဒကာတို့ ဘာလုပ်ဖို့ သင့်ပါသလဲ”

“မိမိ မိမိ ရောက်တဲ့နေရာ အခြေတွေမှာ ရပ်ကာ အားလုံးပဲ တစ်ပြိုင်နက်တည်းပဲ ထိုင်သင့်ပါတယ်”

“သိရိဂုတ္တမှာ ဒီလို ရည်ရွယ်ချက် ရှိပါသတဲ့”

“တစ်ယောက်က တွင်းထဲကျရင် ငါ့လူတို့ ကျန်လူတွေနေရာမှာ မထိုင်ကြပါနဲ့လို့ ပြောခွင့်မရပါစေနဲ့”

နိဂဏ္ဌတွေက ကောင်းပါပြီလို့ ပြောပြီး “ဒီလူတွေ ပြောတဲ့စကားကို ငါတို့ လိုက်နာသင့်တယ်လို့ ကြံကြတယ်။ အဲဒီအခါ နိဂဏ္ဌအားလုံးက သူတို့ သူတို့ ရောက်ရာနေရာ အခြေမှာ အစဉ်အတိုင်း ရပ်ကြတယ်။ အဲဒီအခါ နိဂဏ္ဌတွေကို “အရှင်ဘုရားတို့ လျင်မြန်စွာ တစ်ပြိုင်နက်တည်းပဲ ထိုင်ကြပါ” လို့ ပြောကာ နိဂဏ္ဌတွေ ထိုင်မှန်းသိပြီး နေရာတွေပေါ်က အခင်းတွေကို ဖယ်ရှားကြတယ်။ နိဂဏ္ဌတွေက တစ်ပြိုင်နက်

http://www.dhammadownload.com



တည်းပဲ ထိုင်ကြတယ်။ ကြိုးတွေရဲ့ အထက်မှာ တင်ထားတဲ့ နေရာအခြေတွေက လျော့ကျကြတယ်။ နိဂဏ္ဌာတွေဟာ ဦးဆောက်ပြောင်းပြန် တွင်းထဲ ကျကြတယ်။ သိရိဂုတ္တက အဲဒီနိဂဏ္ဌာတွေ ကျတဲ့အခါ တံခါးကို ပိတ်ပြီး တက်လာ တက်လာကြတဲ့ နိဂဏ္ဌာတွေကို "အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ကို ဘာကြောင့် မသိကြသလဲ"လို့ ပြောကာ တုတ်တွေနဲ့ ရိုက်ပုတ်ကြတယ်။ "ဒီလောက် ရိုက်တာဟာ ဒီလောက် နိဂဏ္ဌာတွေအတွက် သင့်တော်လောက်ပြီ" လို့ တံခါးကို ပိတ်ခိုင်းပါတယ်။ နိဂဏ္ဌာတွေက ထွက်ပြီး ပြေးဖို့ ကြိုးစားကြတယ်။ သူတို့ရဲ့ သွားလမ်းမှာ အင်္ဂတေနဲ့ ပြုပြင်ထားတဲ့ မြေကို အစေးရှိအောင် လုပ်ခိုင်းတယ်။ နိဂဏ္ဌာတွေက အဲဒီလမ်းမှာ ကောင်းစွာ မတည်နိုင်ဘဲ ကျကုန် ကျကုန်သော နိဂဏ္ဌာတွေကို နောက်ထပ် ရိုက်ပုတ်ခိုင်းတယ်။ "ဒီလောက် ရိုက်ပုတ်တာဟာ သင်နိဂဏ္ဌာတွေအတွက် လုံလောက်ပါပြီ" လို့ ပြောကာ လွှတ်လိုက်တယ်။ နိဂဏ္ဌာတွေက "သင်က ငါတို့ကို ဖျက်ဆီးတယ်၊ ဖျက်ဆီးတယ် " လို့ မြည်တမ်းကာ ဒကာ ဂရဟာဒိန္နရဲ့ အိမ်တံခါးကို သွားကြတယ်။

ဂရဟာဒိန္နဟာ အဲဒီ ဖောက်ပြန်တဲ့ အခြေအနေကို မြင်ရပြီး စိတ်ဆိုးကာ "သိရိဂုတ္တက ငါ့ကို ဖျက်ဆီးတယ်။ လက်ကို ဆန့်ပြီး ရှိခိုးသူတွေအား နတ်နဲ့တကွသော လောကမှာ အလိုရှိတိုင်း ပေးနိုင်ကြတဲ့ လယ်ယာမြေကောင်းသဖွယ် ငါ့အရှင်နိဂဏ္ဌာတွေကို ရိုက်ပုတ်ခိုင်းပြီး ပျက်စီးခြင်းသို့ ရောက်စေတယ်"လို့ ပြောပြီး မင်းနန်းတော်သို့ သွားကာ သိရိဂုတ္တအား အသပြာတစ်ထောင် ဒဏ်တပ်ခိုင်းပါတယ်။ အဲဒီအခါ မင်းက သိရိဂုတ္တထံ သတင်းစကား ပို့လိုက်တယ်။ သိရိဂုတ္တကသွားပြီး မင်းကို ရှိခိုးကာ လျှောက်ထားတယ်။

"အရှင်မင်း စူးစမ်းပြီး ဒဏ်ကို ယူတော်မူကြပါ။ မစူးစမ်းဘဲ မယူပါနဲ့"

"စူးစမ်းပြီး ငါ ယူပါမယ်"

http://www.dhammadownload.com



"ကောင်းပါပြီ အရှင်မင်း"

"ဒီလိုဆိုရင် ယူပါလော"

"အရှင်မင်း၊ ကျွန်တော်မျိုးရဲ့ သူငယ်ချင်းဖြစ်သူ နိဂဏ္ဍတပည့်က ကျွန်တော်မျိုးထံ ချဉ်းကပ်ပြီး ရပ်ရာ၊ နေရာအရပ် စသည်တွေမှာ မပြတ် 'မိတ်ဆွေ ရဟန်းဂေါတမနဲ့ သင့်မှာ ဘာအကျိုးရှိမှာလဲ။ ရဟန်းဂေါတမ ကို ချဉ်းကပ်ပြီး သင်က ဘာအကျိုးရမှာလဲ'ဆိုတဲ့ ဒီစကားကို အစပြုကာ သိရိဂုတ္တက အဲဒီဖြစ်ပုံ အလုံးစုံကို ပြောပြပါတယ်။ ပြီးတော့ ဒီလို ပြောပါ တယ်။

"အရှင်မင်း ဒီအကြောင်းမှာ ဒဏ်ကို ယူသင့်ရင် ယူပါ"

မင်းက ဂရဟဒိန္နကို ကြည့်ပြီး ဒီလို ပြောပါတယ်။

"သင်က ဒီလို ပြောတာ မှန်သတဲ့လား"

"အရှင်မင်း၊ မှန်ပါ"

"ဒီလောက်တောင်မှ မသိသူတွေကို ဆရာတွေလို့ မှတ်ယူပြီး လှည့် လည်နေတဲ့ သင်က 'အားလုံးကို သိကြတယ်' လို့ ဘာကြောင့် ဘုရားရှင် တပည့်အား ပြောရသလဲ။ သင်တင်တဲ့ ဒဏ်က သင့်ထံပဲ ဖြစ်ပါစေ"လို့ သူ့ကို ဒဏ်တပ်လိုက်ပါတယ်။ သူရဲ့ ဆရာ နိဂဏ္ဍတွေကို ရိုက်ပုတ်ကာ နှင်ထုတ်ကြပါတယ်။

ဂရဟဒိန္နက သိရိဂုတ္တကို စိတ်ဆိုးပြီး အဲဒီအချိန်မှ စကာ ၁၅ ရက် လောက်တောင် သိရိဂုတ္တနဲ့အတူ စကားမပြောဘဲ "ဒီလို လှည့်လည်လို့ ငါ့မှာ မသင့်တော်။ သိရိဂုတ္တ အကိုးကွယ်ခံ ပုဂ္ဂိုလ်တွေကိုလည်း ငါဟာ ပျက်စီးအောင် လုပ်သင့်တယ်" လို့ ကြံကာ သိရိဂုတ္တထံ ချဉ်းကပ်ပြီးပြော တယ်။

"မိတ်ဆွေ သိရိဂုတ္တ"

"မိတ်ဆွေ ဘာပါလဲ"

"ဆွေမျိုး မိတ်ဆွေတွေဆိုတာ ရန်ဖြစ်တာလည်း ရှိတတ်ပါတယ်။

http://www.dhammadownload.com



ငြင်းခုံတာလည်း ရှိတတ်ပါတယ်။ သင်က ဘာကြောင့် ဘာမှ မပြောတာပါလဲ။ ဘာကြောင့် ဒီလို လုပ်တာပါလဲ”

“မိတ်ဆွေ သင်က ငါနဲ့အတူ မပြောလို့ မပြောတာပါ”

“မိတ်ဆွေ ပြီးတာ ပြီးပါစေတော့။ ငါတို့ မေတ္တာမပျက်ကွဲကြအံ့”

အဲဒီအချိန်ကစပြီး နှစ်ယောက်လုံးလည်း တစ်နေရာမှာ ရပ်ကြ၊ ထိုင်ကြတယ်။ တစ်နေ့မှာ သိရိဂုတ္တက ဂရဟဒိန္နကို ပြောတယ်။

“သင့်မှာ နိဂဏ္ဌာတွေနဲ့ ဘာအကျိုးရှိမှာလဲ။ သူတို့ကို ချဉ်းကပ်ပြီး ဘာရမှာလဲ။ သင်ဟာ ငါ့ဆရာ ဘုရားရှင်ကို ချဉ်းကပ်ဖို့ အရှင်မြတ်တွေအား လှူဒါန်းဖို့ သင့်တယ် မဟုတ်လား”

ဂရဟဒိန္နကလည်း အဲဒါကိုပဲ တောင့်တနေပါတယ်။ ဒါကြောင့် သူ့ရဲ့ ယားတဲ့နေရာမှာ လက်သည်းနဲ့ ကုတ်ခြစ်လိုက်သလို ဖြစ်သွားတယ်။ ဂရဟဒိန္နက မေးတယ်။

“သိရိဂုတ္တ၊ သင်ရဲ့ဆရာဘုရားရှင်က ဘာကို သိသလဲ”

“မိတ်ဆွေ၊ အဲဒီလို မပြောပါနဲ့။ ငါ့ဆရာဘုရားမှာ မသိတာရယ်လို့ မရှိပါ။ အတိတ်စတဲ့အားလုံးကို သိပါတယ်။ အခြင်းအရာ ၁၆ မျိုးနဲ့ သတ္တဝါတို့ရဲ့စိတ်ကို ပိုင်းခြားသိပါတယ်”

“ငါဟာ ဒီလို မသိရပါ။ ဘာကြောင့် ငါ့ကို ဒီလောက်ကာလပတ်လုံး မပြောတာပါလဲ။ ဒီလိုဆိုရင် သင်သွားပါ။ သင့်ဆရာဘုရားကို နက်ဖြန် ဆွမ်းကပ်ဖို့ ပင့်ပေးပါ။ ငါ ဆွမ်းကပ်ပါမယ်။ ရဟန်းငါးရာနဲ့အတူ ငါ့ဆွမ်းကို ခံယူဖို့ ပြောပေးပါ”

သိရိဂုတ္တက ဘုရားရှင်ထံ ချဉ်းကပ်ပြီး ရှိခိုးကာ ဒီလို လျှောက်ထားပါတယ်။

“မြတ်စွာဘုရား၊ တပည့်တော်ရဲ့ သူငယ်ချင်း ဂရဟဒိန္နက အရှင်ဘုရားတို့ကို ပင့်ခိုင်းပါတယ်။ ရဟန်းငါးရာနဲ့အတူ နက်ဖြန်မှာ သူ့ဆွမ်းကို ခံယူတော်မူကြပါတဲ့။ အရင်နေ့က သူရဲ့ဆရာ နိဂဏ္ဌာတွေအပေါ် တပည့်

http://www.dhammadownload.com



တော်က ဒီလိုအမှု ပြုလုပ်ထားပါတယ်။ တပည့်တော် လုပ်ထားတာကို တုံ့ပြန်လုပ်တာကိုလည်း တပည့်တော် မသိပါ။ အရှင်ဘုရားတို့ရဲ့ စင်ကြယ်တဲ့စိတ်နဲ့ ဆွမ်းခံယူတာကိုလည်း မသိပါ။ ဆင်ခြင်တော်မူပြီး သင့်ရင် လက်ခံတော်မူပါ။ မသင့်ရင် လက်ခံတော်မမူပါနဲ့"

ဘုရားရှင်က "အဲဒီဂရဟဒိန္နက ငါတို့အတွက် ဘာကိုလုပ်လိုသလဲ"လို့ ဆင်ခြင်ပြီး "အိမ်နှစ်လုံးရဲ့အကြားမှာ တွင်းကြီးတူးခိုင်းပြီး လှည်းအစီး ၈၀ တိုက်လောက် ရှားသားတွေကို သယ်ဆောင်ခိုင်းကာ ပြည့်စေပြီး မီးမွှေးကာ ငါတို့ကို မီးကျီးတွင်းထဲ ချပြီး နှိပ်ကွပ်လိုတယ်"လို့ မြင်တယ်။ တစ်ဖန် "အဲဒီအရပ်ကို သွားလို့ အကျိုးရှိလား၊ မရှိလား"လို့ ဆင်ခြင်တော့ အောက်ပါအတိုင်း မြင်ရတယ်။

"ငါဟာ မီးကျီးတွင်းမှာ ခြေဆန့်မယ်။ မီးကျီးတွင်းကို ဖုံးကွယ်ပြီး ထားတဲ့ ဖျာဟာ ကွယ်ပျောက်လိမ့်မယ်။ မီးကျီးတွင်းကို ခွဲပြီး စက်ဘီးလောက် ပဒုမ္မာကြာပန်းကြီး ပေါ်ထွက်လာလိမ့်မယ်။ အဲဒီအခါ ငါဘုရားဟာ ပဒုမ္မာကြာပွင့်ချပ်တွေကို နင်းကာ နေရာမှာထိုင်မယ်။ ရဟန်း ၅၀၀ လည်း အဲဒီလိုပဲသွားပြီး ထိုင်ကြလိမ့်မယ်။ လူအများ စုဝေးလိမ့်မယ်။ ငါဟာ အဲဒီအစည်းအဝေးမှာ ဂါထာနှစ်ပုဒ်နဲ့ အနုမောဒနာပြုမယ်။ အနုမောဒနာအဆုံးမှာ သတ္တဝါအပေါင်း ရှစ်သောင်းလေးထောင် တရားထူး ထိုးထွင်းသိလိမ့်မယ်။ သိရိဂုတ္တနဲ့ ဂရဟဒိန္နတို့ဟာ သောတာပန် ဖြစ်လိမ့်မယ်။ သူတို့ရဲ့ဥစ္စာ အစုအပုံကိုလည်း သာသနာမှာ ဖြန့်ကြဲကြလိမ့်မယ်။ ဒီအမျိုးသားကို အမှီပြုပြီး ငါသွားသင့်တယ်လို့တွေးကာ ဆွမ်းကို လက်ခံလိုက်ပါတယ်။

သိရိဂုတ္တက သွားပြီး ဘုရားရှင်လက်ခံတာကို ဂရဟဒိန္နအား ပြောကာ "လောက အကြီးအကဲ ဘုရားရှင်အား ပူဇော်မှုပြုပါ" လို့ ပြောတယ်။ ဂရဟဒိန္နက "အခု သူ့အပေါ် လုပ်ထိုက်တာကို ငါသိမယ်" လို့ ကြံကာ အိမ်နှစ်လုံးရဲ့အကြားမှာ တွင်းကြီး တူးခိုင်းတယ်။ လှည်းအစီး ၈၀ တိုက်

http://www.dhammadownload.com



လောက် ရှားသားတွေကို ပြည့်စေကာ မီးမွှေးတယ်။ ရှားမီးကျီးခဲအစုကို ယှဉ်စေကာ တစ်ညလုံး အမှတ်ခိုင်းတယ်။ ရှားမီးကျီးပုံကို လုပ်ခိုင်းတယ်။ တွင်းထိပ်မှာ သစ်သားပျဉ်ချပ်တွေကို ထားခိုင်းတယ်။ ဖျာနဲ့ ဖုံးခိုင်းပြီး နွားချေးနဲ့ လိမ်းကျံခိုင်းတယ်။ နံပါးတစ်ဖက်နဲ့ အားနည်းတဲ့ တုတ်ချောင်းတွေကို ခင်းကာ သွားလမ်း လုပ်ခိုင်းတယ်။ ဒီလို နင်းရာ နင်းရာအခါမှာ တုတ်ချောင်းတွေ ကျိုးပျက်ပြီး လည်ကာ (လိမ့်ကာ) မီးကျီးတွင်းထဲ ကျကြလိမ့်မယ်လို့ ထင်မှတ်ကာ အိမ်နောက်ဘေးမှာ သိရိဂုတ္တထားတဲ့ နည်းအတိုင်းပဲ အိုးစရည်းကြီးတွေကို ထားခိုင်းတယ်။ နေရာတွေကိုလည်း အဲဒီအတိုင်းပဲ ခင်းထားခိုင်းတယ်။ သိရိဂုတ္တက နံနက်စောစောပဲ ဂရဟဒိန္နအိမ်ကို သွားပြီးမေးတယ်။

"မိတ်ဆွေ၊ သင်ဟာ လှူဖွယ်ကို ပြင်ဆင်ပြီးပြီလား"

"မိတ်ဆွေ ပြင်ဆင်ပြီးပါပြီ"

"အဲဒီ လှူဖွယ်က ဘယ်မှာပါလဲ"

"လာ ကြည့်ကြစို့"လို့ အားလုံးကို သိရိဂုတ္တပြတဲ့ နည်းအတိုင်းပဲ ပြတယ်။ သိရိဂုတ္တက "မိတ်ဆွေ ကောင်းပါပြီ" လို့ ပြောတယ်။ လူအများ စုဝေးတယ်၊ မှန်တယ်။ မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်က ပင့်ဖိတ်တဲ့အခါ ကြီးကျယ်တဲ့ အစုအဝေး ဖြစ်လာတယ်။ မိစ္ဆာဒိဋ္ဌိတွေကလည်း "ရဟန်းဂေါတမရဲ့ ဖောက်ပြန်မှုကို ကြည့်ရှုကြမယ်" လို့ ကြံကာ စုဝေးကြတယ်။ သမ္မာဒိဋ္ဌိပုဂ္ဂိုလ်တွေကလည်း"ဒီနေ့ ဘုရားရှင်ဟာ ကြီးကျယ်တဲ့တရားဒေသနာကို ဟောလိမ့်မယ်။ ဘုရားအရာဖြစ်တဲ့ တင့်တယ်မှုကို စူးစမ်းကြမယ်"လို့ ကြံကာ စုဝေးကြတယ်။ နောက်နေ့မှာ ဘုရားရှင်က ရဟန်း ၅၀၀နဲ့အတူ ဂရဟဒိန္နရဲ့ အိမ်တံခါးကို သွားတယ်။ ဂရဟဒိန္နက အိမ်မှထွက်ပြီး တည်ခြင်းငါးပါးနဲ့ ရှိခိုးကာ ရှေ့မှာ လက်အုပ်ချီရပ်ရင်း ကြံတယ်။

"အရှင်ဘုရား၊ အရှင်ဘုရားတို့က အတိတ်စတဲ့ အရာအားလုံးကို သိကြသတဲ့။ သတ္တဝါတွေရဲ့ စိတ်ကို အခြင်းအရာ ၁၆ မျိုးနဲ့ ပိုင်းခြားသိ

http://www.dhammadownload.com



ကြသတဲ့လို့ အရှင်ဘုရားတို့ရဲ့ ဒကာက တပည့်တော်အား ပြောထားပါတယ်။ သိရင် တပည့်တော်အိမ်ထဲ မဝင်ကြပါနဲ့။ မှန်ပါတယ်။ တပည့်တော်ရဲ့အိမ်ထဲ ဝင်တဲ့ ပုဂ္ဂိုလ်တွေအတွက် ယာဂု၊ ထမင်းစသည်တွေ မရှိကြပါ။ သင်တို့အားလုံး မီးကျီးတွင်းထဲ ချကာ နှိပ်ကွပ်ပါမယ်"

အဲဒီလို ကြံပြီး ဘုရားရှင်ရဲ့သပိတ်ကို ယူကာ "မြတ်စွာဘုရား၊ ဒီလမ်းက လာတော်မူပါ"လို့ ပြောပြီး လျှောက်ပါတယ်။

"မြတ်စွာဘုရား၊ တပည့်တော်အိမ်ကို ဝင်သူတွေမှာ ဝတ်ကိုသိပြီး လာသင့်ပါတယ်"

"ဒကာ ဘာကို လုပ်သင့်ပါသလဲ"

"တစ်ပါး တစ်ပါး ဝင်ပြီး ရှေ့က သွားကာ ထိုင်ပြီးတဲ့အခါမှာ နောက်မှ အခြားရဟန်းက လာသင့်ပါတယ်"

ဂရဟဒိန္နမှာ ဒီလို ကြံမိပါသတဲ့။

"ရှေ့က လာသူကို မီးကျီးတွင်းထဲကျတာ မြင်ရင် ကျန်တဲ့ရဟန်းတွေ မလာဘဲရှိကြမယ်။ တစ်ပါး တစ်ပါးစီကိုသာ ချပြီး နှိပ်ကွပ်မယ်"

ဘုရားရှင်က "ကောင်းပြီ"လို့ မိန့်ပြီး တစ်ပါးတည်းပဲ ကြွသွားတယ်။ ဂရဟဒိန္နက မီးကျီးတွင်းသို့ရောက်ပြီး နောက်ဆုတ်ကာ ရပ်ရင်း လျှောက်ပါတယ်။

"မြတ်စွာဘုရား ရှေ့က ကြွတော်မူပါ"

အဲဒီအခါ ဘုရားရှင်က မီးကျီးတွင်းထိပ်ပေါ် ခြေထောက် ဆန့်လိုက်ပါတယ်။ ဖျာကွယ်ပျောက်သွားပါတယ်။ မီးကျီးတွင်းကို ဖောက်ပြီး စကြာဘီးလောက် ပဒုမ္မာကြာတွေ ပေါ်ပေါက်လာကြပါတယ်။ ဘုရားရှင်က ပဒုမ္မာကြာချပ်တွေပေါ် နင်းရင်းသွားကာ ခင်းထားတဲ့ ဘုရားနေရာမှာ ထိုင်ပါတယ်။ ရဟန်းတွေကလည်း အဲဒီအတိုင်းပဲ သွားကာ ထိုင်ကြပါတယ်။ ဂရဟဒိန္နရဲ့ကိုယ်မှ ပူလောင်မှု ထွက်ပေါ်လာပါတယ်။ ဂရဟဒိန္နက အဟုန်နဲ့သွားပြီး သိရိဂုတ္တထံ ချဉ်းကပ်ကာ ပြောပါတယ်။

http://www.dhammadownload.com



"အရှင် ငါရဲ့အားကိုးရာ ဖြစ်ပါ"

"အဲဒါ ဘာလဲ"

"ရဟန်းငါးရာအတွက် အိမ်မှာ ယာဂုလည်းမရှိပါ။ ဆွမ်းစသည်တွေလည်း မရှိပါ။ ငါဘာကို လုပ်ရပါမလဲ"

"သင်က ဘာကို လုပ်ထားပါသလဲ"

"ငါက အိမ်နှစ်လုံးရဲ့အကြားမှာ တွင်းကြီးကို အဲဒီတွင်းကြီးထဲ ချပြီး နှိပ်ကွပ်မယ်" လို့ ကြံကာ မီးကျိုးတွေနဲ့ ပြည့်အောင် လုပ်ခဲ့ပါတယ်။ အဲဒီအခါ အဲဒီမီးကျိုးတွင်းကို ဖောက်ခွဲပြီး ပဒုမ္မာကြာကြီးတွေ ထွက်ပေါ်လာကြပါတယ်။ ရဟန်းအားလုံးက ပဒုမ္မာကြာချပ်တွေကို နင်းသွားကာ ခင်းထားတဲ့နေရာတွေမှာ ထိုင်ကြပါတယ်။ အိုအရှင် အခု ငါဘာကို လုပ်ရပါမလဲ"

"သင်က အခုပဲ ငါ့ကို ဒီလောက်ပစ္စည်းတွေက အိုးစရည်းကြီးတွေပါ။ ယာဂုက ဒီလောက်ပါ။ ဆွမ်း စသည်တွေက ဒီလောက်ပါ" လို့ပြထားတယ် မဟုတ်လား"

"အိုအရှင် အဲဒီစကားက အမှားပဲ။ အိုးစရည်တွေက ဗလာချည်းပဲ"

"ရှိပါစေ၊ သွားပါ။ အဲဒီ အိုးစရည်တွေမှာ ယာဂု စသည်တွေကို ကြည့်ပါ"

အဲဒီခဏမှာပဲ ဂရဟာဒိန္နက ယာဂုရှိတယ်လို့ ပြောထားတဲ့ အိုးစရည်းတွေမှာ ယာဂုတွေ ပြည့်နေတယ်။ ထမင်းစသည် ရှိတယ်လို့ ပြောထားတဲ့ အိုးစရည်းတွေမှာ ထမင်းစသည်တွေ ပြည့်လျက်သာ ရှိနေကြတယ်။ အဲဒီ ပြည့်စုံတာကို မြင်ရလို့သာ ဂရဟာဒိန္နရဲ့ခန္ဓာကိုယ်ဟာ ပီတိပါမောဇ္ဇနဲ့ ပြည့်နေတယ်။ စိတ်က ကြည်လင်နေတယ်။ ဂရဟာဒိန္နက ရိုသေစွာ ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းကို ပြုစုလုပ်ကျွေးပြီး ဆွမ်းကိစ္စပြီးစီးတဲ့ ဘုရားရှင်ရဲ့သပိတ်ကို အနုမောဒနာပြုစေလိုလို့ ယူတယ်။

http://www.dhammadownload.com



ဘုရားရှင်က အနုမောဒနာပြုတဲ့အခါ အောက်ပါစကားကို မိန့်ကြားတော်မူပါတယ်။

"ဒီသတ္တဝါတွေဟာ ပညာမျက်စိ မရှိလို့ပဲ ငါဘုရားတပည့်တွေရဲ့ ဗုဒ္ဓသာသနာ့ဂုဏ်ကို မသိကြ။ မှန်တယ်။ ပညာမျက်စိ မရှိသူတွေက အကန်းတွေပဲ။ ပညာရှိသူတွေက မျက်စိရှိသူတွေပဲ"

"လမ်းလေးခွမှာ စွန့်ပစ်ထားတဲ့ အမှိုက်ပုံထဲက အနံ့သင်းတဲ့ မြတ်နိုးဖွယ် ပဒုမ္မာကြာပန်း ဖြစ်ပေါ်လာသလို အမှိုက်ပုံသဖွယ်ဖြစ်တဲ့ ပုထုဇဉ်တွေထဲက ဘုရားတပည့်ဟာ အကန်းသဖွယ် ပုထုဇဉ်တွေကို ပညာနဲ့ ကျော်လွန်ကာ တင့်တယ်တယ်"

အဲဒီ တရားဒေသနာရဲ့ အဆုံးမှာ သတ္တဝါပေါင်း ၈ သောင်း ၄ ထောင် တရားထူးကို ထိုးထွင်းသိကြပါတယ်။ ဂရဟဒိန္နရော၊ သိရိဂုတ္တပါ သောတာပန် ဖြစ်သွားကြပါတယ်။ သူတို့က သူတို့ရဲ့ စည်းစိမ်အားလုံးကို ဗုဒ္ဓသာသနာမှာ ဖြန့်ကြဲလှူဒါန်းကြပါတယ်။ ဘုရားရှင်က နေရာမှ ထကာ ကျောင်းကို ကြွသွားပါတယ်။

**(ဓမ္မပဒ၊ ၄၊ ပ၊ ၂၇၅)**

ဗုဒ္ဓအဆုံးအမကို ကျင့်သုံးလို့ ဗုဒ္ဓသာသနာရဲ့အရသာကို သိလာလေလေ ဗုဒ္ဓသာသနာအား ထောက်ပံ့လေလေ ဖြစ်ပါတယ်။

http://www.dhammadownload.com

# လောဘကိုနိုင်သူ

သေရီနတ်သား ။ ။ နတ်လူနှစ်ဦးဟာ အစာကိုပဲ တောင့်တကြပါတယ်။ အဲဒါကို မတောင့်တသူက ဘယ်သူပါလဲ။

ဘုရားရှင် ။ ။ အစာကို သဒ္ဓါတရား၊ ကြည်လင်တဲ့စိတ်ထားနဲ့ ပေးလှူကြတယ်။ ဒီဘဝမှာရော နောင်ဘဝမှာပါ

အဲဒီအလှူရှင်ထံကိုပဲ အဲဒီလှူဖွယ်ပစ္စည်းက ကပ်ရောက်လာပါတယ်။ ဒါကြောင့် နှမြောတာကို ပယ်ဖျောက်ပြီး နှမြောမှု အညစ်အကြေးကို လွှမ်းမိုးကာ အလှူကို လှူရပါတယ်။ ကောင်းမှုတွေက နောင်လောကမှာ သတ္တဝါတွေအဖို့ ထောက်တည်ရာ ဖြစ်ကြပါတယ်။

သေရီနတ်သား ။ ။ မြတ်စွာဘုရား၊ ယခုဟောတော်မူအပ်တဲ့ အဖြေစကားတွေဟာ အံ့ဩဖွယ် ကောင်းပါပေတယ်။

မဖြစ်စဖူး ထူးဆန်းပါပေတယ်။ တပည့်တော်ကိုယ်တိုင်ပဲ ရှေးက သိရီမည်တဲ့ဘုရင် ဖြစ်ခဲ့ပါတယ်။ အလှူရဲ့ အရှင်သခင်အဖြစ်နဲ့ လှူလေ့ရှိတဲ့ အပြင် သူတစ်ပါးတွေအား လှူမှုရဲ့အကျိုးကိုပြောလေ့ရှိပါတယ်။ တပည့်တော်ဟာ နေပြည်တော် ရောရုဝမြို့ရဲ့အဝင်အထွက် တံခါးကြီး ၄ ပေါက်မှာ အလှူရုံမဏ္ဍပ်ကြီးတွေ ဆောက်လုပ်စေကာ ရသေ့ရဟန်း ပရိဗိုဇ်ပုဏ္ဏား၊ လူဆင်းရဲ၊ ခရီးသွား၊ တောင်းရမ်းစားသောက်သူတွေအား လှူခဲ့ပါတယ်။

http://www.dhammadownload.com



အဲဒီအခါ တပည့်တော်ထံ မောင်းမအပေါင်းက ချဉ်းကပ်ပြီး ပြောကြပါတယ်။ "အရှင်မင်းသား အလှူကို လှူနေပါတယ်။ ကျွန်မတို့တော့ မလှူ ရပါ။ တောင်းပန်ပါတယ်။ အရှင်မင်းကိုမှီပြီး ကျွန်မတို့လည်း အလှူကို လှူလိုကြပါတယ်။ ကောင်းမှုတွေကို လုပ်လိုကြပါတယ်" တပည့်တော်မှာ ဒီလိုအကြံ ဖြစ်ပေါ်လာပါတယ်။

"ငါဟာ အလှူရဲ့ အရှင်သခင်အဖြစ်နဲ့ လှူလေ့ရှိတဲ့အပြင် သူတစ်ပါးတွေအား လှူမှုရဲ့အကျိုးကို ပြောလေ့ရှိသူပဲ။ ကျွန်မတို့ အလှူ လှူကြပါမယ်လို့ ပြောလာသူတွေကို ငါဘယ်လိုပြောရပါ့မလဲ" တပည့်တော်ဟာ ပထမတံခါးကို မောင်းမအပေါင်းအား ပေးလိုက်ပါတယ်။ အဲဒီ ပထမတံခါးမှာ မောင်းမအပေါင်းက အလှူကို လှူပါတယ်။ တပည့်တော်ရဲ့ အလှူဟာ နောက်ဆုတ်လိုက်ရပါတယ်။

အဲဒီမောင်းမတွေလိုပဲ တပည့်တော်ရဲ့လက်အောက်ခံ မြို့စားနယ်စားမင်းတွေ စစ်တပ်၊ ပုဏ္ဏား၊ သူကြွယ်တွေကလည်း တောင်းဆိုကြပါတယ်။ မြို့စား နယ်စားမင်းတွေအား ဒုတိယတံခါးကို၊ စစ်တပ်အား တတိယတံခါးကို၊ ပုဏ္ဏား၊ သူကြွယ်တွေအား စတုတ္ထတံခါးကို ပေးလိုက်ပါတယ်။

အဲဒီအခါ မင်းချင်းယောကျ်ားတွေက တပည့်တော်ထံလာပြီး ပြောကြပါတယ်။ "အခု အရှင်မင်းဟာ ဘယ်နေရာမှ အလှူကို မလှူရတော့ပါ"

"အမောင်တို့၊ ဒီလိုဆိုရင် ပြင်ပဇနပုဒ်တွေက ထွက်ပေါ်လာတဲ့ အခွန်ထဲက တစ်ဝက်ကို နန်းတော်တွင်း သွင်းကြပါ။ တစ်ဝက်ကို အဲဒီ ပြင်ပဇနပုဒ်တွေမှာပဲ ရဟန်း၊ ပုဏ္ဏား၊ ဆင်းရဲသား၊ ခရီးသွား၊ တောင်းစားသူတွေအား အလှူလှူကြပါ"

မြတ်စွာဘုရား၊ တပည့်တော်ဟာ အဲဒီလို နှစ်ပေါင်း ၈ သောင်းကြာ ပြုလုပ်ခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေရဲ့အကျိုး အပိုင်းအခြားကို မသိရပါ။

http://www.dhammadownload.com



"ဒီကောင်းမှုက ဒီလောက်ပဲ။ ကောင်းမှုအကျိုးက ဒီလောက်ပဲ၊ နတ်ပြည်မှာ ဒီလောက်ကြာအောင် တည်ရတယ်" လို့ မပိုင်းခြားနိုင်ပါ။ အံ့ဩဖွယ်ပါပဲ။ မဖြစ်စဖူး ထူးဆန်းပါပေတယ်။

(သံယုတ်၊ ပါဠိ၊ ပ၊ ၅၇)

သိရီမင်းဟာ သူကိုယ်တိုင်ကတော့ ရသမျှနဲ့ မျှတတယ်။ သူတစ်ပါးတွေအား အကောင်းကို လှူတယ်။ အဲဒီလှူဖွယ်အပေါ် ဖြစ်မယ့် လောဘကို လွှမ်းမိုးအနိုင်ယူပြီး လှူနိုင်လို့ ပိုင်ရှင်အဖြစ်နဲ့ လှူသူမည်ပါတယ်။

တချို့က ကိုယ်တိုင်တော့ အကောင်းကို သုံးဆောင်တယ်။ သူတစ်ပါးအား မကောင်းတာကို လှူပါတယ်။ လှူဖွယ်အပေါ် တွယ်တာတဲ့ လောဘရဲ့ ကျွန်ဘ၀ရောက်ကာလှူသူ မည်ပါတယ်။

တချို့ကတော့ ကိုယ်စားသုံးတာပဲ သူတစ်ပါးအား လှူတယ်။ အဲဒီသူက အလှူခံအပေါ် ချစ်ခင်မှုကို မစွန့်လို့ သူငယ်ချင်းအဖြစ်နဲ့ လှူသူမည်ပါတယ်။

(သံယုတ်၊ ၄၊ ပ၊ ၁၀၅၊ ဋီ၊ ၁၅၆)

သိရီမင်းမှာ သိန္ဓ၀တိုင်း၊ သောဓိပါကတိုင်းလို့ ၂ တိုင်းရှိပါတယ်။ မြို့ကရောရွ၀၊ အဲဒီမြို့ရဲ့ တံခါးတစ်ခု တစ်ခုမှာ နေ့တိုင်း အသပြာတစ်သိန်း ဖြစ်ပေါ်ပါတယ်။ မြို့တွင်းက တရားဆုံးဖြတ်ရာနေရာမှာ တစ်သိန်း ဖြစ်ပေါ်ပါတယ်။ မင်းကရွှေငွေများစွာကို စုပုံနေတာ မြင်ရပြီး ကံ ကံအကျိုး ယုံကြည်သိမြင်မှုဉာဏ်ကို ဖြစ်စေကာ တံခါး ၄ ခုမှာ အလှူမဏ္ဍပ် ၄ ခု လုပ်ခိုင်းပြီး အဲဒီတံခါး အသီးသီးက ထွက်ပေါ်တဲ့အခွန်နဲ့အလှူ လှူကြလို့ပြောကာ အမတ်တွေကို ထားပေးတယ်။

(သံယုတ်၊ ၄၊ ပ၊ ၁၀၅)

http://www.dhammadownload.com

## အင်အားလှူသူ

"ဘာကို လှူရင် အင်အားကို လှူရာ ရောက်ပါသလဲ"
"အစာကို လှူရင် အင်အားကို လှူရာ ရောက်ပါတယ်"
နတ်သားတစ်ဦးက မေးလို့ ဘုရားရှင်က ဖြေထားပါတယ်။

**(သံယုတ်၊ ပ၊ ၂၉)**

အင်အား အလွန်ကြီးမားသူတောင်မှ ထမင်း ၂ ထပ်၊ ၃ ထပ် မစားလိုက်ရရင် ထိုင်နေရာမှ ထဖို့တောင် မစွမ်းနိုင်တော့ဘူးပါ။ ခန္ဓာကိုယ်နဲ့ ပြုလုပ်ရမယ့် အခြားကိစ္စတွေကိုတော့ ပြောဖွယ်တောင် မလိုတော့ပါ။ အကြောင်းကတော့ အင်အား မရှိလို့ပါပဲ။ စားပြီးရင်တော့ မစားခင်က အင်အား မရှိသူတောင်မှ အင်အားနဲ့ ပြည့်စုံလာပါတယ်။

**(သံ၊ ဋ္ဌ၊ ပ၊ ၇၈၊ ဋီ၊ ၁၁၈)**

http://www.dhammadownload.com

# ဒါနအကျိုး

နတ်သား ။ ။ ဒီလောကမှာ တချို့ပုဂ္ဂိုလ်တွေက နှမြောဝန်တို မပေးလို ကြပါ။ အလှူခံပုဂ္ဂိုလ်တွေကိုလည်း ဘေးကို ပြကာ ခြိမ်း ခြောက်တတ်ကြပါသည်။ အခြား ပေးလှူသူတွေကိုလည်း အန္တရာယ် ပြုတတ်ကြပါတယ်။ အဲဒီပုဂ္ဂိုလ်တွေရဲ့ အကျိုးရလဒ်က ဘယ်လိုပါလဲ။ သူတို့ရဲ့ နောင်ဘဝကိုလည်း ဘယ်လို ရှုမြင်ရပါမလဲ။

ဘုရားရှင်။ ။ အဲဒီပုဂ္ဂိုလ်တွေရဲ့ အကျိုးရပုံက ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ ဘဝကို ရောက်ရတယ်။ လူ့ဘဝ ရောက်ပြန်ရင်လည်း လူဆင်းရဲမျိုးမှာ ဖြစ်ရတယ်။ အဝတ်အစားရှားပါးတယ်။ ကာမဂုဏ် အာရုံ ၅ ပါးနဲ့ ပျော်မွေ့ရမှုလည်း နည်းတယ်။ ကိုယ်၊ နှုတ်၊ စိတ်မှာ ရွှင် လန်းချမ်းမြေ့မှုကိုလည်း မရ။ လူမိုက်တွေဟာ သူတစ်ပါးထံမှ တောင့်တ တဲ့အရာကို မရကြ၊ ဒါက ဒီဘဝမှာရတဲ့ အကျိုးပဲ။ တမလွန်ဘဝမှာလည်း မကောင်းတဲ့ဘဝကို ရောက်ရတယ်။

နတ်သား ။ ။ မြတ်စွာဘုရား၊ မပေးလှူတတ်သူတွေရဲ့ အကျိုးရပုံ အလုံးစုံကို သိကြရပါပြီ။ အခြား ပြဿနာကိုလည်း မေး လိုကြပါတယ်။ ဒီလောကမှာ တချို့ပုဂ္ဂိုလ်တွေက လူ့ဘဝကိုရပြီး တောင်း သူလာရင် ကောင်းစွာနှစ်ခြိုက် အလိုက်သိတတ်စွာ ပေးလှူတတ်ကြပါ တယ်။ မပေးရက်လို နှမြောဝန်တိုမှုလည်း ကင်းကြပါတယ်။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးမှာ ကြည်ညိုကာ ရိုသေမှု ထက်သန်ကြပါ တယ်။ အဲဒီပုဂ္ဂိုလ်တွေရဲ့အကျိုးရလဒ်နဲ့ တမလွန်ဘဝက ဘယ်လိုပါလဲ။

http://www.dhammadownload.com



ဘုရားရှင်။ ။ အဲဒီပုဂ္ဂိုလ်တွေဟာ နတ်ပြည်မှာဖြစ်ကာ ဗိမာန်အရောင်နဲ့ ထွန်းတောက်နေကြပါတယ်။ လူ့ဘဝ ရောက်ရင် ကြွယ်ဝချမ်းသာတဲ့အမျိုးမှာ ဖြစ်ကြရတယ်။ အဝတ်အစား ပေါများကြတယ်။ ကာမဂုဏ်ငါးပါးနဲ့ ပျော်မွေ့မှုလည်း များတယ်။ ကိုယ်၊ နှုတ်၊စိတ်မှာ ရွှင်လန်းချမ်းမြေ့မှုကိုလည်း ရကြတယ်။ သူတစ်ပါးတွေ စုဆောင်းထားတဲ့ ဥစ္စာတွေမှာ ကိုယ့်အလိုအတိုင်းသာ ဖြစ်ကာ ဝမ်းမြောက်ကြရတယ်။ ဒါက ဒီဘဝမှာရတဲ့ အကျိုးပဲ။ တမလွန်ဘဝမှာလည်း ကောင်းတဲ့ဘဝကို ရောက်ရတယ်။

(သံယုတ်၊ ပါဠိ၊ ပ၊ ၃၁)

http://www.dhammadownload.com

# အကောင်းချည်းပါပဲ

သတုလ္လပကာယိကာ နတ်များစွာထဲကပဲ နတ်သား ၆ယောက်ဟာ နတ်သား တစ်ယောက်ပြီးတစ်ယောက် ဘုရားရှင်ထံမှာ ဝမ်းမြောက်ဝမ်းသာ ဥဒါန်းစကား ကျူးရင့်ပါတယ်။

နတ်သား ။ ။ မြတ်စွာဘုရား၊ လှူတာဟာ ကောင်းပါတယ်။ နှမြောလို့ရော၊ မေ့လျော့ပျော့ပါးလို့ပါ အလှူကို မလှူပါ။ ကောင်းမှုကို လိုလားပြီး ဒါနအကျိုးကို သိမြင်သူဟာ ပေးလှူထိုက်ပါတယ်။

အခြားနတ်သား ။ ။ မြတ်စွာဘုရား၊ လှူတာဟာ ကောင်းပါတယ်။ ဒါတင်မက ပစ္စည်းအနည်းငယ်ထဲကတောင် လှူတာလည်း ကောင်းပါတယ်။ လောကမှာ တချို့က ပစ္စည်းဝတ္ထု အနည်းငယ်သာ ရှိပေမယ့် ပေးလှူကြတယ်။ အချို့ကတော့ ပစ္စည်းဥစ္စာ အများကြီး ရှိပေမယ့် မလှူကြပါ။ ပစ္စည်းဝတ္ထု အနည်းငယ်မှ လှူအပ်တဲ့ အလှူဟာ (ဒါနစေတနာက မွန်မြတ်လှလို့) အလှူတစ်ထောင်နဲ့ ညီမျှတယ်လို့ နှိုင်းယှဉ်အပ်ပါတယ်။

အခြားနတ်သား ။ ။ မြတ်စွာဘုရား၊ လှူတာဟာ ကောင်းပါတယ်။ ဒါတင်မက ပစ္စည်းအနည်းငယ်ထဲကတောင် လှူတာလည်း ကောင်းပါတယ်။ ပြီးတော့ ကံနဲ့ ကံရဲ့အကျိုးကို ယုံကြည်

http://www.dhammadownload.com



ပြီး လှူတာလည်း ကောင်းပါတယ်။ အလှူပေးတာနဲ့ စစ်တိုက်ရတာဟာ သဘောသွားတူတယ်လို့ ပညာရှိတွေ ပြောကြပါတယ်။ စစ်ပွဲမှာ ရဲရင့်သူတွေကနည်းပေမယ့် များစွာသော ကြောက်ရွံ့သူတွေကို အောင်နိုင်ကြပါတယ်။ အဲဒီလိုပါပဲ၊ သဒ္ဓါစသည်နှင့် ပြည့်စုံသူဟာ အလှူအနည်းငယ်ကိုတောင် လှူတဲ့အခါ နှမြောမှုများစွာကို နှိမ်နင်းပါတယ်။ များစွာသော ဒါနအကျိုးကိုလည်း ရရှိပါတယ်။ ကံ ကံရဲ့အကျိုးကို ယုံကြည်ပြီး ပစ္စည်းအနည်းငယ်ကိုတောင် လှူဦးတော့ အဲဒီအနည်းငယ်လှူဒါန်းမှုကြောင့် သူဟာ နောင်ဘဝမှာ ချမ်းသာနဲ့ ပြည့်စုံပါတယ်။

အခြားနတ်သား။ ။ မြတ်စွာဘုရား၊ လှူတာဟာ ကောင်းပါတယ်။ ဒါတင်မက ပစ္စည်းအနည်းငယ်ထဲကတောင် လှူတာလည်း ကောင်းပါတယ်။ ပြီးတော့ ကံနဲ့ ကံရဲ့အကျိုးကို ယုံကြည်ပြီး လှူတာလည်း ကောင်းပါတယ်။ ပြီးတော့ တရားသဖြင့် ရထားတဲ့ ပစ္စည်းကို တရားထူးသိမြင် အရိယာအရှင်အား လှူတာလည်း ကောင်းပါတယ်။ ထကြွလုံ့လ ဝီရိယနဲ့ ရထားတဲ့ တရားသဖြင့် ရှာဖွေထားတဲ့ ပစ္စည်းကို တရားအထူးသိမြင် အရိယာအရှင်အား လှူသူဟာ ယမမင်းရဲ့ ငရဲအထပ်ထပ်ကို ကျော်လွန်ကာ နတ်ပြည်တွေကို ကပ်ရောက်နိုင်ပါတယ်။

အခြားနတ်သား။ ။ မြတ်စွာဘုရား၊ လှူတာဟာ ကောင်းပါတယ်။ ပစ္စည်းအနည်းငယ်ထဲကတောင် လှူတာ ကံ ကံရဲ့အကျိုးကို ယုံကြည်ပြီး လှူတာ တရားသဖြင့် ရထားတဲ့ပစ္စည်းကို တရားထူးသိမြင် အရိယာအရှင်အား လှူတာတွေလည်း ကောင်းကြပါတယ်။ ဒါတင်မက လှူဖွယ်ပစ္စည်းနဲ့ အလှူခံပုဂ္ဂိုလ်ကို စိစစ်ရွေးချယ်ပြီး လှူတာလည်း ကောင်းပါတယ်။ လှူဖွယ်ပစ္စည်းနဲ့ အလှူခံပုဂ္ဂိုလ်ကို စိစစ်ရွေးချယ်ပြီး လှူတာကို ဘုရားရှင်က ချီးမွမ်းတော်မူပါတယ်။ လယ်ယာမြေကောင်းမှာ စိုက်ပျိုးကြဲချရတဲ့ မျိုးစေ့တွေဟာ အောင်မြင်ဖွံ့ဖြိုးများ

http://www.dhammadownload.com



မြတ်တဲ့အကျိုးရှိကြသလို ဒီသက်ရှိလောကမှာ မြတ်တဲ့အလှူကို ခံယူထိုက်တဲ့ ပုဂ္ဂိုလ်တွေအား လှူရတဲ့ အလှူတွေဟာ ကြီးကျယ်ဖွံ့ဖြိုးများမြတ်တဲ့ အကျိုးရှိကြပါတယ်။

အခြားနတ်သား။ ။ မြတ်စွာဘုရား၊ လှူတာဟာ ကောင်းပါတယ်။

ပစ္စည်းအနည်းငယ်ထဲကတောင် လှူတာ ကံ ကံရဲ့အကျိုးကို ယုံကြည်ပြီး လှူတာ တရားသဖြင့် ရထားတဲ့ပစ္စည်းကို တရားအထူးသိမြင် အရိယာအရှင်အား လှူတာ၊ လှူဖွယ်ပစ္စည်းနဲ့ အလှူခံပုဂ္ဂိုလ်ကို စိစစ်ရွေးချယ်ပြီး လှူတာတွေလည်း ကောင်းကြပါတယ်။ ဒါတင်မက သတ္တဝါတွေအပေါ် စောင့်စည်းမှုသီလဟာလည်း ကောင်းပါတယ်။ သတ္တဝါတွေကို မညှဥ်းဆဲဘဲ လှည့်လည်သူဟာ သူတစ်ပါးတွေ စွပ်စွဲကဲ့ရဲ့ခံရမှာ ကြောက်လို့ မကောင်းမှုတွေကို မပြုလုပ်ပါ။ ပညာရှိသူတော်ကောင်းတွေက မကောင်းမှုမှ ကြောက်သူကို ချီးမွမ်းကြပါတယ်။ အဲဒီ မကောင်းမှုမှာ ရဲရင့်သူကိုတော့ မချီးမွမ်းကြပါ။

မှန်တယ်။ ပညာရှိသူတော်ကောင်းတွေက သူတစ်ပါးစွပ်စွဲ ကဲ့ရဲ့ခံရမှာ ကြောက်လို့ မကောင်းမှုကို မပြုလုပ်ကြပါ။

အဲဒီအခါ အခြားနတ်သားက ဘုရားရှင်ကို ဒီလိုမေးလျှောက်ပါတယ်။

"မြတ်စွာဘုရား၊ ဘယ်နတ်သားရဲ့စကားက ကောင်းစွာပြောဆိုအပ်တဲ့စကားပါလဲ ဘုရား"

"သင်တို့နတ်သားအားလုံးရဲ့ စကားဟာ ကိုယ့်အကြောင်းနဲ့ကိုယ် ကောင်းစွာ ပြောဆိုအပ်တဲ့ စကားချည်းပါပဲ။ ဒါပေမဲ့ ငါဘုရားစကားကိုလည်း နာယူမှတ်သားကြဦး"

"ကံ ကံရဲ့အကျိုးကို ယုံကြည်ပြီး လှူတာကို နည်းများစွာနဲ့ ချီးမွမ်းထိုက်တယ်။ ဒါနထက် နိဗ္ဗာန်တရားကသာ အထူးချီးမွမ်းအပ် မြတ်လှပါတယ်။ အကြောင်းကတော့ ရှေးအခါကရော အဲဒီထက် ရှေးကျတဲ့အခါ

http://www.dhammadownload.com



ကပါ ပညာရှိသူတော်ကောင်းတွေဟာ နိဗ္ဗာန်သို့သာ ကြွသွားတော်မူကြလို့ပါပဲ”

**(သံယုတ်၊ ပါဠိ၊ ပ၊ ၂၀)**

အသက်သေရမှာကြောက်သူဟာ စစ်တိုက်ခြင်းငှာ မစွမ်းနိုင်၊ ဉစ္စာကုန်မှာ ကြောက်သူဟာ ပေးလှူခြင်းငှာ မစွမ်းနိုင်။ မှန်တယ်၊ “အသက်ကိုလည်း စောင့်ရှောက်မယ်။ စစ်လည်းတိုက်မယ်” လို့ ပြောသူဟာ စစ်မတိုက်၊ အသက်အပေါ် အတွယ်အတာကို စွန့်လွှတ်ပြီး “ကွဲပြတ်ချင် ကွဲပြတ်ပါစေ၊ သေချင် သေပါစေ။ ဒီအစိုးရမှုကို ယူမယ်” လို့ ကြိုးစားအားထုတ်သူသာ စစ်တိုက်တယ်။

“စည်းစိမ်ဉစ္စာတွေကိုလည်း စောင့်ရှောက်မယ်။ အလှူကိုလည်း လှူမယ်” လို့ ပြောသူဟာ မလှူ၊ စည်းစိမ်ဉစ္စာတွေအပေါ် အတွယ်အတာကို စွန့်လွှတ်ပြီး အလှူကြီးကို လှူမယ်လို့ ကြိုးစားအားထုတ်သူသာ လှူတယ်။ အဲဒီနည်းအားဖြင့် အလှူလှူရတာနဲ့ စစ်တိုက်ရတာဟာ တူတယ်။

စစ်တိုက်ရာမှာ ရဲရင့်တဲ့ ယောကျ်ားတွေက နည်းပေမယ့် ကြောက်တဲ့ယောကျ်ားများစွာကို အောင်နိုင်တယ်။ အဲဒီလိုပဲ သဒ္ဓါစသည်နဲ့ ပြည့်စုံသူဟာ အလှူအနည်းငယ်ကိုတောင် လှူတဲ့အခါ နှမြောမှုများစွာကို နှိမ်နင်းတယ်။ ဒါနအကျိုးများစွာကိုလည်း ရတယ်။ ဒီနည်းနဲ့လည်း အလှူ လှူရတာနဲ့ စစ်တိုက်ရတာဟာ တူတယ်။

ညံ့ကုန်၊ ညံ့ကုန်သော ပစ္စည်းတွေကို ဖယ်ရှားပြီး မွန်မြတ်ကုန်၊ မွန်မြတ်ကုန်သော ပစ္စည်းတွေကို ရွေးချယ်ကာ အဲဒီပစ္စည်းကောင်းတွေကို လှူတာဟာ လှူဖွယ်ကို စိစစ်ရွေးချယ်သည် မည်တယ်။

သီလကျိုးပျက်သူတွေနဲ့ သာသနာပမှာ ၉၅ ပါးသော အယူမှားတွေကို ယူထားတဲ့ အလှူခံပုဂ္ဂိုလ်တွေကို ပယ်စွန့်ပြီး သီလ စတဲ့ ဂုဏ်နဲ့ ပြည့်စုံတဲ့ သာသနာက ရှင်ရဟန်းတွေအား လှူတာဟာ အလှူခံပုဂ္ဂိုလ်ကို စိစစ်ရွေးချယ်သည် မည်တယ်။ **(သံယုတ်၊ ဋ၊ ပ၊ ၅၈)**

http://www.dhammadownload.com

## စားလည်းစား လှူလည်းလှူ

နတ်သား။ ။ အိမ်ကို မီးလောင်ခံရတဲ့အခါ ဆွဲထုတ်လိုက်ရတဲ့ အိုးခွက်ပစ္စည်း၊ မီးလောင် မခံရတဲ့ပစ္စည်းဟာ အဲဒီအိမ်ပိုင်ရှင်အတွက် ဖြစ်ပါတယ်။ အဲဒီလိုပါပဲ သတ္တဝါအပေါင်းကို အိုမှုသေမှုစတဲ့ မီး ၁၁ မီးက လောင်မြိုက် တောက်လောင်နေပါတယ်။ ဒါန၊ စေတနာနဲ့ ထုတ်ကို ထုတ်ယူရပါတယ်။ လှူလိုက်ရတာဟာ ကောင်းကောင်း ထုတ်ဆောင် ယူလိုက်ရတာပါပဲ။ ဒါနစေတနာက ချမ်းသာအကျိုးကို ပေးပါတယ်။ မလှူဒါန်းမှုကတော့ အဲဒီလို ချမ်းသာတဲ့ အကျိုးမပေးပါ။ မပေးရက်၊ မလှူရက် သိုဝှက်သိမ်းထားတဲ့ ပစ္စည်းတွေကို ခိုးသူတွေ၊ ရှင်ဘုရင်တွေက ဆောင်ယူ သွားတတ်ကြပါတယ်။ မီးလောင်တတ်ပါတယ်။ ထားရာနေရာမှာလည်း ပျက်စီးတတ်ပါတယ်။ သေရတဲ့အခါမှာ သိုမှီးသိမ်းထားပစ္စည်းများနဲ့ အတူ မိမိကိုယ်ကိုတောင် စွန့်ခွာရပါတယ်။ ပညာရှိဟာ အဲဒီအခြေအနေကိုသိပြီး ကိုယ်တိုင်လည်း သုံး စား၊ သူတစ်ပါးအားလည်း လှူရပါတယ်။ လှူပြီး စားသုံးပြီး ကောင်းမှု အစွမ်းအားလျော်စွာ သူတော်ကောင်းတွေရဲ့ အကဲ့ရဲ့မခံရတဲ့အပြင် နတ်ပြည်ကိုပါ ရောက်ရပါတယ်။

ဘုရားရှင် သီတင်းသုံးရာ ဇေတဝန်ကျောင်းကိုလာကာ ဘုရားရှင်ကို သန်းခေါင်ယံအခါ အထက်ပါစကားတွေကို အဲဒီနတ်သားက လျှောက်ထားသွားပါတယ်။

**(သံယုတ်၊ ပါဠိ၊ ပ၊ ၂၉)**

http://www.dhammadownload.com

## ဆင်းရဲသား အန္နဘာရရဲ့ ဆွမ်းအလှူ

ဂေါတမဘုရား မပွင့်သေးခင်အချိန်မှာ ဗာရာဏသီမြို့မှာပဲ ဆင်းရဲသားရဲ့အိမ်မှာ အရှင်အနုရုဒ္ဓါလောင်းလျာဟာ ပင်္ဂိသန္တေယူပြီး သုမနသူဌေးကို မှီကာနေတယ်။ သူ့နာမည်က အန္နဘာရလို့ အမည်တွင်တယ်။ သုမနသူဌေးက နေ့တိုင်း ဆင်းရဲသား၊ ခရီးသွား၊ သူတောင်းစားတွေအား အိမ်တံခါးမှာ အလှူကြီးပေးတယ်။ တစ်နေ့မှာ ဥပရိဋ္ဌမည်တဲ့ ပစ္စေကဗုဒ္ဓါက ဂန္ဓမာဒနတောင်မှာ နိရောဓသမာပတ်ဝင်စားနေတယ်။ နိရောဓသမာပတ်မှထပြီး "ဒီနေ့ ဘယ်သူ့အား ချီးမြှောက်သင့်သလဲ" လို့ စူးစမ်းတော်မူတယ်။ ပစ္စေကဗုဒ္ဓါတွေဆိုတာကလည်း ဆင်းရဲသားတွေကို သနားတော်မူကြတယ်။ ပစ္စေကဗုဒ္ဓါက "ဒီနေ့ ငါဟာ အန္နဘာရအား ချီးမြှောက်သင့်တယ်" လို့ ကြံပြီး အခု အန္နဘာရက တောအုပ်မှ သူ့အိမ်ကို လာလိမ့်မယ်လို့ သိပြီး သပိတ်၊ သင်္ကန်းကိုယူကာ ဂန္ဓမာဒနတောင်မှ ကောင်းကင်ကို ပျံတက်တယ်။ ရွာတံခါးမှာ အန္နဘာရရဲ့ ရှေ့မှောက်မှာ ရပ်တည်တယ်။

အန္နဘာရက ပစ္စေကဗုဒ္ဓါရဲ့သပိတ်မှာ ဘာမှမပါတာကိုမြင်ပြီး ပစ္စေကဗုဒ္ဓါကို ရှိခိုးကာ "အရှင်ဘုရား၊ ဆွမ်းရပါသလား" လို့ မေးတယ်။ အို ဘုန်းကံကြီးတဲ့သူ့ဒကာ၊ ငါတို့ဟာ ရကြပါလိမ့်မယ်လို့ ပြောတယ်။

http://www.dhammadownload.com



"အရှင်ဘုရား၊ ခဏ ဒီနေရာမှာပဲ နေပါ" လို့ ပြောကာ အမြန်အိမ်ကို သွားတယ်။ သူ့အိမ်က အမျိုးသမီးကို "ရှင်မ၊ ငါ့အတွက် ထားတဲ့ ငါ့ဖို့ ထမင်း ရှိသေးလား၊ မရှိဘူးလား" လို့ မေးတယ်။ "အို အရှင်၊ ရှိပါသေး တယ်" လို့ ပြောတယ်။ အန္နဘာရဟာ အဲဒီနေရာကပဲ သွားပြီး ပစ္စေက ဗုဒ္ဓါရဲ့ လက်က သပိတ်ကို ယူကာလာပြီး "ရှင်မ၊ ငါတို့ဟာ ရှေးဘဝက ကောင်းမှုကံကို မလုပ်ခဲ့ကြလို့ ထမင်းကို တောင့်တကာ နေကြရတယ်။ ငါတို့မှာ လှူချင်ပေမယ့် လှူစရာမရှိ။ လှူစရာက ရှိပေမယ့် အလှူခံပုဂ္ဂိုလ် ကို မရကြ။ ဒီနေ့ ငါဟာ ဥပရိဋ္ဌပစ္စေကဗုဒ္ဓါကို ဖူးမြင်ရပြီ၊ ငါ့ဖို့ ထမင်းက လည်း ရှိနေတယ်။ ငါ့ဖို့ ထမင်းကို ဒီသပိတ်ထဲမှာ ထည့်ပါ" လို့ ပြော တယ်။

ထက်မြက်တဲ့ မိန်းမက "ငါ့လင်က သူ့ဖို့ထမင်းကို လှူတယ်။ ငါ လည်း ဒီအလှူမှာ ကုသိုလ်အဖို့ရှိသူ ဖြစ်ထိုက်တယ်" လို့ ကြံပြီး သူ့ဖို့ ထမင်းကိုလည်း ဥပရိဋ္ဌပစ္စေကဗုဒ္ဓါရဲ့ သပိတ်မှာ တည်စေကာ လှူလိုက် ပါတယ်။ အန္နဘာရကသပိတ်ကို သယ်ဆောင်ပြီး ပစ္စေကဗုဒ္ဓါရဲ့ လက် မှာထားကာ "အရှင်ဘုရား၊ ဒီလို ဆင်းဆင်းရဲရဲ အသက်မွေးရခြင်းမှ လွတ်ကြရလိုပါ၏" လို့ လျှောက်တယ်။ "အို ဘုန်းကံကြီးတဲ့ ဒကာ၊ အဲဒီ အတိုင်း ဖြစ်ပါစေ" လို့ မိန့်တယ်။ အန္နဘာရဟာ သူ့ရဲ့ အပေါ်ရုံအဝတ် ကို တစ်နေရာမှာ ဖြန့်ခင်းပြီး "အရှင်ဘုရား၊ ဒီနေရာမှာ ထိုင်ကာ ဘုဉ်း ပေးတော်မူပါ" လို့ လျှောက်တယ်။ ပစ္စေကဗုဒ္ဓါက အဲဒီနေရာမှာ ထိုင်ပြီး စက်ဆုပ်ဖွယ် ၉ မျိုးကို ဆင်ခြင်ရင်း ဘုဉ်းပေးတယ်။ ဘုဉ်းပေးပြီးချိန် မှာ အန္နဘာရက သပိတ်ဆေးရေကို လှူတယ်။ ပစ္စေကဗုဒ္ဓါက ဆွမ်းကိစ္စ ပြီးတဲ့အခါ "သင့်ရဲ့ လိုလားတောင့်တမှုအားလုံးပဲ ပြီးစီးပြည့်စုံပါစေ၊ အကြံအစည်အားလုံး ၁၅ ရက်လပြည့်လပမာ ပြည့်ဝပါစေ"

အဲဒီလို အနုမောဒနာစကား မိန့်ကြားပြီး လမ်းကို သွားပါတယ်။ သုမနသူဌေးရဲ့ထီးမှာ စောင့်ကြပ်တဲ့နတ်က "သြော်၊ အလှူဟာ မြင့်မြတ်

http://www.dhammadownload.com



တဲ့အလှူ ဖြစ်သွားပြီ။ ဥပရိဋ္ဌပစ္စေကဗုဒ္ဓါမှာ ကောင်းစွာ တည်သွားပြီ” လို့ သုံးကြိမ်ပြောကာ ကောင်းချီးပေးတယ်။ သုမနသူဌေးက “သင်က ငါ့ကို ဒီလောက်ကာလပတ်လုံး အလှူ လှူနေတာကို မမြင်ဖူးလား” လို့ မေးတယ်။ “ငါက သင့်ရဲ့အလှူမှာ ကောင်းချီးပေးတာ မဟုတ်ပါ။ ဥပရိဋ္ဌ ပစ္စေကဗုဒ္ဓါအား အန္နဘာရ လှူတဲ့ ဆွမ်းအလှူအပေါ် ကြည်ညိုပြီး ကောင်းချီးပေးပါတယ်” လို့ နတ်က ပြောတယ်။

သုမနသူဌေးမှာ ဒီလိုအကြံ ပေါ်လာတယ်။

“ဒီအလှူဟာ အံ့သြဖွယ်ကောင်းပါပေတယ်။ ငါဟာ ဒီလောက် ကာလပတ်လုံး အလှူလှူတဲ့အခါ နတ်ကို ကောင်းချီးပေးအောင် (သာခု ခေါ်အောင်) မလုပ်နိုင်ခဲ့။ ဒီအန္နဘာရက ငါ့ကိုမှီပြီးနေတဲ့အခါ လျောက် ပတ်တဲ့ အလှူခံပုဂ္ဂိုလ်ကိုရလို့ ဆွမ်းတစ်ထပ်အလှူနဲ့ပဲ ကောင်းချီးပေး အောင် လုပ်ပါတယ်။ အန္နဘာရအား သင့်လျော်တာကိုပေးပြီး အဲဒီ ဆွမ်း (ဆွမ်းအလှူ)ကို ငါ့ဥစ္စာဖြစ်အောင် ပြုလုပ်သင့်တယ်။

အဲဒီလိုကြံပြီး အန္နဘာရကို ခေါ်ခိုင်းကာ “ဒီနေ့ သင်က တစ်စုံ တစ်ယောက်အား တစ်စုံတစ်ခုကို လှူသလား” လို့ မေးတယ်။ “အို အရှင်၊ ဟုတ်ပါတယ်။ အကျွန်ုပ်ဟာ ဥပရိဋ္ဌပစ္စေကဗုဒ္ဓါအား ကျွန်တော့်ဖို့ ထမင်း ကို လှူခဲ့ပါတယ်” လို့ ဖြေတယ်။

“အမောင်၊ အခု အသပြာကိုယူပြီး ဒီဆွမ်းကို (ဆွမ်းအလှူကို) ငါ့ အား ပေးပါ”

“အို အရှင်၊ ကျွန်တော် မပေးပါ”

သုမနသူဌေးက တစ်ထောင်တိုင်အောင် တိုးပေးတယ်။ အန္နဘာရ က “တစ်ထောင်နဲ့လည်း မပေးဘူး” လို့ ပြောတယ်။

“အိုအမောင် ရှိပါစေ။ ဆွမ်းကို မပေးရင် တစ်ထောင်ကို ယူပြီး ငါ့အား ကုသိုလ်ဝေစုကို ပေးပါ”

http://www.dhammadownload.com



"သူ့ကိုလည်း ပေးသင့်၊ မပေးသင့် ငါမသိ။ အရှင် ဥပရိဋ္ဌပစ္စေက ဗုဒ္ဓါကိုမေးပြီး ပေးသင့်ရင် ငါပေးမယ်" လို့ တွေးပြီး သွားကာ ပစ္စေကဗုဒ္ဓါ ကို အမိလိုက်ပြီး "အရှင်ဘုရား၊ သုမနသူဌေးက တပည့်တော်အား အသပြာတစ်ထောင်ပေးပြီး အရှင်ဘုရားအား လှူတဲ့ဆွမ်းမှာ ကုသိုလ် ဝေစုကို တောင်းနေပါတယ်။ ပေးရပါမလား၊ မပေးရလား"လို့ မေးတယ်။ ပစ္စေကဗုဒ္ဓါက အောက်ပါအတိုင်း အဖြေပေးတော်မူပါတယ်။

"ပညာရှိ၊ သင့်အား ဥပမာပြမယ်။ အိမ်ခြေတစ်ရာရှိတဲ့ရွာက အိမ် တစ်အိမ်မှာပဲ ဆီမီးညှိထွန်းထားတယ်။ ကျန်တဲ့လူတွေက မိမိ မိမိရဲ့ဆီ နဲ့ မီးစာကို စိုစွတ်စေကာ မီးညှိပြီး ယူသွားကြတယ်။ ရှေးဆီမီးရဲ့ အရောင် ရှိသလား။ မရှိဘူးလား"

"အရှင်ဘုရား၊ မီးရောင်ဟာ ပိုပြီး အရောင်တောက်လာပါတယ်"

"ပညာရှိ၊ အဲဒီဥပမာလိုပါပဲ ယာဂုတစ်ယောက်ချို့ ဆွမ်းတစ်ဇွန်း ပင် ဖြစ်ပါစေ။ ကိုယ့်ဆွမ်းအလှူမှာ သူတစ်ပါးတွေအား ကုသိုလ်ဝေစု ကို ပေးရင် လူတစ်ရာအား ပေးပေး၊ လူတစ်ထောင်အား ပေးပေး ပေး သလောက် (ပေးရာပုဂ္ဂိုလ်များသလောက်) ကောင်းမှုတိုးပွားတယ်။ သင် က ပေးတဲ့အခါ ဆွမ်းတစ်နပ်စာပဲ ပေးလှူခဲ့တယ်။ သုမနသူဌေးအား ကုသိုလ်ဝေစုကို ပေးလိုက်တဲ့အခါ သင့်အတွက်က တစ်ခု၊ အဲဒီသုမန သူဌေးအတွက်က တစ်ခု၊ ဆွမ်းနှစ်ခုဖြစ်သွားတယ်။ (ဆွမ်းနဲ့ ပတ်သက် ပြီး ကုသိုလ်နှစ်မျိုး ဖြစ်သွားတယ်။)

အန္နဘာရဟာ ပစ္စေကဗုဒ္ဓါကို ရှိခိုးပြီး သုမနသူဌေးထံ သွားကာ "အို အရှင်၊ ဆွမ်းအလှူမှာ ကုသိုလ်ဝေစုကို ယူပါ" လို့ ပြောတယ်။ သူဌေး က ဒီလိုပြောတယ်။

"ရော့ အသပြာတစ်ထောင်ကို ယူပါ"

"ကျွန်ုပ်ဟာ ဆွမ်းအလှူကို မရောင်းပါ။ သဒ္ဓါနဲ့ ကုသိုလ်ဝေစုကို သင့်အား ပေးပါတယ်"

http://www.dhammadownload.com



"ချစ်သား၊ သင်က ငါ့အား သဒ္ဓါနဲ့ ကုသိုလ်ဝေစုကို ပေးတယ်။ ငါကတော့ သင့်ရဲ့ဂုဏ်ကို ပူဇော်တဲ့အနေနဲ့ အသပြာတစ်ထောင်ကို ပေးပါတယ်။ ချစ်သား ယူပါ"

အန္နဘာရက "အဲဒီအတိုင်း ဖြစ်ပါစေ" လို့ပြောပြီး အသပြာတစ်ထောင်ကို ယူလိုက်တယ်။ "ချစ်သား၊ သင့်မှာ အသပြာတစ်ထောင် ရတဲ့အချိန်ကစပြီး ကိုယ့်လက်နဲ့ အလုပ်လုပ်စရာ ကိစ္စမရှိ။ လမ်းထဲမှာ အိမ်ကိုဆောက်ပြီးနေပါ။ သင် အလိုရှိတာကို ငါ့ကို အဆောင်ခိုင်းပြီး ယူပါ" လို့ သူဌေးက ပြောတယ်။ နိရောဓသမာပတ်မှထတဲ့ ပစ္စေကဗုဒ္ဓါအား လှူရတဲ့ဆွမ်းဆိုတာ အဲဒီလှူရာနေ့မှာပဲအကျိုးကိုပေးပါတယ်။ဒါကြောင့် သုမနသူဌေးအား အခြားနေ့မှာ အန္နဘာရကိုခေါ်ပြီး မင်းနန်းတော်ကို မသွားပေမယ့် အဲဒီနေ့မှာတော့ ခေါ်ပြီးသာ သွားပါတယ်။ အန္နဘာရရဲ့ ကောင်းမှုကို အကြောင်းပြုပြီး မင်းက သူဌေးကို မကြည့်ဘဲ အန္နဘာရကိုသာ ကြည့်ပါတယ်။

"အရှင်မင်းကြီး၊ ဒီယောကျ်ားကို အရှင်မင်းကြီးက အလွန်ပဲ ဘာကြောင့် ကြည့်နေပါသလဲ"

"အခြားနေ့မှာ ရှေးက မမြင်ဖူးလို့ ကြည့်တယ်"

"အရှင်မင်းကြီး၊ ဒီယောကျ်ားဟာ ကြည့်ရှုထိုက်တဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်"

"သူ့ရဲ့ ကြည့်ရှုထိုက်တဲ့ဂုဏ်က ဘာပါလဲ"

"အရှင်မင်းကြီး၊ ဒီနေ့ သူဖို့ ထမင်းကို ကိုယ်တိုင်မစားဘဲ ဥပရိဋ္ဌ ပစ္စေကဗုဒ္ဓါအား ပေးလှူခဲ့လို့ ကျွန်တော်မျိုးရဲ့ လက်က အသပြာတစ်ထောင်ကို ရပါတယ်"

"အဲဒီယောကျ်ားရဲ့ နာမည်က ဘာလဲ"

"အရှင်မင်းကြီး အန္နဘာရ မည်ပါတယ်"

http://www.dhammadownload.com



"သင့်ရဲ့လက်ကရပြီးလို့ ငါ့ရဲ့လက်ကလည်း ရသင့်တယ်။ ငါလည်း သူ့အား ပူဇော်မယ်"

အဲဒီလိုပြောပြီး အသပြာတစ်ထောင်ကို ပေးလိုက်တယ်။

"အမောင်တို့ အဲဒီအန္နဘာရအတွက် နေရာအိမ်ကို သိကြလော"

"အရှင်မင်းကြီး ကောင်းပါပြီ"

နေရာတစ်နေရာကို ရှင်းတဲ့အခါ ပေါက်တူးနဲ့ တူးတိုင်း၊ တူးတိုင်းသော နေရာမှာ ရွှေအိုးတွေ လည်ပင်းချင်း ထိနေတာကို မြင်ရပြီး မင်းအား ပြောကြတယ်။ မင်းက "ဒီလိုဆိုရင် သွားပြီး တူးကြ" လို့ ပြောတယ်။ သူတို့ တူးစဉ်၊ တူးစဉ် အောက်ကို သွားကြတယ်။ တစ်ဖန် သွားပြီး မင်းအား ပြောကြတယ်။ မင်းက "အန္နဘာရရဲ့ စကားနဲ့ တူးကြ" လို့ ပြောတယ်။ သူတို့သွားပြီး "အန္နဘာရရဲ့ စကားပဲ" လို့ဆိုကာ တူးကြတယ်၊ ပေါက်တူးနဲ့ တူးလိုက်၊ တူးလိုက်တိုင်းသောနေရာမှာ မှိုအငုံတွေလို ရွှေအိုးတွေ ထွက်ပေါ်လာကြတယ်။ သူတို့က ဥစ္စာကို ဆောင်ယူပြီး မင်းထံမှာ အပုံပြုလုပ်ကြတယ်။ မင်းက အမတ်တွေကို စုဝေးစေပြီး "ဒီမြို့မှာ အခြားဘယ်သူ့မှာ ဒီလောက် ဥစ္စာရှိသလဲ" လို့ မေးတယ်။

"အရှင်မင်းကြီး၊ ဘယ်သူ့မှာမှ မရှိပါ"

"ဒီလိုဆိုရင် ဒီအန္နဘာရဟာ ဒီမြို့မှာ ဓနသေဋ္ဌိ (ဥစ္စာသူဌေး) အမည်တွင်ပစေ"

အန္နဘာရဟာ အဲဒီနေ့မှာပဲ သူဌေးထီးကို ရတယ်။ အန္နဘာရသူဌေးဟာ အဲဒီအချိန်ကစပြီး အသက်ထက်ဆုံး ကောင်းမှုကို ပြုလုပ်ကာ အဲဒီဘဝကသေပြီး နတ်ပြည်မှာ ဖြစ်တယ်။ ကာလကြာမြင့်စွာ လူ့ဘဝ၊ နတ်ဘဝတွေမှာ ကျင်လည်ပြီး ငါတို့ဂေါတမဘုရားရှင် ပွင့်တော်မူတဲ့အခါ ကပိလဝတ္ထုမြို့မှာ အမိတ္တောဒနသာကီဝင်ရဲ့အိမ်မှာ ပဋိသန္ဓေကို ယူတယ်။ နာမည်မှည့်ရာနေ့မှာ သူ့ကို အနုရုဒ္ဓလို့ အမည် မှည့်ကြတယ်။ **(အံ၊ ဋ္ဌ၊ ပ၊ ၁၄၅)**

http://www.dhammadownload.com



အမျှပေးဝေတာနဲ့ ပတ်သက်ပြီး အန္တဘာရအား ဥပရိဋ္ဌပစ္စေက ဗုဒ္ဓါ မိန့်တော်မူတဲ့ စကားလေးတွေဟာ မှတ်သားစရာ ကောင်းလှပါ တယ်။ ကုသိုလ်ဝေစုကို မျှဝေပေးပေမယ့် လျော့မသွားဘဲ တိုးလို့သာ လာနေပါတယ်။ အမျှပေးဝေရင် ပေးဝေသလောက် ကုသိုလ်က တိုးတိုး လာနေပါတယ်။ ပေးသလောက် ရနေပါတယ်။ တိုးနေပါတယ်။

ပစ္စေကဗုဒ္ဓါဆိုတာ ဆင်းရဲသားတွေကို အထူးပဲ ချီးမြှောက်တာ ဟာ ကြည်ညိုစရာပါပဲ။ ဆင်းရဲသားတွေဆိုတာ သာမန်လူသားတွေရဲ့ အလယ်မှာ မျက်နှာငယ်ရစမြဲ ဖြစ်ပါတယ်။ အန္တဘာရက ဥပရိဋ္ဌပစ္စေက ဗုဒ္ဓါအား "ဆွမ်းရပြီးပါပြီလား" လို့ မေးတဲ့အခါ "ရပါလိမ့်မယ်" လို့ ဖြေပါ တယ်။ "မရသေးပါ" လို့ မဖြေပါ။

ရှေးအိုးကြီးတွေဟာ ဘုန်းကံရှင် အန္တဘာရနဲ့ပဲ ထိုက်တန်ပါတယ်။ ထိုက်သူပဲ စံရပါတယ်။ မထိုက်သူ မစံရပါ။ အန္တဘာရဟာ ဥပရိဋ္ဌဆိုတဲ့ ပစ္စေကဗုဒ္ဓါ သူတော်ကောင်း လယ်ယာမြေကောင်းမှာ ကုသိုလ်မျိုးစေ့ ကို စိုက်ပျိုးခွင့် ရတဲ့အတွက် အဲဒီဆွမ်းတစ်နပ်ကုသိုလ်မျိုးစေ့က ဘဝ မခြားဘဲ သူဌေးဆိုတဲ့ သစ်ပင်ကြီးကို ဖြစ်ပေါ်လာစေပါတယ်။ ညောင် စေ့လောက်လျှုရင် ညောင်ပင်ကြီးလောက် အကျိုးကို ရစေပါတယ်။ အလှူဒါနမျိုးစေ့ကို စိုက်ပျိုးလိုသူတိုင်းဟာ လယ်ယာမြေကောင်းကို ရှာ ဖွေပြီး စိုက်ပျိုးမိကြဖို့ လိုပါတယ်။ မျိုးစေ့ပင်မှန်သော်လည်း လယ်ယာမြေ မမှန်ရင် အပင်မသန်နိုင်သေးပါ။ ဥပရိဋ္ဌပစ္စေကဗုဒ္ဓါရဲ့ ချီးမြှောက်မှု ကြောင့် မျက်နှာငယ်ရတဲ့ ဘဝမှ မျက်နှာကြီးတဲ့ဘဝကို ရောက်ခဲ့ရပါ တယ်။

http://www.dhammadownload.com

# ပြိတ္တာအား ပေးနည်း

သာဝတ္ထိမြို့ရဲ့အနီးရွာငယ်တစ်ရွာက နန္ဒိသေနမည်တဲ့ ဥပါသကာ ရှိတယ်။ သဒ္ဓါရှိတယ်။ ရတနာသုံးပါးအပေါ် ကြည်ညိုတယ်။ သူ့မယား ကတော့ နန္ဒာ မည်တယ်။ သဒ္ဓါမရှိ၊ ရတနာသုံးပါးအပေါ် မကြည်ညို၊ နှမြောတယ်။ ကြမ်းကြုတ်တယ်။ စကားပြော ကြမ်းတယ်။ လင်အပေါ် မရိုသေ၊ မကိုင်းရှိုင်း။ ယောက္ခမမိန်းမကို ခိုးသူမ လို့ပြောကာ ဆဲတယ်။ ရေရွတ်တယ်၊ သူမဟာ နောင်အခါမှာ သေပြီး ပြိတ္တာဘုံမှာ ဖြစ်တယ်။ အဲဒီရွာရဲ့ အနီးမှာပဲ လှည့်လည်တယ်။ တစ်နေ့မှာ နန္ဒိသေန ဥပါသကာ ရွာမှထွက်တဲ့အခါ အနီးမှာ ကိုယ်ထင်ပြတယ်။ နန္ဒိသေနက အဲဒီပြိတ္တာမ ကို မြင်ပြီး ပြောတယ်။

"သင်ဟာ အဆင်း မည်းနက်တယ်၊ စက်ဆုပ်ရွံ့ရှာဖွယ် ပုံပန်း သဏ္ဌာန် ရှိတယ်။ ကြမ်းတမ်းတဲ့ ကိုယ်ခန္ဓာရှိတယ်။ ကြောက်မက်ဖွယ် အမြင်ရှိတယ်။ မျက်စိကြောင်တယ်။ သွားကြဲတယ်။ သင့်ကို လူ မိန်းမလို့ ငါမထင်၊ ပြိတ္တာမ လို့ပဲ ထင်တယ်"

အဲဒီစကားကို ကြားရပြီး ပြိတ္တာမက သူ့ကိုယ်ကို ထင်ရှားပြလိုလို့ ပြောပါတယ်။

"နန္ဒိသေန၊ ကျွန်မက နန္ဒာ ပါ။ ရှေးဘဝက သင့်ရဲ့ မယား ဖြစ်ခဲ့ပါ တယ်။ မကောင်းမှုကံကို ပြုခဲ့လို့ ဒီလူ့ဘုံမှ ပြိတ္တာဘုံကို ရောက်ရပါတယ်"

http://www.dhammadownload.com



နန္ဒိသေန ။ ။ သင်ဟာ ကိုယ်၊ နှုတ်၊ စိတ်နဲ့ ဘယ်မကောင်းမှုကို ပြုခဲ့ပါသလဲ။ ဘယ်ကံရဲ့ အကျိုးကြောင့် ဒီလူ့ဘုံမှ ပြိတ္တာဘုံကို ရောက်ရပါသလဲ။

နန္ဒာ ။ ။ ကျွန်မဟာ ဒေါသကြီးသူ၊ စကားကြမ်းသူ ဖြစ်ခဲ့ပါတယ်။ သင့်အပေါ်မှာလည်း မရိုသေခဲ့ပါ။ ကျွန်မဟာ သင့်ကို မကောင်းတဲ့စကား ပြောမိခဲ့ပါတယ်။ ဒါကြောင့် ဒီလူ့ဘုံမှ ပြိတ္တာဘုံကို ရောက်ခဲ့ရပါတယ်။

နန္ဒိသေန ။ ။ ယခု သင့်အား ငါ့ရဲ့အပေါ်ရုံအဝတ်ကို ပေးပါမယ်။ ဒီအဝတ်ကို ဝတ်ပါ။ ဒီအဝတ်ကို ဝတ်ပြီးလာပါ။ သင့်ကို အိမ်သို့ ခေါ်ဆောင်သွားပါမယ်။

သင်ဟာ အိမ်ရောက်ရင် အဝတ်၊ ထမင်း၊ ဖျော်ရည်တွေကို ရပါမယ်။ သင့်ရဲ့သားတွေနဲ့ ချွေးမတွေကိုလည်း မြင်ရပါလိမ့်မယ်။

နန္ဒာ ။ ။ သင့်ရဲ့လက်နဲ့ ကျွန်မလက်သို့ သင်ပေးတဲ့ပစ္စည်းဟာ ကျွန်မထံ မရမရောက်နိုင်ပါ။ ရာဂကင်း၊ အကြားအမြင်များ၊ သီလနဲ့ပြည့်စုံတဲ့ ရဟန်းတွေကို ထမင်း၊ ဖျော်ရည်နဲ့ နှစ်သိမ့်ရောင့်ရဲစေပါ။ ကျွန်မအား အလှူရဲ့အဖို့ကို ရည်ညွှန်းပေးဝေပါ။ အဲဒီအခါ ကျွန်မချမ်းသာပြီး အလိုရှိရာ အားလုံး ပြည့်စုံရပါလိမ့်မယ်။

* ဟတ္ထေန ဟတ္ထေ တေ ဒိန္နံ၊ န မယှံ ဥပကပ္ပတိ၊
ဘိက္ခူ စ သီလသမ္ပန္နေ၊ ဝီတရာဂေ ဗဟုဿုတေ။

* တပ္ပေဟိ အန္နပါနေန၊ မမ ဒက္ခိဏမာဒိသ၊
တဒါဟံ သုခိတာ ဟေဿံ၊ သဗ္ဗကာမသမိဒ္ဓိနီ။

အဲဒီနန္ဒိသေနဟာ ကောင်းပါပြီလို့ ဝန်ခံပြီး ထမင်း၊ ဖျော်ရည်၊ ခဲဖွယ်၊ အဝတ်၊ ကျောင်း၊ အိပ်ရာ၊ နေရာ၊ ထီး၊ နံ့သာ၊ ပန်း၊ ဖိနပ်အမျိုးမျိုး

http://www.dhammadownload.com



ဆိုတဲ့ ပြန့်ပြောများမြတ်တဲ့ ဒါနမျိုးကို ကြံချလှူဒါန်းပါတယ်။ ရာဂကင်း၊ အကြားအမြင်များ၊ သီလနဲ့ ပြည့်စုံတဲ့ ရဟန်းတွေကို ထမင်း၊ ဖျော်ရည်တွေနဲ့ နှစ်သိမ့်ရောင့်ရဲစေပြီး အဲဒီနန္ဒာပြိတ္တာမအား အလှူရဲ့အဖို့ ရည်ညွှန်းပေးဝေတယ်။

ရည်ညွှန်းပြီးလှူတဲ့အလှူရဲ့ အခြားမဲ့မှာ စားဖွယ်၊ အဝတ်၊ သောက်ရေရခြင်းဆိုတဲ့ ဒီအကျိုး ဖြစ်ပေါ်လာတယ်။ ဒီအကျိုးဟာ အလှူရဲ့အကျိုးပဲ။

သမနန္တရာနုဒ္ဒိဋ္ဌေ၊ ဝိပါကော ဥဒပဇ္ဇထ၊

ဘောဇနစ္ဆာဒန ပါနီယံ၊ ဒက္ခိဏာယ ဣဒံ ဖလံ။

အဲဒီနောက် နန္ဒာပြိတ္တာမဟာ စင်ကြယ်တဲ့ ကိုယ်ရှိလာတယ်။ စင်ကြယ်တဲ့ အဝတ်ကို ဝတ်တယ်။ ကာသိတိုင်းဖြစ် အဝတ်ထက် ပိုကောင်းတဲ့အဝတ်ကို ဝတ်တယ်။ ဆန်းကြယ်တဲ့ အဝတ်၊ အဆင်တန်ဆာရှိတယ်။ လင်နန္ဒိသေနထံ ချဉ်းကပ်တယ်။

နန္ဒိသေန ။ ။ အိုနတ်သမီး၊ သောက်ရှုးကြယ်ဟာ အရပ်မျက်နှာ အားလုံးကို ထွန်းလင်းတောက်ပစေသလို သင်ဟာ အလွန်နှစ်သက်ဖွယ် အရောင်အဆင်းနဲ့ အရပ်မျက်နှာအားလုံးကို ထွန်းလင်းစေလျက် တည်နေတယ်။

သင်ဟာ ဘယ်ကုသိုလ်ထူးကြောင့် ဒီလိုအရောင်အဆင်း ရှိပါသလဲ။ ဘယ်ကုသိုလ်ထူးကြောင့် သင့်အား ဒီအရပ်မှာ ကောင်းကျိုးပြည့်စုံနေပါသလဲ။ ဘယ်ကုသိုလ်ထူးကြောင့် သင့်မှာ စိတ်နှစ်သက်ဖွယ် စည်းစိမ်အားလုံး ဖြစ်ပေါ်နေကြပါသလဲ။

တန်ခိုးကြီးတဲ့နတ်သမီး၊ သင့်ကို ငါမေးပါတယ်။ လူဖြစ်စဉ်က သင်ဟာ ဘယ်ကုသိုလ်ထူးကို ပြုခဲ့ပါသလဲ။ ဘယ်ကုသိုလ်ထူးကြောင့် ဒီလို တောက်ပတဲ့အစွမ်း ရှိ

http://www.dhammadownload.com



ပါသလဲ။ သင့်ရဲ့အရောင်အဆင်းကလည်း အရပ်မျက်နှာအားလုံးကို ထွန်းလင်းတောက်ပစေလျက် တည်ရှိပါသလဲ။

နန္ဒာ ။ ။ နန္ဒိသေန၊ ကျွန်မက နန္ဒာပါ။ ရှေးဘဝက သင့်ရဲ့မယား ဖြစ်ခဲ့ပါတယ်။ မကောင်းမှုကို ပြုခဲ့လို့ ဒီလူ့ဘုံက ပြိတ္တာဘုံကို ရောက်ရပါတယ်။

ကျွန်မဟာ သင်ပေးလှူတဲ့ အလှူကြောင့် ဘာဘေးမှ မရှိဘဲ ဝမ်းမြောက်ရပါတယ်။ သူကြွယ်၊ သင်ဟာ ဆွေမျိုးအားလုံးနဲ့အတူ ကြာရှည်စွာ အသက်ရှည်ပါစေ။ သောကကင်းပြီး ချွေး၊ မြူအညစ်အကြေးကင်းရာ နတ်ဘုံဌာနသို့ ရောက်ပါစေ။ ဝသဝတ္တိနတ်တွေရဲ့ နေရာဘုံသို့ ရောက်ပါစေ။

သူကြွယ်၊ ဒီလူ့ပြည်လောကမှာ တရားကိုကျင့်ပြီး အလှူဒါနကို ပေးလှူကာ ဝန်တိုမှု အညစ်အကြေးကို အမြစ်ပါ နှုတ်ပြီး ချီးမွမ်းထိုက်တဲ့ နတ်ပြည်သို့ ကပ်ရောက်ပါလော။

နန္ဒာဟာ အဲဒီလို သူမရဲ့ နတ်စည်းစိမ်ကိုရော၊ အဲဒီနတ်စည်းစိမ်ရဲ့အကြောင်းကံကိုရော နန္ဒိသေနအား ထင်ရှားပြပြီး သူမရဲ့ နေရာအရပ်ကိုပဲ သွားတယ်။ နန္ဒိသေနက အဲဒီဖြစ်ပုံကို ရဟန်းတွေအား လျှောက်ပြတယ်။ ရဟန်းတွေက ဘုရားရှင်အား လျှောက်ကြတယ်။ ဘုရားရှင်က အဲဒီအကြောင်းကို အကြောင်းပြုပြီး ရောက်လာတဲ့ ပရိသတ်အား တရားဟောပါတယ်။ အဲဒီတရား ဒေသနာဟာ လူအများ အတွက် အကျိုးများပါတယ်။ **(ပေတဝတ္ထု၊ ဌ၊ ၈၄)**

အိမ်ရှင်မတွေဟာ နန္ဒာပြိတ္တာမရဲ့ဘဝကို သင်ခန်းစာယူသင့်ကြပါတယ်။ သူမဟာ အကြောင်းဆိုးတွေကို ပြုလုပ်ခဲ့လို့ အကျိုးဆိုးတွေကို

http://www.dhammadownload.com



ရခဲ့ပါတယ်။ ပြိတ္တာဘဝရောက်နေသူတွေအား အဝတ်မရှိလို့ အဝတ်ကို တိုက်ရိုက်ပေးပေမယ့် ပေးလို့မရ၊ မရောက်ပါ။ အစားအသောက် မရှိလို့ အစားအသောက်ကို တိုက်ရိုက်ပေးပေမယ့် ပေးလို့မရ၊ မရောက်ပါ။ စားစရာ၊ သောက်စရာ၊ ဝတ်စရာ၊ နေစရာတွေကို ပေးချင်ရင် အဲဒီပြိတ္တာတွေကို ရည်စူးကာ ကုသိုလ်ပြုပေးရပါတယ်။ စားစရာ၊ သောက်စရာ၊ ဝတ်စရာ၊ နေစရာတွေကို လှူရပါတယ်။ ပြီးတော့ အမျှပေးဝေရပါတယ်။ အဲဒီကုသိုလ်မျှဝေတာကို တမလွန်က ပြိတ္တာက ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်။ သာဓုခေါ် ရပါတယ်။ ဒါမှသာ ပြိတ္တာမှာ စားသောက်စရာ၊ ဝတ်စရာ၊ နေစရာတွေ ပြည့်စုံနိုင်ပါတယ်။ တချို့က လူသေသွားရင် သေသွားသူအား ပေးလိုတဲ့ပစ္စည်းတွေကို အလောင်းကို မီးသင်္ဂြိုဟ်ရာမှာ ထည့်ပေးတတ်ကြပါတယ်။ အဲဒီလို ပေးလို့လည်း သေသွားသူ မရနိုင်တာကို သိရှိရပါတယ်။

http://www.dhammadownload.com

# သွားလေသူတွေအတွက် အလှူ

ဇာဏုသောဏိပုဏ္ဏားဟာ ဘုရားရှင်ထံ ချဉ်းကပ်ပြီး ဘုရားရှင်နဲ့ အတူ ဝမ်းမြောက်ဖွယ်၊ အမှတ်ရဖွယ်စကားကို ပြောဆိုတယ်။ ပြီးတော့ သင့်တင့်ရာတစ်နေရာမှာ ထိုင်ကာ ဘုရားရှင်အား လျှောက်ထားတယ်။

ပုဏ္ဏား ။ ။ အရှင်ဂေါတမ၊ ကျွန်ုပ်တို့ ပုဏ္ဏားတွေဆိုတာ "ဒီအလှူ ဟာ ကွယ်လွန်သွားတဲ့ ဆွေမျိုးသားချင်းတွေထံ ရောက်ပါစေ။ ဒီအလှူကို ကွယ်လွန်သွားတဲ့ ဆွေမျိုးသားချင်းတွေဟာ သုံးဆောင်ကြပါစေ" လို့ ရည်ရွယ်ကာ အလှူကို လှူကြပါတယ်။ သေသူကို ရည်စူးပြီး ပြုလုပ်အပ်တဲ့ ထမင်းကို ပြုလုပ်ကြပါတယ်။ အရှင်ဂေါတမ၊ ဘယ်လိုပါလဲ။ အဲဒီအလှူက ကွယ်လွန်သွားတဲ့ ဆွေမျိုးသားချင်းတွေထံ ရောက်ပါသလား၊ ဘယ်လိုပါလဲ။ အဲဒီ ကွယ်လွန်သွားတဲ့ ဆွေမျိုးသားချင်းတွေက အဲဒီအလှူကို သုံးဆောင်ကြရပါသလား။

ဘုရားရှင်။ ။ ပုဏ္ဏား၊ရောက်သင့်ရာအရပ်မှာ ရောက်တယ်။မရောက်သင့်ရာ အရပ်မှာ မရောက်။

ပုဏ္ဏား ။ ။ အရှင်ဂေါတမ၊ ရောက်သင့်ရာအရပ်က ဘာပါလဲ။ မရောက်သင့်ရာအရပ်က ဘာပါလဲ။

http://www.dhammadownload.com



ဘုရားရှင်။ ။ ပုဏ္ဏား၊ ဒီလောကမှာ ဒုစရိုက် ၁၀ ပါးကို ပြုကျင့်သူတွေဟာ သေတော့ ငရဲရောက်ကြတယ်။ တိရစ္ဆာန် ဖြစ်ကြတယ်။ ငရဲသားတွေဟာ ငရဲသားတွေရဲ့ အာဟာရ (အဲဒီငရဲမှာ ဖြစ်စေတဲ့ကံ)နဲ့ ငရဲမှာ မျှတကြရတယ်။ ရပ်တည်ကြရတယ်။ တိရစ္ဆာန်တွေဟာ တိရစ္ဆာန်တွေရဲ့ အာဟာရ (မြက်၊ သစ်ရွက်စသည်) နဲ့ တိရစ္ဆာန်ဘ၀မှာ မျှတကြရတယ်။ ရပ်တည်ကြရတယ်။

ပုဏ္ဏား၊ ဒီလောကမှာ သုစရိုက် ၁၀ ပါးကို ပြုကျင့်သူတွေဟာ သေတော့ လူ့ပြည်၊ နတ်ပြည် ရောက်ကြတယ်။ လူတွေက လူတွေရဲ့ အာဟာရ (ထမင်း၊ မုယောမုန့်စသည်)နဲ့ လူ့ပြည်မှာ မျှတကြတယ်။ ရပ်တည်ကြတယ်။ နတ်တွေက နတ်တွေရဲ့အာဟာရ (နတ်သုဓာစသည်) နဲ့ နတ်ပြည်မှာ မျှတကြတယ်။ ရပ်တည်ကြတယ်။

ပုဏ္ဏား၊ အဲဒီ ငရဲ၊ တိရစ္ဆာန်၊ လူ့ပြည်၊ နတ်ပြည်ဆိုတဲ့ အရပ်တွေဟာ ရောက်သင့်ရာ အရပ်တွေ မဟုတ်ကြသေး။ အဲဒီဘုံတွေမှာ တည်သူတွေထံ အဲဒီဒါနက မရောက်ပါ။

ပုဏ္ဏား၊ ဒီလောကမှာ ဒုစရိုက် ၁၀ ပါးကို ပြုကျင့်သူတွေဟာ သေတော့ ပြိတ္တာဘုံရောက်ကြတယ်။ ပြိတ္တာတွေဟာ ပြိတ္တာတွေရဲ့အာဟာရ (တံတွေး၊ နှပ်စသည်) နဲ့ ပြိတ္တာဘုံမှာ မျှတကြရတယ်။ ရပ်တည်ကြရတယ်။

သို့မဟုတ် အဲဒီသေသူအတွက် အဆွေခင်ပွန်း၊ ချစ်ကျွမ်းဝင်သူတွေက ဖြစ်စေ၊ ဆွေမျိုးသားချင်းတွေက

http://www.dhammadownload.com



ဖြစ်စေ ပေးလှူအပ်တဲ့အလှူနဲ့ အဲဒီပြိတ္တာတွေဟာ ပြိတ္တာဘုံမှာ မျှတကြရတယ်။ ရပ်တည်ကြရတယ်။

ပုဏ္ဏား၊ အဲဒီပြိတ္တာဘုံဟာ ရောက်သင့်ရာအရပ်ပဲ။ အဲဒီပြိတ္တာဘုံမှာတည်သူထံ အဲဒီဒါနဟာ ရောက်တယ်။

ပုဏ္ဏား ။ ။ အရှင်ဂေါတမ၊ အဲဒီကွယ်လွန်သူ ဆွေမျိုးသားချင်းတွေက အဲဒီဘုံဌာနကို မရောက်ခဲ့ရင် အဲဒီဒါနကို ဘယ်သူက သုံးဆောင်ပါသလဲ။

ဘုရားရှင်။ ။ ပုဏ္ဏား၊ အဲဒီဌာနကိုရောက်တဲ့ ကွယ်လွန်သူ အခြားဆွေမျိုးသားချင်းတွေက အဲဒီဒါနကို သုံးဆောင်ခံစားကြရတယ်။

ပုဏ္ဏား ။ ။ အရှင်ဂေါတမ၊ အဲဒီကွယ်လွန်သူ ဆွေမျိုးသားချင်းတွေနဲ့ အခြားကွယ်လွန်သူ ဆွေမျိုးသားချင်းတွေဟာ အဲဒီဘုံဌာနကို မရောက်ရင် အဲဒီဒါနကို ဘယ်သူသုံးဆောင်ပါသလဲ။

ဘုရားရှင်။ ။ ဒီလောက်ရှည်လျားတဲ့ သံသရာခရီးမှာ ကွယ်လွန်သူ ဆွေမျိုးသားချင်းတွေမှ ကင်းဆိတ်ရာဌာန ရှိစရာအကြောင်း မရှိ။ အခွင့်မရှိ။

ပုဏ္ဏား၊ တကယ်တော့ အလှူရှင်ဟာလည်း အကျိုးမဲ့ မဖြစ်နိုင်။ (အလှူရှင်က အဲဒီအလှူရဲ့ အကျိုးကို ရရှိသည်သာ။)

အဋ္ဌာနံ ခေါ စေတံ ဗြာဟ္မဏ အနဝကာသော၊ ယံ တံ ဌာနံ ဝိဝိတ္တံ အသ္မ ဉ္ဉမိနာ ဒီဃေန အဒ္ဓုနာ ယဒိဒံ ပေတေဟိ ဉာတိသာလောဟိတေဟိ၊ အပိ စ ဗြာဟ္မဏ ဒါယကောပိ အနိပ္ဖလော။

**(အံ၊ ပါဠိ၊ ၃၊ ၄၈၀)**

http://www.dhammadownload.com



(ဒါယကော တဿ ဒါနဿ ဝိပါကံ လဘတိယေဝ။)

**(အံ၊ ၄၊ ၃၊ ၃၃၉)**

ပုဏ္ဏား ။ ။ သေသူဟာ မဖြစ်သင့်ရာမှာ ဖြစ်ခဲ့ရင် အရှင်ဂေါတမက ဒါနရဲ့အကျိုးကို ပညတ်ပါသလား။

ဘုရားရှင်။ ။ ပုဏ္ဏား၊ သေသူဟာ မဖြစ်သင့်ရာမှာ ဖြစ်ပေမယ့် ငါဘုရားဟာ ဒါနရဲ့အကျိုးကို ပညတ်တယ်။

(ပုဏ္ဏားက "ဒီလိုလှူတဲ့ အလှူရဲ့ အကျိုးကို အလှူရှင်က မရလို့ အယူရှိတယ်" အဲဒီအခါ ပုဏ္ဏားအား ဘုရားရှင်က ပြဿနာကို သိပြီး "အလှူရှင်ဆိုတာ ကောင်းမှုအကျိုးကို မှီပြီး အသက်မွေးရာ ဘယ်နေရာမှာမဆို ဖြစ်ရင် ဒါနရဲ့အကျိုးကို ရတာပါပဲလို့ သိစေလိုလို့ အောက်ပါစကားတွေကို ဆက်မိန့်ပါတယ်။)

ပုဏ္ဏား၊ ဒီလောကမှာ တချို့သူဟာ ဒုစရိုက် ၁၀ ပါးကို ပြုကျင့်ပြီး သူတော်ကောင်း သမဏ၊ ဗြာဟ္မဏတွေအား ထမင်း၊ အဖျော်၊ အဝတ်၊ ယာဉ်၊ ပန်း၊ နံ့သာ၊ နံ့သာပျောင်း၊ အိပ်ရာ၊ နေရာ၊ ဆီမီးကို လှူတယ်။ အဲဒီသူ သေတဲ့အခါ ဆင်ဘဝရောက်တယ်။ မြင်းဘဝ၊ နွားဘဝ၊ ခွေးဘဝ ရောက်တယ်။ အဲဒီဘဝတွေမှာ အစားအသောက်၊ ပန်း၊ အဆင်တန်ဆာအမျိုးမျိုးကို ရတယ်။

ဒုစရိုက် ၁၀ ပါးကို ပြုလုပ်လို့ ဆင်၊ မြင်း၊ နွား၊ ခွေးဘဝ ရောက်ရတယ်။ အထက်ပါ လှူဖွယ်တွေကို လှူခဲ့လို့ အစားအသောက်၊ ပန်း၊ အဆင်တန်ဆာ အမျိုးမျိုးကို ရတယ်။

ပုဏ္ဏား၊ ဒီလောကမှာ တချို့သူက သုစရိုက် ၁၀ ပါးကို ပြုကျင့်တယ်။ အထက်ပါအတိုင်း လှူတယ်။ သေ

http://www.dhammadownload.com



တော့ လူ့ဘဝ၊ နတ်ဘဝ ရောက်ရတယ်။ လူ့ဘဝ၊ နတ်ဘဝမှာ လူ့ကာမဂုဏ်ငါးပါး၊ နတ်ကာမဂုဏ်ငါးပါးကို ရတယ်။

သုစရိုက် ၁၀ ပါးကို ပြုလုပ်လို့ လူ့ဘဝ၊ နတ်ဘဝ ရောက်ရတယ်။ အထက်ပါ လှူဖွယ်တွေကို လှူခဲ့လို့ အစားအသောက်၊ ပန်း၊ အဆင်တန်ဆာ အမျိုးမျိုးကို ရတယ်။

ပုဏ္ဏား၊ တကယ်တော့ အလှူရှင်ဟာလည်း အကျိုးမဲ့ မဖြစ်နိုင်။

ပုဏ္ဏား ။ ။ အရှင်ဂေါတမ၊ အံ့ဖွယ်ရှိပါပေစွ။ မဖြစ်စဖူး ဖြစ်ပါပေစွ။ အရှင်ဂေါတမ အလှူရှင်ဟာ အကျိုးမဲ့ မဖြစ်လို့ အလှူတွေကို လှူဖို့အလွန်ပဲ သင့်လျော်ပါတယ်။ သေသူကို ရည်စူးပြီး လှူတဲ့ ထမင်းအလှူကို ပြုဖို့ သင့်လျော်ပါတယ်။

ဘုရားရှင်။ ။ ပုဏ္ဏား၊ ဒီအရာဟာ ဒီလိုပဲ။ အလှူရှင်ဟာ အကျိုးမဲ့ မဖြစ်နိုင်သည်သာ။

ပုဏ္ဏား ။ ။ အရှင်ဂေါတမ၊ အလွန်နှစ်သက်ဖွယ် ရှိပါပေစွ။ အလွန်နှစ်သက်ဖွယ် ရှိပါပေစွ။ အရှင်ဂေါတမဟာ တပည့်တော်ကို ဒီနေ့ကစပြီး အသက်ထက်ဆုံး ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်တဲ့ ဥပါသကာလို့ မှတ်ယူတော်မူပါ။

**(အံ၊ ပါဠိ၊ ၃၊ ၄၃၈)**

"ကုသိုလ်ပြုခါနီးမှာ သွားလေသူကို ခေါ်ယူဖိတ်ထားရင် သာပြီး ကောင်းပါတယ်။ လာနိုင်ရင် လာပါလိမ့်မယ်။ အဲဒီကနောက် သွားလေသူရဲ့ နာမည်ကိုခေါ်ပြီး ကြားလောက်အောင် အသံကျယ်စွာနဲ့ အမျှဝေ

http://www.dhammadownload.com



ရမယ်။ အဲဒီလို အမျှဝေရာမှာ သေလွန်သူက အိမ်ရဲ့ အနီးအပါး စသည်မှာ ပြိတ္တာဖြစ်နေမှသာ သာဓုခေါ်နိုင်လို့ အမျှရပါတယ်။ တောကြီးတောင်ကြီးတွေထဲ ပြိတ္တာဖြစ်နေရင်တော့ အမျှဝေပေမယ့် သာဓု မခေါ်နိုင်၊ အမျှမရ" လို့ မဟာဂန္ဓာရုံဆရာတော်ကြီးက ကိုယ်ကျင့် အဘိဓမ္မာ စာအုပ်မှာ ရေးထားပါတယ်။

ရဟန္တာဖြစ်တဲ့ အောက်ပါရဟန်းတွေနဲ့ ရဟန်းမတွေဟာ သူတို့ရဲ့ ဘဝဇာတ်ကြောင်းကို သူတို့ကိုယ်တိုင်ပဲ ပြောပြသွားကြပါတယ်။ သူတို့ကိုယ်တိုင်ပြောပြသွားတဲ့ အကြောင်းအရာတွေက အောက်ပါအတိုင်းပါပဲ။

## အရှင်ဥပသေန

ရဟန္တာအရှင်ဥပသေနမထေရ်လောင်းလျာက ပဒုမုတ္တရဘုရားရှင်အား မဟာလှေကားပန်းထီးလုပ်ပြီး ဆောင်းမိုးပေးခဲ့ပါတယ်။ အလွန်ကောင်းမြတ်တဲ့ စားဖွယ်ဆွမ်းအလှူကိုလည်း လှူခဲ့ပါတယ်။ အဲဒီကောင်းမှုကြောင့် သိကြားမင်းအဖြစ် ၃၆ ကြိမ်၊ စကြဝတေးမင်းအဖြစ် ၂၁ ကြိမ်၊ ပဒေသရာဇ်အဖြစ် မရေမတွက်နိုင်တဲ့ အကျိုးကို ရခဲ့ပါတယ်။

**(အပဒါန၊ ပ၊ ၆၈)**

## အရှင်သုမင်္ဂလ

ရဟန္တာအရှင်သုမင်္ဂလလောင်းလျာက ပိယဒဿီဘုရားရှင်အား သူ့အိမ်မှာရှိတဲ့ ဆွမ်းအလှူကို လှူခဲ့ပါတယ်။ နတ်မင်း (သိကြားမင်း) အဖြစ် ၂၇ ကြိမ်၊ စကြဝတေးမင်းအဖြစ် ၁၈ ကြိမ်၊ ပဒေသရာဇ်မင်းအဖြစ် အကြိမ် ၅၀၀ ရရှိခဲ့ပါတယ်။ လှူပြီးခဲ့တဲ့ အချိန်ကစပြီး ရဟန္တာဖြစ်တဲ့ ဘဝအထိ ကမ္ဘာပေါင်း ၁၈၀ မှာ အပါယ်မလားခဲ့ရပါ။ အဲဒါဟာ ဆွမ်းအလှူရဲ့ အကျိုးတွေပါပဲ။

**(အပဒါန၊ ပ၊ ၇၂)**

http://www.dhammadownload.com



## အရှင်အန္နသံသာဝက

ရဟန္တာအန္နသံသာဝကမထေရ်လောင်းလျာဟာ သိဒ္ဓတ္ထဘုရားရှင်အား ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ပါတယ်။ ဆွမ်းလှူပြီးချိန်ကစပြီး ရဟန္တာဖြစ်သည့် ဘဝအထိ ၉၄ ကမ္ဘာ အပါယ်မလားခဲ့ရပါ။ အဲဒါဟာ ဆွမ်းအလှူရဲ့ အကျိုးပါပဲ။ **(အပဒါန၊ ပ၊ ၈၇)**

## အရှင်ဘိက္ခဒါယက

ရဟန္တာဘိက္ခဒါယကမထေရ်လောင်းလျာဟာ သိဒ္ဓတ္ထဘုရားရှင်အား ဆွမ်းတစ်ဇွန်း လှူဒါန်းခဲ့ပါတယ်။ ဆွမ်းလှူပြီးချိန်ကစပြီး ရဟန္တာဖြစ်တဲ့ ဘဝအထိ ၉၄ ကမ္ဘာ အပါယ်မလားခဲ့ရပါ။ အဲဒါဟာ ဆွမ်းအလှူရဲ့ အကျိုးပါပဲ။

ဒီကမ္ဘာက ၈၇ ကမ္ဘာအထက်မှာ ရတနာ ၇ ပါးနဲ့ ပြည့်စုံတဲ့ မဟာရေဏုအမည်ရှိ စကြဝတေးမင်း ၇ ကြိမ် ဖြစ်ခဲ့ပါသေးတယ်။

**(အပဒါန၊ ပ၊ ၁၅၄)**

## အရှင်ကောသနဒါယက

ရဟန္တာကောသနဒါယကမထေရ်လောင်းလျာဟာ ပဒုမုတ္တရဘုရားရှင်ရဲ့ တပည့်ဖြစ်တဲ့ ဒေဝလမထေရ်အား ဆွမ်းလှူခဲ့ပါတယ်။ ဆွမ်းလှူခဲ့ပြီးချိန်ကစပြီး ရဟန္တာဖြစ်တဲ့ဘဝအထိ ကမ္ဘာတစ်သိန်း အပါယ်မလားခဲ့ရပါ။ အဲဒါဟာ ဆွမ်းအလှူရဲ့ အကျိုးပါပဲ။

**(အပဒါန၊ ပ၊ ၂၅၆)**

## အရှင်အနုသံသာဝက

ရဟန္တာအနုသံသာဝကမထေရ်လောင်းလျာဟာ ဝိပဿီဘုရားရှင်အား ဆွမ်းတစ်ယောက်ချို (ဆွမ်းတစ်ဇွန်း) လှူဒါန်းခဲ့ပါတယ်။

**(အပဒါန၊ ပ၊ ၂၈၀)**

http://www.dhammadownload.com



## အရှင်ပရမန္နဒါယက

ရဟန္တာပရမန္နဒါယကမထေရ်လောင်းလျာဟာ ဝိပဿီဘုရားရှင်အား မွန်မြတ်တဲ့ဆွမ်းကို လှူဒါန်းခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး ရဟန္တာဖြစ်တဲ့ဘဝအထိ ၉၁ ကမ္ဘာ အပါယ်မလားခဲ့ရပါ။ အဲဒါဟာ ဆွမ်းအလှူရဲ့ အကျိုးပါပဲ။ **(အပဒါန်၊ ပ၊ ၂၈၃)**

## အရှင်ဘောဇနဒါယက

ရဟန္တာဘောဇနဒါယကမထေရ်လောင်းလျာဟာ ဝေဿဘူဘုရားရှင်အား ဆွမ်းလှူခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး ရဟန္တာဖြစ်တဲ့ဘဝအထိ ၃၁ ကမ္ဘာအပါယ်မလားရပါ။ အဲဒါဟာ ဆွမ်းအလှူရဲ့ အကျိုးပါပဲ။ ဒီဘဒ္ဒကမ္ဘာမှ ၂၅ ကမ္ဘာထက်မှာ အမိတ္တကမည်တဲ့ စကြဝတေးမင်းတစ်ကြိမ် ဖြစ်ခဲ့ပါသေးတယ်။ **(အပဒါန်၊ ပ၊ ၂၈၈)**

## အရှင်ပိဏ္ဍပါတိက

ရဟန္တာပိဏ္ဍပါတိကမထေရ်လောင်းလျာဟာ တုသိတာနတ်ပြည်က လူ့ပြည်ကိုလာခဲ့ပါတယ်။ တောထဲမှာသီတင်းသုံးနေတဲ့ တိဿဘုရားရှင်အား ဆွမ်းလှူခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး ရဟန္တာဖြစ်တဲ့ဘဝအထိ ၉၂ ကမ္ဘာကြာ အပါယ်မလားခဲ့ရပါ။ အဲဒါဟာ ဆွမ်းအလှူရဲ့ အကျိုးပါပဲ။ **(အပဒါန်၊ ပ၊ ၃၂၉)**

## အရှင်ဥက္ကာသတိက

ရဟန္တာဥက္ကာသတိကမထေရ်လောင်းလျာဟာ ကောသိကမည်တဲ့ ပစ္စေကဗုဒ္ဓါအား ဆွမ်းတစ်ထပ်စာ လှူဒါန်းခဲ့ပါတယ်။ အဲဒီကောင်းမှုကြောင့် တုသိတာနတ်ပြည်မှာ ဖြစ်ပါတယ်။ **(အပဒါန်၊ ဒု၊ ၄၈)**

## ကေပိဏ္ဍပါတဒါယိကာထေရီ

ရဟန္တာဖြစ်တဲ့ အဲဒီထေရီလောင်းလျာအမျိုးသမီးဟာ ဗန္ဓုမတီမြို့က ဗန္ဓုမာမင်းရဲ့ မိဖုရားဖြစ်ခဲ့ပါတယ်။ ရဟန်းမြတ်တစ်ပါးအား မွန်မြတ်တဲ့ ဆွမ်းလှူဒါန်းခဲ့ပါတယ်။ သိကြားမင်း ၃၀ ရဲ့ နတ်မိဖုရား ဖြစ်ခဲ့တယ်။ စိတ်နဲ့ တောင့်တတာအားလုံး သူ့မှာ ဖြစ်ပေါ်ခဲ့တယ်။ စကြဝတေးမင်း ၂၀ ရဲ့ မိဖုရား ဖြစ်ခဲ့တယ်။ ဆွမ်းလှူဒါန်းပြီးချိန်ကစပြီး ရဟန္တာဖြစ်တဲ့ ဘဝအထိ ၉၁ ကမ္ဘာ အပါယ်မလားခဲ့ရပါ။ အဲဒါ ဆွမ်းအလှူရဲ့ အကျိုးပါပဲ။

**(အပဒါန၊ ၃၊ ၁၉၂)**

## ကဋစ္ဆု ဘိက္ခာဒါယိကာ ထေရီ

ရဟန္တာအဲဒီထေရီလောင်းလျာ အမျိုးသမီးဟာ ဆွမ်းခံလှည့်လည်နေတဲ့ တိဿဘုရားရှင်အား ဆွမ်းတစ်ဇွန်း လှူဒါန်းခဲ့ပါတယ်။ သေပြီး ဘာဝတီံသာနတ်ပြည် ရောက်ပါတယ်။ သိကြားမင်း ၃၆ ရဲ့ နတ်မိဖုရား ဖြစ်ခဲ့ပါတယ်။ စကြဝတေးမင်း ၅၀ ရဲ့ မိဖုရား ဖြစ်ခဲ့ပါတယ်။ စိတ်နဲ့ တောင့်တတာ အားလုံးကို အမြဲရပါတယ်။ အဲဒီလှူပြီးချိန်ကစပြီး ရဟန္တာဖြစ်တဲ့ဘဝအထိ ၉၂ ကမ္ဘာ အပါယ်မလားရပါ။ အဲဒါ ဆွမ်းတစ်ဇွန်း အလှူရဲ့ အကျိုးပါပဲ။

**(အပဒါန၊ ၃၊ ၁၉၃)**

## [illegible]ဒါယိကာထေရီ

ရဟန္တာ အဲဒီထေရီလောင်းလျာအမျိုးသမီးဟာ အရုဏဝတီမြို့က [illegible]မင်းရဲ့မိဖုရား ဖြစ်ခဲ့ပါတယ်။ သူမက ရဟန်းမြတ်တစ်ပါးအား မွန်မြတ်တဲ့ဆွမ်း လှူဒါန်းခဲ့ပါတယ်။ အဲဒီကုသိုလ်ကံကြောင့် သေပြီး ဘာဝတီံသာနတ်ပြည် ရောက်ပါတယ်။ သိကြားမင်းတစ်ထောင်ရဲ့ နတ်မိဖုရား ဖြစ်ခဲ့ပါတယ်။ စကြဝတေးမင်းတစ်ထောင်ရဲ့ မိဖုရားဖြစ်ခဲ့ပါတယ်။ ကြီးကျယ်တဲ့ ပဒေသရာဇ်မင်းအဖြစ်က မရေမတွက်နိုင်ပါ။ အမျိုးမျိုးသော အခြားအကျိုးများစွာကိုလည်း ရရှိခဲ့ပါတယ်။ ဂေါတမဘုရား

http://www.dhammadownload.com



သာသနာမှာ ဘိက္ခုနီဝတ်ပြီး သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေးပစ္စည်းတွေကို တိုင်းတာလို့ မရနိုင်လောက်အောင် ရပါတယ်။ အဲဒါဟာ ဆွမ်းအလှူရဲ့ အကျိုးပါပဲ။ အဲဒီဆွမ်းလှူပြီးချိန်ကစပြီး ရဟန္တာဖြစ်တဲ့ဘဝအထိ ၃၁ ကမ္ဘာကြာ အပါယ်လေးပါး မရောက်ခဲ့ရပါ။ လူ့ဘဝ၊ နတ်ဘဝကိုသာ ရောက်ရပါတယ်။ ပစ္စည်းဥစ္စာပေါများ ကြွယ်ဝတဲ့ အမျိုးမြတ်မှာ ဖြစ်ရပါတယ်။ အဲဒါဟာ ဆွမ်းအလှူရဲ့ အကျိုးပါပဲ။ **(အပဒါန၊ ဒု၊ ၂၈၄)**

အဲဒီရဟန္တာရဟန်းတွေနဲ့ ရဟန္တာရဟန်းမတွေက ဆွမ်းလှူခဲ့လို့ ရခဲ့တဲ့ အကျိုးတွေကို ကိုယ်စီကိုယ်စီ အသီးသီး ပြောပြသွားကြပါတယ်။ ဆွမ်းအလှူရဲ့ အကျိုးတွေက အတော်ကို ကြီးကျယ်တာပါပဲ။ အဲဒီရဟန္တာရဟန်း၊ ရဟန်းမတွေက အတိတ်ဘဝတွေကို ပြန်ပြောင်းသိမြင်နိုင်တဲ့ တန်ခိုးအဘိညာဉ်ပိုင်ရှင် ဖြစ်ကြလေတော့ ပြောပြနိုင်ကြတာ ဖြစ်ပါတယ်။ အခု ဆွမ်းဒကာ၊ ဆွမ်းဒကာမတွေဟာလည်း နောင်ဘဝတစ်ခုခုမှာ ရဟန္တာဖြစ်ပြီး သူတို့လို တန်ခိုးအဘိညာဉ် ပိုင်ဆိုင်ခဲ့ကြရင် အခုဆွမ်းအလှူတွေရဲ့ အကျိုးအသီးသီးတွေကို သူတို့လိုပဲ ဝေဝေဆာဆာ ပြောပြနိုင်ကြပါလိမ့်မယ်။ ဗုဒ္ဓဘာသာဝင်တွေထဲမှာ ဆွမ်းအလှူ မလှူဖူးသူဟာ မရှိသလောက်ပဲ ရှားမယ်ထင်ပါတယ်။ အနည်းအများ ကွာချင်ကွာခြားပါမယ်။ အားလုံး လှူဖူးကြတာချည်းပါပဲ။

http://www.dhammadownload.com

# အပါယ်အစား တာဝတိံသာ

ဘုရားရှင်ဟာ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေပါတယ်။ အဲဒီအခါ ဥတ္တရမဓုရာမြို့က မိန်းမတစ်ယောက်ဟာ အသက်ကုန်တော့မယ်။ အပါယ်မှာဖြစ်ဖို့ ရှိတယ်။ ဘုရားရှင်က နံနက်လင်းပိုင်းမှာ မဟာကရုဏာသမာပတ်မှထပြီး လောကကို ကြည့်တော်မူတဲ့အခါ အဲဒီမိန်းမ အပါယ်ဖြစ်မှာကို မြင်ရတယ်။ မဟာကရုဏာက တိုက်တွန်းနှိုးဆော်လို့ အဲဒီမိန်းမကို ဘဝကောင်းမှာ ရောက်စေလိုတဲ့အတွက် တစ်ပါးတည်း အဖော်မပါဘဲ မဓုရာမြို့ကို ကြွတော်မူတယ်။ ကြွပြီး နံနက်ပိုင်းမှာ သင်းပိုင်ကို ပြင်ဆင်ဝတ်ပြီး သပိတ်၊ သင်္ကန်းကိုယူကာ မြို့ပြင်ဘက်မှာ ဆွမ်းခံဝင်တယ်။ အဲဒီအခါမှာ အဲဒီမိန်းမက အိမ်မှာ စားဖွယ်အာဟာရကို ချက်ပြုတ်ပြီး သင့်တော်ရာတစ်နေရာမှာ သိမ်းဆည်းထားတယ်။ အိုးကို ယူပြီး ရေချိုးဆိပ်ကို သွားတယ်။ ရေချိုးပြီး အိုးနဲ့ရေကို ယူကာ သူ့အိမ်ကို သွားတယ်။ လမ်းခရီးအကြားမှာ ဘုရားရှင်ကို မြင်ရပြီး "မြတ်စွာဘုရား၊ ဆွမ်းရပြီးပါပြီလား" လို့ လျှောက်တယ်။ "ရပါလိမ့်မယ်" လို့ ဖြေတယ်။ ဘုရားရှင် အဲဒီလို ဖြေတဲ့အခါ ဘုရားရှင်မှာ ဆွမ်းမရသေးတာကို သိသွားတယ်။ အိုးကို ထားခဲ့ပြီး ဘုရားရှင်ထံ ချဉ်းကပ်ရှိခိုးကာ လျှောက်တယ်။

http://www.dhammadownload.com



"မြတ်စွာဘုရား၊ တပည့်တော် ဆွမ်းလှူပါမယ်။ လက်ခံတော်မူပါ"

ဘုရားရှင်က ဆိတ်ဆိတ်နေပြီး လက်ခံတော်မူပါတယ်။ သူမဟာ ဘုရားရှင် လက်ခံတာကိုသိပြီး အရင်သွားနှင့်တယ်။ ရေဖြန်း၊ တံမြက်လှဲထားတဲ့နေရာမှာ နေရာခင်းပေးတယ်။ ဘုရားရှင်ဝင်လာတာကို ကြည့်ပြီး ရပ်တည်နေတယ်။ ဘုရားရှင်က အိမ်ထဲဝင်ပြီး ခင်းထားတဲ့ နေရာမှာ ထိုင်တယ်။ အဲဒီအခါ သူမက ဘုရားရှင်ကို ဆွမ်းကပ်လှူဒါန်းတယ်။ ဘုရားရှင်က ဆွမ်းကိစ္စပြီးတော့ သပိတ်ကို ဘေးမှာချထားကာ သူမအား အနုမောဒနာတရားစကား မိန့်ကြားပြီး ဖဲသွားပါတယ်။ သူမက အနုမောဒနာတရားစကားကို နာကြားရပြီး နှစ်သိမ့်အားရဝမ်းမြောက်မှုကို အကြီးအကျယ် ခံစားရတယ်။ မျက်စိမြင်ကွင်းက ပျောက်သွားသည်အထိ ဘုရားအာရုံကြောင့်ဖြစ်တဲ့ ပီတိကို မစွန့်ဘဲ ရှိခိုးလျက် ရပ်တည်နေတယ်။ သူမဟာ ရက်အနည်းငယ် လွန်သွားတဲ့အခါမှာပဲ သေကာ တာဝတိံသာနတ်ပြည်မှာ ဖြစ်တယ်။ သူမမှာ နတ်သမီးပေါင်း တစ်ထောင် အခြံအရံရှိတယ်။

**(ဝိမာန၊ ဌ၊ ၁၀၇)**

သူမကို ဘုရားရှင် မကယ်မရင် အပါယ်ရောက်ရမှာ သေချာနေပါတယ်။ ဘုရားရှင်ဟာ သူမအတွက် တကယ့်ကယ်တင်ရှင်ကြီးပါပဲ။ ဆွမ်းအလှူ ကုသိုလ်က သူမဘဝခရီးကို လမ်းကြောင်း ပြောင်းလွဲသွားစေပါတယ်။ ဘုရားရှင်က "ဆွမ်းမရသေးပါ" လို့ မမိန့်ဘဲ "ရပါလိမ့်မယ်" လို့ မိန့်တယ်။ မှတ်သားစရာပါပဲ။

http://www.dhammadownload.com

# ဘာသာခြားအိမ်ရောက် ကလေးမ

ဘုရားရှင်ဟာ ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းမှာ သီတင်းသုံးပါတယ်။ အဲဒီအခါ ရာဇဂြိုဟ်မြို့က အရှင်မဟာမောဂ္ဂလ္လာန်ရဲ့ ဆွမ်းခံအိမ်က ကလေးမလေးတစ်ယောက်ဟာ လှူလိုတဲ့ဆန္ဒရှိတယ်။ လှူဒါန်းဝေဖန်ပေးကမ်းရတာမှာ ပျော်တယ်။ သူမဟာ အဲဒီအိမ်မှာ နံနက်ပိုင်းသူမအတွက် ရတဲ့ခဲဖွယ်၊ စားဖွယ်ထဲက တစ်ဝက်ကို လှူတယ်။ တစ်ဝက်ကိုတော့ သူကိုယ်တိုင် စားတယ်၊ မပေးလှူဘဲတော့ မစားပါ။ အလှူခံပုဂ္ဂိုလ်တွေကို မမြင်တွေ့ရပေမယ့် ဖယ်ထားပြီး မြင်တွေ့ရတဲ့အခါမှာ ပေးလှူတယ်။ သူတောင်းစားတွေအားလည်း ပေးတာပါပဲ။ အဲဒီအခါ သူမရဲ့ မိခင်က "ငါ့သမီးဟာ လှူလိုတဲ့ ဆန္ဒရှိတယ်။ လှူဒါန်းဝေဖန်ပေးကမ်းရတာမှာ ပျော်တယ်" လို့ ဝမ်းသာကျေနပ်ကာ သမီးအား နှစ်ဆပေးတယ်။ ပေးတဲ့အခါမှာလည်း သမီးက တစ်ဖို့ကို ပေးလှူပြီးရင် တစ်ဖန် နောက်ထပ်ပေးတယ်။ သမီးက အဲဒီနောက်ထပ်ပေးတာထဲကလည်း ပေးလှူပြန်တာပါပဲ။

အဲဒီလို အချိန်ကြာလာတဲ့အခါ အရွယ်ရောက်လာတဲ့ သမီးကို မိဘတွေက အဲဒီမြို့မှာပဲ အမျိုးတစ်မျိုးက အမျိုးသားလေးအား ပေး

http://www.dhammadownload.com



လိုက်ကြတယ်။ အဲဒီအမျိုးကတော့ ဘာသာခြားအယူရှိတယ်။ ရတနာသုံးပါးအပေါ် သဒ္ဓါမရှိ မကြည်ညိုပါ။ အရှင်မဟာမောဂ္ဂလ္လာန်က ရာဇဂြိုဟ်မြို့မှာ အိမ်စဉ်ဆွမ်းခံလှည့်လည်တဲ့အခါ အဲဒီကလေးမရဲ့ယောက္ခမအိမ်တံခါးမှာ ရပ်တည်တယ်။ မထေရ်ကိုမြင်ပြီး အဲဒီကလေးမက ကြည်ညိုတယ်။ "အရှင်ဘုရား၊ အိမ်ထဲ ဝင်ပါ" လို့ လျှောက်ပြီး အဝင်ခိုင်းကာ ရှိခိုးတယ်။ ယောက္ခမမိန်းမကြီးကို မမြင်ရလို့ ယောက္ခမမိန်းမကြီး ထားတဲ့မုန့်ကို "ယောက္ခမမိန်းမကြီးအား ပြောပြပြီး ဝမ်းသာစေမယ်" လို့ ကြံကာ အကျွမ်းဝင်တဲ့ (ရင်းနှီးတဲ့) အနေနဲ့ယူပြီး မထေရ်အား လှူလိုက်တယ်။ မထေရ်က အနုမောဒနာပြုပြီး ဖဲသွားတယ်။ ကလေးမက "သင်ထားတဲ့မုန့်ကို မဟာမောဂ္ဂလ္လာန်မထေရ်အား လှူလိုက်ပါတယ်" လို့ ယောက္ခမ မိန်းမကြီးအား ပြောပြတယ်။

ယောက္ခမမိန်းမကြီးက အဲဒီစကားကို ကြားရပြီး "ဒီယုတ်မာမှုက ဘယ်လိုဟာလဲ၊ ဒီကလေးမက ငါ့ဥစ္စာကို မပန်ပြောဘဲသာ ရဟန်းအား လှူတယ်" လို့ တဖျစ်တောက်တောက်နဲ့ ဒေါသထွက်ကာ သင့်၊ မသင့် မစဉ်းစားတော့ဘဲ ရှေ့မှာထားတဲ့ ကျည်ပွေ့အပိုင်းအစကို ယူပြီး ပခုံးအစွန်းကို ရိုက်ပုတ်လိုက်တယ်။ ကလေးမဟာ သိမ်မွေ့လို့ရော၊ အသက်ကုန်တော့မှာမို့ပါ အဲဒီရိုက်ချက်နဲ့ပဲ ဒုက္ခအကြီးအကျယ် ခံစားရကာ ရက်အနည်းငယ်နဲ့ပဲ သေသွားတယ်။ တာဝတိံသာနတ်ပြည် ရောက်သွားတယ်။ **(ဝိမာန၊ ၄၊ ၁၀၉)**

အယူအဆ မတူမျှတဲ့ အသိုင်းအဝိုင်းထဲ ရောက်သွားရင် အဲဒီလိုပဲ ဒုက္ခအကြီးအကျယ် ကြုံနေကြရကြောင်းကို အခုအခါမှာလည်း ကြားသိနေရပါတယ်။ ဝမ်းနည်းဖွယ် ကောင်းလှပါတယ်။ ဘာသာတူချင်း လက်ထပ်ရင် အဲဒီလို ဒုက္ခတွေမှ ကင်းဝေးရတာကို ဗုဒ္ဓသာသနာဝင် အမျိုးသမီးတွေ သတိကြီးစွာ ထားရှိသင့်ကြပါတယ်။

http://www.dhammadownload.com



ဘုရားရှင်က ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းမှာ သီတင်းသုံးနေပါတယ်။ အဲဒီအခါ ရဟန်းတစ်ပါးက ခရီးရှည်သွားရင်း ရွာတစ်ရွာကို ဆွမ်းခံဝင်တယ်။ လူတစ်ယောက်ရဲ့ အိမ်တံခါးမှာ ရပ်ပါတယ်။ အဲဒီအိမ်မှာ ယောကျ်ားတစ်ယောက်က လက်၊ ခြေတွေကို ရေဆေးကြောပြီး "ထမင်းစားမယ်" လို့ ကြံကာ ထိုင်နေတယ်။ စားဖွယ် သယ်ဆောင်ပြီး ခွက်ထဲထည့်လိုက်တဲ့အခါ အဲဒီရဟန်းကို မြင်သွားတယ်။ ခွက်ထဲက ထမင်းကို အဲဒီရဟန်းရဲ့ သပိတ်ထဲ လောင်းထည့်လိုက်တယ်။ အဲဒီရဟန်းက "တစ်စိတ်တစ်ဒေသကိုသာ လှူပါ" လို့ ပြောပေမယ့် ဒကာက အကုန်လုံးပဲ လောင်းထည့်လိုက်တယ်။ အဲဒီရဟန်းက အနုမောဒနာပြုပြီး ဖဲသွားတယ်။ အဲဒီယောကျ်ားမှာ "ဆာလောင်နေတဲ့ ရဟန်းအား ငါက မစားဘဲ ဆွမ်းလှူလိုက်ရပေတယ်" လို့ အဖန်ဖန် အောက်မေ့ရင်း နှစ်သိမ့်အားရ ဝမ်းသာမှု အကြီးအကျယ် ဖြစ်လာတယ်။ သူဟာ နောင်အခါ သေပြီး တာဝတိံသာနတ်ပြည်က ၁၂ ယူဇနာရှိတဲ့ ရွှေဗိမာန်မှာ ဖြစ်ရပါတယ်။

**(ဝိမာန၊ ဌ၊ ၂၇၂)**

ကိုယ့်အတွက် ခြိုးခြံပင်ပန်းခံပြီး ရဟန်းချမ်းသာရေးကို ငဲ့ရှုကာ လှူလိုက်ရတဲ့ ဆွမ်းဒကာမှာ တွေးလေ တွေးလေ အတိုင်းမသိ ဝမ်းသာရလေ၊ ကြည်နူးရလေ၊ ကျေနပ်အားရ ရလေ ဖြစ်သွားပါတယ်။ လောကလူအများစုဟာ မပေးရက်လို သဝန်တိုနေတတ်ကြပါတယ်။ ဝတ်မှု၊ စားမှု၊ အကြွားမှုတွေမှာ အားပြုငဲ့စောင်းနေကြပါတယ်။ ဝတ်ဖို့၊ စားဖို့၊ ကြွားဖို့ပဲ စိတ်အားသန်နေကြပါတယ်။ သိန်းပေါင်း၊ သန်းပေါင်းများစွာ အကုန်အကျခံပြီး လှူတဲ့ ပကာသနဒါနတွေထက် ငွေကုန်ကြေးကျနည်းလှတဲ့ ဒီလို ဆွမ်းလေးတစ်ထပ်က ပိုမိုမြင့်မြတ်လှပါတယ်။ ကုသိုလ်အရေခြုံ၊ ငွေတွေကုန်၊ ပျော်ရုံသက်သက်ပင်လို့ ဆိုရတဲ့ အလှူဒါနတွေထက် ကုသိုလ်လွန်ကဲ၊ ငွေကုန်နဲ(နည်း)ပြီး ဉာဏ်လည်းယှဉ်တဲ့ဒါနတွေက အဆပေါင်းများစွာ အကျိုးပေးသန်လှပါတယ်။ ကြိုးစားပမ်းစား

http://www.dhammadownload.com



ရှာဖွေလို့ ရရှိထားတဲ့ ကိုယ့်ပစ္စည်းကို အကျိုးကြီးမားစွာ ရတဲ့နည်းနဲ့ အသုံးချတတ်ဖို့ အင်မတန်မှ လိုအပ်လှပါတယ်။ ငွေတွေ အကြီးအကျယ် ကုန်ကျ ပြီး အကျိုးရနည်းပါးလှတဲ့ မြန်မာနိုင်ငံက ပကာသနဒါနတွေကို နိုင်ငံအကျိုးအတွက်ရော၊ ဗုဒ္ဓသာသနာအကျိုးအတွက်ရော၊ လူမျိုး အကျိုးအတွက်ပါ ပြုပြင်သင့်လှပါပြီ။

**သာမဏေကျော်**

**တော်သလင်းလဆန်း ၁၀ ရက်၊ ၁၃၆၇ ခုနှစ်။**